# နိမိတ်ဖတ်ဗေဒင်



ဆရာဒဂုန်

# စကားပြောနေသော ဖဲချပ်ကလေး

ကပ်ပြားကလေး (၅၂) ချပ်တွင် ဂဏန်းရေး ထားသော ဖဲချပ်ကလေးများ ကို ကြည့်မည် ဆိုလျှင် တန်ဖိုးမရှိသော်လည်း ဖဲဗေဒင်တွင် အထူးတန်ဖိုးရှိလေသည်။ ငွေကြေးလုံးဝမပါဘဲ အပျင်းပြေကစားလျှင် အထူးပျော်စရာကောင်းသော ဖဲမှာ ဗေဒင်ကြည့်သော အနေနှင့် ကြည့်လျှင် တစ်မျိုး ဖြစ်ပါသည်။ ဤနည်းက ကျွန်တော် လေ့လာမိသလောက်ဆိုလျှင် စိတ်အာရုံအပေါ်မူတည်ပါသည်။ အထူးသဖြင့် အပျော်တမ်းသမားများ နှင့် အထူးလိုက်ဖက်သော နည်းလည်း ဖြစ်ပါသည်။

ဤနည်းစနစ်များ မှာ နက္ခက်နှင့် မဆိုင်ပါ။ ပညာ၏ အထာ (ဝါ) လျှို့ဝှက်ချက်များ အပေါ်တွင် မူတည်ပါသည်။ ပညာ၏ အထာကို သိလျှင် အလွန်လွယ်ကူပါသည်။ စိတ်အာရုံခံစားမှုပေါ် မူတည်၍ အဟောများ ပြောင်းသွား သည်ကိုလည်း မြင်ဘူးပါသည်။ ဟောသော သူသည် မည် မျှတော် နေသော်လည်း စိတ်အင်အား (Will Power) မရှိလျှင်လည်း ထင်သလောက် မှန်လိမ့်မည် မဟုတ်ပေ။

စကားပြောနေသော ဖဲချပ်ကလေးများ နှင့် ဟောလိုသော ပုဂ္ဂိုလ်တိုင်းသည် အောက်ပါစည်းကမ်းချက်များ ကို လိုက်နာရမည် ဖြစ်သလို အောက်ပါနည်းစနစ် ဟောနည်းအတိုင်း ဟောရပါမည်။ ဟောကိန်းများ မည် သည့်နည်းဖြင့် ထုတ်ထားသည်ကို ကျွန်တော် အကျယ်မရေး ချင်ပါ။ သို့သော်လည်း လူ့အထာ၊ လူ့သဘာဝကို လေ့လာ၍ ရေး သည်။ ဂဏန်းများ ၏ အင်အားကိုမှီး၍ (ဂဏန်းဗေဒင်နည်းမျိုး ) လည်း ဟောပါသည်။ အဟောနည်းများ ကို မိမိတို့ နောင်သမ္ဘာရင့်ဟောလျှင် တီထွင်ရပါသည်။ သဘောတရားနားလည်အောင် ဖတ်ပါ။

ဖဲတစ်ထုပ်ကို ဂျိုကာနှစ် ကောင်နှင့် ပါဆိုလျှင် (၅၄) ချပ်ရှိပါသည်။ ဂျိုကာလွတ် (၅၂) ဖြစ်သည်။ ဖဲတွင် အပွင့် (၄) မျိုး ရှိပါသည်။ ယင်းတို့မှာ ညှင်း၊ ထောင့်၊ ဘိန့်၊ ဖူး တို့ ဖြစ်ပါသည်။ တစ်မျိုး လျှင် (၁) မှ (၁၀) အထိ ပါသည်။ ဘုရင်၊ ဘုရင်မ၊ အိမ်ရှေ့ မင်းသား

သုံးကောင်နှင့် ပေါင်းလျှင် တစ်မျိုး လျှင် ဖဲ (၁၃) ချပ်စီ ပါပါသည်။ လေးမျိုး ပေါင်းလျှင် (၅၂) ချပ် ဖြစ်ပါသည်။

မိတ်ဆွေသည် တစ်စုံ တစ်ယောက် သော သူကို ဖဲဖြင့် ဗေဒင်ဟောလိုလျှင် လည်းကောင်း၊ ဖဲဗေဒင်မေးလာလျှင် လည်းကောင်း၊ မိတ်ဆွေတွင် အမြဲဆောင်ထားသည့် ဖဲထုပ်ကိုယူလိုက်ပါ။ မိမိမှာ အမြဲတမ်းကိုင်သော ဖဲဖြင့် သာ ဟောကြားပါ။ တွေ့ရာဖဲဖြင့် မဟောပါနှင့်။ ထို့ပြင် ကစားပြီးသော ဖဲဖြင့် လည်း မဟောပါနှင့်။ မိမိတွင် ရှိသော ဖဲသည် စုတ်သွားလျှင် သွားပါစေ လက်ရှိဖဲကို သုံးပါ။ သို့မဟုတ်ပါက အသစ်ဖဲဝယ်၍ ဟောပါ။ မိမိဖဲကို လေးလေးစားစား သိမ်းထားပါ။ နောက် မိမိမှာ တစ်သက်လုံး ဖဲဖြင့် လောင်းမကစားရ။

မိမိအမြဲတမ်းကိုင်နေကျဖဲကို (၉) ကြိမ်တိုင်တိုင် ကုလားဖန်ထိုးပါ။ သေသေချာချာရေတွက်ပြီး ကုလားဖန်ထိုးပါ။ ကုလားဖန်ထိုးပြီးလျှင် ဖဲကိုနောက်ကျအတိုင်း ယပ်တောင်ဖြန့်ဖြန့်ပါ။ ဖြန့်ပြီး အောက်ချပါ။ ဗေဒင်မေးလိုသော ပုဂ္ဂိုလ်က သူ့ဖာသာသူ စိတ်ကြိုက်ဖဲတစ်ချပ်ယူပါစေ။ ဖဲကို မကြည့်ဘဲ ယူရပါမည်။ မကြည့်ဘဲယူလိုက်သော ဖဲကို မိမိက တောင်းယူ၍ ကြည့်လိုက်ပါ။ ဆိုကြပါစို့ ယူလိုက်သော ဖဲမှာ ဖူး(၅) ဖြစ်နေလျှင် အတွင်း၌ ပါသည့် ဖူး (၅)၏ ဟောကိန်းအတိုင်း ဟောရပါမည်။

ဗေဒင်တွင် မည် သည့်ဗေဒင်ကို ဟောဟော အရေး ကြီးလိုအပ်ချက်မှာ ကိုယ်ကျင့်တရား ဖြစ်ပါသည်။ ကျင့်စဉ်ပေါ် မူတည်ပါသည်။ သစ္စာပေါ် မူတည်ပါသည်။ ဗေဒင်ပညာရပ်မှာ သိပ္ပံနည်းကျသော် လည်း တရားထိုင်ခြင်း၊ ပုတီးစိပ်ခြင်း၊ စသဖြင့် စိတ်အင်အားကြီးမားလာအောင် မပြုလုပ်လျှင် မှန်သင့်သလောက် မမှန်ပေ။ ထို့ကြောင့် ဗေဒင်ဟောမည် ဟု ဆုံးဖြတ်လျှင် တစ်နေ့ပုတီး (၁၀) ပတ်စီ မှန်မှန်စိပ်သင့်ပါသည်။ ဥပုသ်မှန်မှန် စောင့်သင့်ပါသည်။ ယင်းသို့ပြုလုပ်နေလျှင် မိမိတို့၌ ထူးထူးခြားခြား စိတ်အင်အားတစ်ခု လွှမ်းမိုးလာ၍ မိမိဟောသမျှပြောသမျှ မှန်နေသည်ကို တွေ့ရပါမည်။

လူတစ်ဦး တစ်ယောက် ၏ ကုသိုလ်ကံကြမ္မာသည် မည် သူကမှ ပြုပြင်နိုင်ခြင်း၊ ပြောင်းလွှဲနိုင်ခြင်း မပြုလုပ်နိုင်ပါ။ ကံဆိုးနေခြင်းကို လည်း ကံကောင်းအောင် မပြုလုပ်နိုင်ပါ

။ ကံကောင်းနေခြင်းကိုလည်း ကံဆိုးအောင် မပြုလုပ်နိုင်ပါ။ ကုသိုလ်ကံသည် မိမိမွေးကတည်းက ပါလာသော အထုံတစ်ခု ဖြစ်ပါသည်။ တစ်ခုရှိပါသည်။ ကံဆိုးနေလျှင် ကံကောင်းအောင်မလုပ်နိုင်သော်လည်း လူကောင်းအောင် ကာယကံရှင်က ပြု လုပ်နိုင်ပါသည်။ ဘုရားဟောအတိုင်း စေတနာသည် မူလမထမ ၊ ကံကြမ္မာသည် ဒုတိယ ဖြစ်ပါသည်။ စိတ်ရင်းစေတနာနှင့် ပြုလုပ်နေသော သူသည် ကံဆိုးလျှင်လည်း များများ စားစား မခံရဘဲနည်းနည်း ပါးပါးနှင့် ကျွန်းကျော်သွားပါမည်။ ကံကောင်းလျှင်လည်း အထူးတစ်ရှိန်ထိုး တိုးတက် သွားပါမည်။ ထို့ကြောင့် စေတနာသည် ကံတရားကို လွှမ်းမိုးထားပါသည်။ လူတို့၏ လုပ်ကိုင်ခြင်းသည် ကံတရားဟု ပြောခြင်းမှာ မှန်ပါပေသည်။

ယခုဤ စာအုပ်ကိုဖတ်ပြီး အကောင်းများ ကိုဖတ်ကာ ကျေနပ်တင်းတိမ်မနေကြပါနှင့် ၊ အဆိုးများ ကို ဖတ်ပြီးလည်း ကြောင့် လန့်တုန်လှု ပ်ချောက်ချား မနေကြပါနှင့် လောက၌ ကောင်းလျှင်ကောင်း မည် ၊ မကောင်းလျှင်ဆိုးမည် ၊ ဤ နှစ် ချက်သာရှိပါသည်။ ဘဝတွင်း အတွင် းကျကျ သိရှိနားလည်ပြီး မကောင်းလျှင်ကောင်းအောင် ၊ ကောင်းလျှင် ပိုကောင်းအောင် ပြုပြင်ဖန်တီးကာ လူ သက်တမ်းအတွင် းလူထဲကလူ ဖြစ်ရန် ကြိုး စားကြပါဟု ပြောလိုပါသည်။

•••

## ပထမပိုင်း

### ညှင်းဖဲအဟောများ အနာဂတ်ကို ကြိုတင်သိမြင်ခြင်းသည် အမှာ းအယွင်းများ ကိုကြိုတင်ပြင်ဆင်နိုင်ခြင်း ဖြစ်သည်။

### ညှင်းဖဲ (၁)

အကယ်၍ သင်နှိုက်ယူလိုက်သော ဖဲမှာ ညှင်းဖဲ (၁) ဖြစ်နေလျှင် သင့်ဘဝတစ်ခုလုံး အခြေအနေအရပ်ရပ်တို့ သည် အောက်ပါအတိုင်း ဖြစ်ပါလိမ့်မည် ။

ဤညှင်း ဖဲ (၁) ရသော သူတို့ သည် စိတ်ရင်းစေတနာ ကောင်းမွန်ပြီး သူများ ကို ကူညီလိုစိတ်ရှိသည် ။ လူတစ်ဖတ်သားအပေါ် အထူးအနစ်နာ အနွံတာခံလိုစိတ်ရှိတတ်သည် ။ မိမိကြောင့် စိတ်အနှောက်အယှက် မ ဖြစ်စေလိုသော သူများ လည်း ဖြစ်၏ ။ မိမိမှာ စိတ်ရင်း စေတနာကောင်းသလောက် မိမိတွေ့ နေရသော သူများ မှာ မိမိ၏ ဆန့် ကျင်ဘက်များ သာ ဖြစ်နေပါမည် ။ မိမိက ပြောစရာရှိလျှင်ပွင့်လင်းစွာ ပြောမည် ။ မိမိနှင့် ဆက်ဆံနေရသော သူများ မှာ ပါးစပ်က ချိုချိုနှင့် စိတ်ရင်းပုပ်သော သူများ ဖြစ်မည် ။ မိမိရှေ့တွင် တစ်မျိုး ကွယ်ရာတွင် တစ်ဖုံ ဆက်ဆံကြမည် ။ မိမိရှေ့တွင် မိမိကိုချီးကျူး ပြီးမိမိကွယ်ရာတွင် မိမိအား ကြောက်တွန်းတတ်မည် ။ မိမိမကောင်းပြောကြမည် ။ မိမိကရိုးသား တည်ကြည်၍ အရာရာကို စဉ်းစားဆင်ခြင်ပြီး ပြုလုပ်တတ်သည် ။

သို့ သော် မိမိကတစ်ခုခုကို စိတ်ပျက်မိလျှင် မိမိလုပ်သမျှတလွဲတချော် ဖြစ်တတ်မည် ။ မိမိအဖို့ အရေး ကြီးဆုံးမှာ စိတ်ဓာတ်တက်ကြွနေရန် ဖြစ်သည် ။ မိမိအောင် မြင်မှုသည် မိမိစိတ်ဓာတ်အပေါ်မူတည်ပါသည် ။ မိမိက ပျော်ပျော်ပါးပါးလုပ်ရလျှင် မြွေနဂါးပင် ရင်ဆိုင်ဝံ့သော် လည်း စိတ်မပါဘဲလုပ်ရလျှင် တီကောင်ကိုပင် ကြောက်တက်မည် ။ မိမိမှာ စနစ်တကျစီမံလုပ်ကိုင်တတ်သော ကြောင့် မိမိလုပ်သမျှတို့ သည် မိမိထင်သလောက် မအောင်မြင်တတ်သော် လည်း ပင်ပန်းမှု၏ အကျိုး ကို ခံစားရပါမည် ။

မိမိမှာ လူရိုးစိတ်တို ဖြစ်သည် ။ ပြောစရာစကားများ ကို စိတ်ထဲဝှက်သိမထားတတ်၍ မကြာခဏလူများ စု၏ အမြင်ကပ်ခြင်း ခံရမည် ။ မိမိပြောစရာကို ပွင့်လင်းစွာ ပြောတတ်မည် ။ မိမိအား သဘောကျလျှင် လက်မလွှတ်တတ်ပါ ။ မိမိနှင့် ဆက်ဆံဖူးသူတိုင်း သဘောကျတတ်သော် လည်း မိမိနှင့် ပထမဆက်ဆံဖူးသူများ က မိမိကို အမြင်ကပ်ကြပါမည် ။ မိမိကို ကြီးကျယ်သည် ၊ လူပါးဝသည် ၊ အလိုက်မသိဟူ၍ ပြောကြပါမည် ။ အမှန်မှာ မိမိက အလွန်ရိုးသားပါသည် ။

မိမိမှာ ပေါင်းသင်းဆက်ဆံရေး အလွန်ကောင်းပါသည် ။ မိမိက ခင်မင်လျှင်

အရိုးယူသူ အသားယူသူ ခင်မင်တတ်သည်။ မိမိကမုန်းမိလျှင် ရန်သူ၏ နှလုံးသွေးနှင့် ခြေဆေးရမှ ကျေနပ်တတ်သူ ဖြစ်သည်။ မိမိ၏ အပေါင်းအသင်းများ အပေါ်မိမိက အနစ်နာခံသလောက် မိမိအပေါ်မကောင်းတတ်ကြပါ။ သို့သော် မိမိကလည်း တစ်ယောက် တည်းဆိုလျှင် အလွန်ပျင်းရိ၍ မနေတတ်သော ကြောင့် အမြဲတမ်း အပေါင်းအသင်းရှာတတ်သဖြင့် မိမိဘဝ၌ မကြာခဏမိတ်ဆွေအပေါင်းအသင်းကြောင့် ဒုက္ခရောက်တတ်ပါမည်။ နောင်တ ရနေတတ်ပါမည်။

မိမိမှာ ငွေနှင့် နီးသော်လည်း မိမိမှာ ရသင့်ရထိုက်သော တန်ဖိုးကို မရတတ်ပါ။ မိမိပင်ပန်းပြီး သူများ က ခံစားသွားမည်။ မိမိက သိလျက်သားနှင့် ဂရုမစိုက်တတ်ပါ။ မိမိ က ကြိုး စားပြီး ၊ ပင်ပန်းခံပြီး သူများ က နာမည် ယူသွားတတ်ပါသည်။ မိမိက အလုပ်တစ်ခုကို မိမိအလုပ်ကို စေတနာနှင့် လုပ်တတ်ပါသည်။ အပင်ပန်းခံ၍ လုပ်တတ်ပါသည်။ သူများ အလုပ် ဖြစ်လင့်ကစား ကိုယ်ပိုင်ထက်ပို၍ အနစ်နာခံ၍ လုပ်တတ်ပါမည်။ ကိုယ်ပိုင်အလုပ်ကို လုပ်တတ်ပါမည်။

မိမိတွင် အထူးပျော့ညံ့ချက်တစ်ခုရှိပါသည်။ ထိုပျော့ညံ့ချက်ကြောင့် မိမိဘဝတစ်ခုလုံး အောင်မြင်သင့်သလောက် မအောင်မြင် ဖြစ်ခဲ့ရတတ်ပါသည်။ ယင်းမှာ အားနာခြင်းနှင့် လိုက်လျောခြင်းများ ဖြစ်ပါသည်။ ဤနှစ် ချက်ကိုသာ မိမိကပြတ်သားစွာ ရင်ဆိုင်နိုင်မည် ဆိုလျှင် မိမိဘဝ၌ အထူးအောင်မြင်ပါမည်။

မိမိမှာ ငွေနှင့် နီးသော်လည်း မကြာခဏ ဘိုင်ကျနေပါမည်။ မိမိမှာ တစ်သက်လုံး ပက်ပက်စက်စက် ဒုက္ခမရောက်တတ်ပါ။ မိမိမှာ စိတ်ညစ်လာလျှင် စိတ်ဓာတ်ကျလာလျှင် မိမိကို ကူညီမည့် သူ ၊ မ , စမည့် သူ အမြဲတမ်းတွေ့ ရပါမည်။ အပြင်က မိမိကို အထူးအထင်ကြီးသော်လည်း လက်ထဲ၌ မကြာခဏ ဘိုင်ကျနေမည်၊ ကြွေးတင်နေပါမည်။ မိမိကငွေကို တ,လျှင်လည်း အမြဲရပါမည်။ မိမိမှာ လခစားလုပ်လျှင် ပို၍ အောင်မြင်ပါမည်။ အကျိုး ရှိပါမည်။ သို့သော် မိမိအထက်အရာရှိများ အုပ်ချုပ်ရေး မှူး များ ကို ဖော်လံမဖားတတ်၍ လည်း နေရာကောင်းများ ၌ မိမိအား အမြဲတမ်းမေ့နေတတ်ပါမည်။ မိမိမှာ သွားသွားလာလာ လုပ်ပေးပါ။

အကယ်၍ မိမိက ကိုယ်ပိုင်အလုပ်လုပ်လျှင်လည်း တစ်သက်လုံး စပ်တူရှယ်ယာ မလုပ်ရ။ မိမိကစပ်တူရှယ်ယာလုပ်လျှင် အောင်မြင်ပြီးမှ သူများ က ယူ သွားပါမည်။ မိမိမှာ ထိုင်နေရသော အလုပ်နှင့် မကောင်းပါ။ သွားသွားလာလာ လှုပ်လှုပ်ရှားရှားအလုပ်မျိုး နှင့် ကောင်းပါသည်။ အထူးချမ်းသာရပါမည်။ ကြီးပွားရပါမည်။ စည်းစိမ်ဥစ္စာနှင့် နေရပါမည်။ အိုဇာတာကောင်းသော ကြောင့် ငယ်ဇာတာပင်ပန်းသော်လည်း ပူစရာမရှိပါ။ မိမိကံကြမ္မာမှာ အကောင်းကြီး မဟုတ်သလို အဆိုးကြီးလည်းမဟုတ်ပါ။

မိမိမှာ ကံဆိုးခြင်းနှင့် ကံကောင်းခြင်းတို့ ကြားတွင် ရပ်တည်နေပါသည်။ မိမိမှာ ကံကောင်းလိုက် ကံဆိုးလိုက် ဖြစ်မည်။ အရမ်းတိုးတက်ပြီးမှ ပြန်အခြေမှန်သို့ ကျဆင်းသွားတတ်မည်။ ငွေများ အဟောတိကရရှိပြီးမှ အလကား ရေလိုကုန်သွားမည်။ မိမိမှာ မည် သည့်ကိစ္စကိုမဆို သေသေချာချာစဉ်းစား၍၊ ဆင်ခြင်၍၊ တိုင်းတာ၍ လုပ်ကိုင်ပါ ။ တစ်ခါတစ်ရံ မိမိဆုံးဖြတ်ချက်များ တက်တက်စင် လွဲနေတတ်သည်။

မိမိမှာ ရည်ရွယ်ချက်ကောင်းပါသည်။ စေတနာပါသည်။ လူတစ်ဖက်သား၏ စွတ်စွဲပြောဆိုချက်များ ကို မကောင်းပြောချက်များ ကို မိမိက လုံးဝဂရုမစိုက်တတ်ပါ။ မိမိစိတ်က ကိုယ်ကောင်းလျှင် ခေါင်းရွှေ့ ဟူသော စိတ်ရှိပါသည်။ မိမိက အမြဲတမ်း တက်တက်ကြွကြွ နေတတ်ပါမည်။ ထိုင်နေရလျှင် အလွန်ပျင်းရိတတ်မည်။ ငြီးငွေ့ တတ်ပါမည်။ မိမိမှာ စိတ်ထက်မြက်သည်။ ရိုးသားသည်။ မိမိကလည်း သူများ ကို မတရားမလုပ်၊ မိမိကို မတရားလုပ်လျှင်လည်း မခံတတ်ပါ။

မိမိကို လူချစ်လူခင် ပေါများ ပါသည်။ မိမိကို ယုံကြည်သူများ ပြားမည်။ မိမိမှာ တိုင်းပြည်အကျိုး၊ ရပ်ရွာအကျိုး များ ကို ဆောင်ရွက်ရမည်။ များ သော အားဖြင့် အများ ဝန်ထမ်းဇာတာ ဖြစ်ပါသည်။ မိမိမှာ ရပ်ရေး ရွာရေး တွင် ခေါင်းဆောင် ဖြစ်နိုင်ပါသည်။ အကြီးအကဲ ဖြစ်နိုင်ပါသည်။

မိမိမှာ အချစ်ရေး နှင့် အိမ်ထောင်ရေး တို့ နှင့် ပတ်သက်လျှင်မှူတသော စိတ်ရှိသည်။ မိမိ၏ ချစ်သူအပေါ်တွင် လည်းကောင်း၊ အိမ်ထောင်ဖက်ပေါ်တွင် လည်းကောင်း အသည်းနစ်အောင် ချစ်တတ်ပါမည်။ အထူးကြင်နာမည်၊ လိုက်လျောမည်၊

သနားမည်၊ ကရုဏာထားမည်။ မိမိ၏ အိမ်ထောင်ဘက်များ နှာသို့း လျှင် မနေနိုင်၊ မထိုင်နိုင် ဖြစ်မည်။ မိမိ၏ စိတ်တွင် ချစ်သူနှင့် အတူနေရလျှင် လောကအတိ အလှပကတိ ဖြစ်သည်ဟု ယူဆသူ ဖြစ်သည်။ မိမိတို့ မှာ အထူးတည့်တတ်သော် လည်း မကြာခဏ တကျက်ကျက် ဖြစ်မည်။ ဖြစ်ရခြင်းမှာ လည်း ရန်အကြီးအကျယ်မဟုတ်ပါ။ တစ်ယောက် ကို တစ်ယောက် အနိုင်ယူရင်း စကားများ ကြရခြင်း ဖြစ်သည်။ စကားများ ပြီး စိတ်ကောင်လျှင် မိမိကအမြဲတမ်းအောက်ကျခံ၍ ချော့တတ်ပါမည်။ အရှုံး ပေးတတ်ပါမည်။ မိမိအိမ်ထောင်ရေး ကံကောင်းသလို မိန်းမနှင့် လည်း နီးပါသည်။ မကြာခဏ မိန်းမများ တွေ နေရပါမည်။ သို့သော် မိမိက စိတ်မဝင်စားတတ်ပါ။ မိမိကို စိတ်ဝင်စားတတ်မည်။ မကြာခဏ မိမိနောက်လိုက်ခြင်း ခံနေရတတ်သည်။

မိမိမှာ ကြီးကြီးကျယ်ကျယ် ရောဂါ များ မရှိပါ။ မိမိသည် အလွန် ကျန်းမာရေး ကောင်းပါသည်။ မိမိက အလုပ်မလုပ်ဘဲ ထိုင်နေရလျှင် ကျန်းမာရေး ချို့တဲ့မည်။ မိမိက အလုပ်လုပ်လေ၊ စိတ်ထက်ထက်မြက်မြက် ဖြစ်နေလေ ကျန်းမာရေး ကောင်းနေမည် ဖြစ်သည်။ မိမိ၌ မကြာခဏ လေနာ၊ ရင်နာ၊ ဗိုက်နာ၊ အစာမကြေ ရောဂါ ဖြစ်တတ်ပါသည် ။ မိမိအား သွေးနှင့် ပတ်သက်၍ ဒုက္ခပေးတတ်မည်။ လိပ်ခေါင်း၊ ဂရင်ဂျီနာ၊ သွေးစုနာ စသည်ဖြင့် သွေးမသန့်၍ ဖြစ်သော ရောဂါ များ ဖြစ်တတ်ပါသည်။

မိမိမှာ ပညာရေး နှင့် ပတ်သက်၍ ကောင်းပါသည်။ ဖြတ်ထိုးဉာဏ်ကောင်းသည်။ နည်းနည်း ပြလျှင် များများ တတ်သော ဉာဏ်ရှိပါသည်။ မိမိမှာ စာကိုဖတ်၍ နားမလည်တတ်ပါ။ စာကိုကျက်ရပါမည်။မိမိမှာ စာမေးပွဲဖြေခါနီး မှကျက်ပြီး စာများ ကို မေ့တတ်ပါမည်။ မကြာခဏလည်း စာဖြေသော အခါ ရှုန်းတတ်မည်။ ထို့ကြောင့် စာမေးပွဲဖြေပြီးမှ ဒါမဖြေမိလေခြင်းနှင့် ဖြစ်နေပါမည်။ စာမေးပွဲနှစ် တိုင်း အောင်နိုင်ပါသည် ။ အသက် (၂၀) ကျော်မှာ အနည်းငယ် ပညာရေး ညံ့တတ်ပါသည်။ စာမေးပွဲကျတတ်ပါမည်။

မိမိဘဝတွင် အသက်(၁)နှစ်၊ (၃) နှစ်၊ (၁၀) နှစ်၊ (၁၆) နှစ်၊ (၂၁) နှစ်၊ (၂၅) နှစ် ၊ (၃၁)နှစ်၊ (၃၆)နှစ်၊ (၄၀) နှစ်၊( ၄၈) နှစ် များ တွင် မိမိဘဝ၌ ထူးထူးခြားခြား အပြောင်းအလဲ ဖြစ်တတ်ပါသည်။ အောင်မြင်ခြင်း၊ ရှုံး နိမ့်ခြင်းကို ခံရပါမည်။

မိမိနှင့် သင့်တော် သော ရတနာများ မှာ ပုလဲနှင့် ကျောက်ဖြူဖြစ်ပါသည် ။ မိမိ မှာ အမြဲတမ်း ဆောင်ထားပါ ။ ကျန်းမာရေး ချို့တဲ့လျှင် ပတ္တမြားကို ဆောင်ထားပါ ။ ရွှေကိုမဆောင်ရ ။ ရွှေဆောင်လျှင် ကျန်းမာရေး ချို့တဲ့ပါမည် ။

မိမိအတွက် အကောင်းဆုံးအရောင် မှာ တောက်ပြောင်ဝင်းပ သော အရောင် ဖြစ်ပါသည် ။ အနီရောင် ရဲရဲကြီးကို မဝတ်ဆင်ရ ။

မိမိမှာ ကျန်းမာရေး မကောင်းလျှင် ၊ စီးပွားရေး ကျဆင်းနေလျှင် ၊ အကြံအစည်များ ပြုလုပ်လျှင် ဘုရား၏ တနင်္ဂနွေထောင့်မှပန်းအဖြူသက်စေ့ ၊ ရေသက်စေ့ ၊ ဖရောင် းတိုင်သက်စေ့ လှူဒါန်းပါ ။

မိမိ၏ မကောင်းမှုများ ပြေ၍ ကောင်းကျိုး မင်္ဂလာ ဖြစ်ထွန်းပါလိမ့်မည် ။

•••

## ညှင်းဖဲ (၂)

အကယ်၍ သင်နှုတ်ယူလိုက်သော ဖဲမှာ ညှင်းဖဲ (၂) ဖြစ်နေလျှင်သင့်ဘဝတစ်ခုလုံး အခြေအနေအရပ်ရပ်တို့ သည် အောက်ပါအတိုင်း ဖြစ်ပါလိမ့်မည် ။

ဤညှင်းဖဲ (၂) ရသော သူတို့ သည် အေးအေးဆေးဆေး နေတတ်မည် ။ ရိုးရိုးသားသား နေတတ်မည် ။ တည်တည်ကြည်ကြည်နေတတ်မည် ။ မိမိက လူတိုင်း လူတိုင်းကို ခင်မင်တတ်သော် လည်း မျက်နှာနာမှသော် လည်းကောင်း ၊ နှုတ်မှသော လည်းကောင်း ကောင်းအောင်မပြောတတ်ပါ ။ ထို့ ကြောင့် မိမိအားလူများ က ဘဝင်မြင့်သည် ၊ မာနကြီးသည် ၊ စိတ်ကြီးသည် ၊ ကြီးကျယ်သည်ဟု ထင်မြင်ပြောဆိုကြပါမည် ။ အမှန်မှာ မိမိကလုံးဝမာနမကြီးပါ ။ မိမိက သူများ နှင့် ရောရောနှောနှောနေ၍ မရပါ။ ဟေးလားဝါးလား

လုပ်၍ မရပါ။ ကလေးကလား မလုပ်တတ်ပါ။ မိမိက ဟိုအိမ်သွား သည့်အိမ်သွား ဝါသနာမပါတတ်ပါ။ မိမိဖာသာ အိမ်၏ ချောင်ထဲနေရလျှင်လည်း ပျော်နေတတ်ပါသည်။

မိမိမှာ စိတ်ရင်းကောင်းမွန်၍ ထက်မြက်သည်။ အရာရာကို ခွင့်လွှတ်တတ်သော စိတ်ရှိသည်။ သည်းခံသော စိတ်ရှိသည်။ မိမိက သဘောကောင်းလျှင် အလွန်ကောင်းပြီး၊ စိတ်ဆိုးမိလျှင် မိုးမမြင်၊ လေမမြင် ဖြစ်သွားတတ်ပါသည်။ အလုပ်တစ်ခုကို ပိပိရိရိ သေသေချာချာ လုပ်တတ်သော ကြောင့် လူကြီးများ ၏ အထင်အမြင်ကြီးခြင်းခံရမည်။ သဘောကျခြင်းခံရမည်။ ယုံကြည်အားကိုးခြင်း ခံရတတ်ပါသည်။ သူများ မလုပ်နိုင်သော အလုပ်များ၊ သူများ လက်လွှတ်ထားရသော အလုပ်များ ကို မိမိအား ခိုင်းတတ်မည်။ မိမိကလည်း ယင်းကဲ့သို့ ခက်ခက်ခဲခဲအလုပ်များ ကို လုပ်ရမှသဘောကျကျေနပ်တတ်မည်။ ထူးခြားအောင်မြင်အောင် စွမ်းဆောင်နိုင်မည်။

မိမိ၏ စေတနာနှင့် အကျင့်စာရိတ္တမှာ နံပါတ်တစ် အတန်းအစားဟူ၍ မဆိုနိုင်သော်လည်း ပထမတန်းကောင်းပါသည်။ စေတနာထားသော နေရာ၊ ဂရုစိုက်သော နေရာ၊ လိုက်လျောသော နေရာ၊ ကူညီစောင့်ရှောက်သော နေရာများ တွင် မိမိကို သူများ က မမှီပါ။ မိမိက ပီယဝါစာရှိသည်။ စကားပြောလျှင်ချက်ကျကျ ပြောတတ်ပါသည်။ မကွယ်ဝှက်ပဲ လိုရင်းရောက်အောင် ပြောတတ်သည်။ သူများ စွဲသွားအောင် ပြောတတ်သည် ။

မိမိသည် အမြဲတမ်း အမှန်တရားဘက်မှ ရပ်တည်နေတတ်ပါသည်။ ငွေကြေးလာဘ်လာဘ၊ ဂုဏ်သရေများ ကို ဂရုစိုက်တတ်မည်။ သို့သော် လူတစ်ဖက်သားကို မတရားမလုပ်တတ်ပါ။ နစ်နစ်နာနာ မ ဖြစ်စေတတ်ပါ။ မိမိက အမြဲတမ်း အထက်တန်းကိုမှန်းတတ်မည်။ လက်ရှိဘဝကရှန်းကန် တိုးတက်အောင် ကြိုး စားနေမည်။ မိမိ ဖြစ်လိုသော ဘဝ၊ ဖြစ်လိုသော အခြေအနေသို့ ရောက်တတ်မည်။ သို့သော ကြာကြာမခံစားရတတ်ပါ။ ဒုံရင်းသို့ ပြန်ရောက်မည်။

မိမိမှာ လုံးဝမာနမရှိသော်လည်း အလုပ်နှင့် ပတ်သက်၍ မာနကြီးပါသည်။ ပြိုင်ဆိုင်လိုသော စိတ်ရှိသည်။ မိမိနှင့် တန်းတူများ ကို ကျော်လွှားအောင် ကြိုး စားတတ်မည်။

မိမိ၏ ချစ်စရာကောင်းသော အပြုအမူတစ်ခုမှာ မိမိကမှန်သည်ဟု ဆုံးဖြတ်ထားသော ကိစ္စတစ်ခုကို လေ့ခွက်ချည်းကျန် အလံမလှဲ အနိုင်ကျဲတတ်သော သတ္တိ ဖြစ်ပါသည်။ သို့သော တစ်ဇွတ်တိုးစိတ်ကြောင့် လုပ်ပြီးမှ၊ ဖြစ်ပြီးမှ နောင်တရနေပါမည်။ မိမိက အလုပ်အပေါ်အထူးသံယောဇဉ်ကြီးသည်။ ထိုင်နေရလျှင် အထူးပျင်းတတ်မည်။ တစ်ခုခုလုပ်နေရမှ စဉ်းစားနေရမှ ကျေနပ်တတ်မည်။ မိမိက မည် သည့်အလုပ်ကိုမဆို လုပ်လိုသော စိတ်၊ လုပ်ရဲသော စိတ် ရှိပါသည်။

မိမိဘဝတွင် အလုပ်တစ်မျိုး တည်းနှင့် မသွားရပါ။ မိမိဘဝတစ်လျှောက်လုံး၌ အလုပ်လေးမျိုး မှ ခြောက်မျိုး အထိ ပြောင်းလဲလုပ်ရမည်။ လခစားဆိုလျှင် နေရာပြောင်း၊ ဌာနပြောင်းလုပ်ရမည်။ ကိုယ်ပိုင်အလုပ်ဆိုလျှင်လည်း အမျိုး အစားမတူသော အလုပ်များ ကို ပြောင်းလဲလုပ်ရတတ်သည်။ မိမိက မည် သည့်နေရာတွင် မည် သည့် အလုပ် လုပ်လုပ် အမြဲတမ်း အတိုက်အခံများ နှင့် တွေ့ရမည်။ ပြိုင်ဆိုင် သူများ နှင့် တွေ့ရမည်။ နောက်ယှက်သူများ၊နှိမ်သူများ နှင့် တွေ့ရမည်။ သို့သော် မိမိရန်သူမှန်သမျှကို နောက်ဆုံး မိမိကသာ နိုင်ရပါမည်။ တိုက်ပွဲ၏ လမ်းခရီးတစ်ဝက်တွင် မိမိကအရှုံး ပေး၍ ထွက်သွားတတ်မည်။ လုံးဝအရှုံး မပေးရ။ မိမိက အောင်နိုင်ရမည့် ကံမျိုး ဖြစ်ပါသည်။ ရန်သူ၏ လက်ပန်းမောင်ခတ်သံကို နားထောင်မည့် အတူတူ မိမိကိုယ်မိမိ သတ်သေလိုက်ပါ။ မိမိဘဝ၌ နောက်ဆုံးရောင် နီသည် မိမိအတွက် ဖြစ်စေရတတ်ပါသည်။

မိမိမှာ ငယ်ဇာတာတွင် မှန်တန်း ဖြစ်တတ်သော် လည်း အရွယ်လတ်တွင် အနည်းငယ်ပင်ပန်းပါမည်။ ကြိုး စားရပါမည်။ ကသီလင်တ ဖြစ်ရတတ်ပါသည်။ ဒုက္ခရောက်ရတတ်ပါသည်။ ထိုအချိန်ပိုင်းမှာ မိမိအသက် (၃၂) နှစ် မှ (၃၆) နှစ် အတွင်း ဖြစ်ပါသည်။ ယင်းအသက်ပိုင်း ကျော်သွားလျှင် မိမိတွင် ပြန်၍ ကောင်းလာပါမည်။ မိမိဘဝ၌ ထူးထူးခြားခြား အပြောင်းအလဲနှစ် ကြိမ် ဖြစ်ပါမည်။ အကောင်းဆုံးတစ်ကြိမ်နှင့် အဆိုးဆုံးတစ်ကြိမ် ဖြစ်သည်။ ကျန်အချိန်များ မှာ ဒုက္ခနှင့် သုခကို ဂေါယက်ဒွန်တွဲ ခံစားရပါမည်။ အကောင်းအဆိုးနှစ် မျိုး စလုံးကို ခံရပါမည်။

မိမိမှာ သူများ ကို တစ်သက်လုံးငွေမပေးရ၊ ငွေချေးသော လုပ်ငန်းမလုပ်ရ၊

ငွေတိုးလုပ်ငန်းမလုပ်ရ။ မိမိက သူများ ကို ငွေချေးလျှင်၊ ငွေပေးလျှင် မည် သည့်အခါမျှ ပြည့်ပြည့်ဝဝ ပြန်မရတတ်ပါ။ ငွေရေး ကြေးရေး ကို လက်လွှတ်ပေးလျှင်လည်း တစ်ခါတည်း ရေစက်ချပြီးသာ အမှုဝေလိုက်ပါ။ ပြန်ရနိုင်သော ကိန်း မရှိပါ။ မိမိမှာ သူများ က ငွေတောင်းလျှင်လည်း အလွန်လက်လွယ်တတ်ပါသည်။ အားနာတတ်၍ ပေးတတ်မည်။ တစ်ခါနှစ် ခါ တောင်း၍ မှ ပြန်မရလျှင် စိတ်ပျက်ပြီး ဆက်မတောင်းတတ်ပါ။

သူများ ကို မယုံကြည်ရ၊ ယုံကြည်မိလျှင်လည်း မိမိဘဝ၌ နောင်တရနေတတ်ပါမည်။ မိမိမှာ လူယုံသတ်၍ သေရသော ကံမျိုး ဖြစ်ရတတ်ပါသည်။ မိမိအလွန်ချစ်ခင်သော၊ အားကိုးသော၊ ယုံကြည်သော သူက မိမိကို စော်ကားသွားတတ်သည်။ ဖောက်ပြန်သွားတတ်သည်။ မိမိကို ဘက်ကန်သွားတတ်ပါသည်။ မိမိဘဝ အောင်မြင်ရေး သည် မိမိကိုယ်ကိုသာ အားကိုးပါ။ မိမိကလည်း သူများ ကိုအထင်ကြီးပါ။ လုပ်စရာ၊ ကိုင်စရာများ ကို မိမိကိုယ်တိုင်လုပ်ပါ။ မိမိကလည်း သူများ ကို အထင်မကြီးတတ်သော် လည်း အခြေအနေအရ သူများ ကို ခိုင်းတတ်ရမည်။ အထူးသတိထား၍ ခိုင်းပါ၊ စေပါ။ အခြေအနေ ကတော့ သူများ ကြောင့် မိမိဒုက္ခရောက်ရတတ်ပါသည်။ ပြဿ နာဝင်တတ်ပါသည်။ အရှုပ်အရှင်းများ ဖြေရှင်းနေရတတ်ပါသည်။

မိမိမှာ တပည့်လက်သားများ နှင့် သားသမီးများ အတွက် လုံးဝအကျိုး မရှိပါ။ သူတို့ ဖာသာ ကံဇာတာကောင်း၍ အောင်မြင်လာပါမည်။ မိမိက မည် မျှဆင်းရဲတွင် းနစ်နေနေ သားသမီးအားကိုးလိုသော စိတ် တစ်စိုးတစ်စေ့မှ မရှိတတ်ပါ။ သားသမီးများ ကိုလည်း မည် မျှမိုးပျံအောင် ထူးချွန်နေပါစေ မိမိကအမြဲအထင်သေးတတ်မည်။ မိမိမှာ သားသမီးနှင့် တပည့်လက်သားများ အတွက် အမြဲတမ်း စိတ်ပူနေရတတ်သည်။ မိမိက သားသမီးများ ကို အမွေအနှစ် ပေးပြီးမှသေရသော ကံဇာတာ ဖြစ်ပါသည်။ မိမိမှာ အိုဇာတာအထူးကောင်းပါသည်။

မိမိက မည် သည်အလုပ်လုပ် လုပ်လုပ်ကောင်းပါသည်။ အကျိုး ပေးပါမည်။ လက်လွဲရသော အလုပ်နှင့် သူများ အားကိုးရသော အလုပ်မျိုး များ မလုပ်ရ။ မိမိကိုယ်တိုင်

မကျွမ်းကျင်သော အလုပ်များ မလုပ်ရ။ သူများ အားကိုးရသော အလုပ်များ နှင့် မကျွမ်းကျင်သော အလုပ်များ ကိုလုပ်လျှင် အထူးဆုံးရှုံး ပါမည်။ အကျိုး မဲ့တတ်ပါသည်။

မိမိမှာ ပညာရေး ကောင်းပါသည်။ စာမေးပွဲလွယ်လွယ် အောင်မြင်ပါမည်၊ ပညာရေး ထက် အလုပ်ကိုပိုမိုစိတ်ဝင်စားမည်။ မိမိကြိုး စားသလောက် ပညာကိုသင်ကြားရပါမည်။ မိမိဘဝတွင် ပညာလည်းသင်၊ အလုပ်လည်းလုပ်တတ်ပါမည်။ မိမိစိတ်ထင်ရာ လုပ်တတ်ပါမည်။ ပညာကို တန်ဖိုးမထားတတ်ပါ။

မိမိမှာ အိမ်ထောင်ရေး နှင့် အချစ်ရေး တို့၌ (True Love) အချစ်စစ်၊ အချစ်မှန်နှင့် ချစ်တတ်ပါမည်။ နှစ် နှစ် ကာကာ ချစ်တတ်မည်။ ချစ်သူအပေါ် အလိုလည်းမလိုက်တတ်ပါ။ တင်းကြပ် ပိတ်ပင်ခြင်းလည်း မရှိတတ်ပါ။ မိမိမှာ အိမ်ထောင်ပြု ပြီးမှ မှား သည်ဟု ထင်တတ်သည်။ အိမ်ထောင်ပြုစောတတ်ပါသည်။ မိမိက ယူရလျှင် လည်း ကိုယ်ချစ်၍ ယူရတတ်သည်။ သနား၍ ယူရတတ်သည်။

အိမ်ထောင်ဖက်က မိမိအပေါ် ချစ်ခင်လေးစားတတ်သော်လည်း အားမလိုအားမရ ဖြစ်တတ်မည်။ သူမကိုယ်တိုင် အလုပ်လုပ်လို တတ်မည်။ မိမိက ခွင့်မပြု တတ်ပါ။ မကြာခဏ အခြားယောက်ျား များ နှင့် နှိုင်းယှဉ်၍ ပြောဆိုတတ်မည်။ မိမိကလည်း မခံချင် ဖြစ်တတ်မည်။

မိမိမှာ ကျန်းမာရေး နှင့် ပတ်သက်၍ ရောဂါ ဘယကင်းဝေးတတ်မည်။ ရောဂါ ဖြစ်လျှင်လည်း အိပ်ရာထဲလဲရတတ်ပါသည်။ မိမိက ခံစားရလျှင်လည်း ရင်ထဲမှာ ဝှက်ထားတတ်၍ မိမိဝေဒနာကို သူများ က မသိကြတတ်ပါ။ ရောဂါ ကျွမ်းမှာ ဝေဒနာလွန်ကဲမှ သူများ က သိရပါမည်။ မိမိမှာ ခေါင်းနှင့် ပတ်သက်၍ ဥပါဒ်ပေးတတ်ပါသည်။ ခေါင်းကိုက်၊ ခေါင်းမူး၊ ဇက်လေး၊ မျက်စေ့နာ၊ သွားကိုက်၊ နားကိုက်စသဖြင့် ဖြစ်တတ်ပါသည်။ အခြား ရောဂါ များ မရှိတတ်ပါ။

မိမိဘဝတွင် အသက် (၃) နှစ်၊ (၆) နှစ်၊ (၁၅) နှစ်၊ (၁၉) နှစ်၊ (၂၂) နှစ်၊ (၂၃) နှစ်၊ (၃၇)နှစ်၊ (၃၉) နှစ်၊ (၄၁) နှစ်၊ (၄၆) နှစ်၊ (၅၆) နှစ် များ တွင် မိမိဘဝ၌ ထူးထူးခြားခြား

အပြောင်းအလဲ ဖြစ်တတ်ပါသည် ။ အောင်နိုင်ခြင်းနှင့် ရှုံး နိမ့်ခြင်းများ ကို ခံစားရပါမည် ။

မိမိနှင့် သင့်တော် သော ရတနာများ မှာ ငွေ ၊ ကျောက်နီ ၊ ဥသျှ ဖရားများ ဖြစ်ပါသည် ။ အနီရောင် ကျောက်ဟူသမျှ ကောင်းပါသည် ။ မိမိအတွက် လာဘ်ရွှင်မည် ၊ ငွေရမည် ၊ အောင်မြင်မည် ၊ အကြံအစည်များ အထမြောက်ပါမည် ။

မိမိအတွက် အကောင်းဆုံးအရောင် မှာ အဝါရောင် ၊ အနီရောင် နှင့် အရောင် နုများ ဖြစ်ပါသည် ။

မိမိမှာ ကျန်းမာရေး မကောင်းလျှင် ၊ စီးပွားရေး ကျဆင်းလျှင် ၊ အကြံအစည်များ ပြုလုပ်လျှင် ဘုရားတွင် ပန်းမျိုး စုံလှူပါ ။ ငါးသက်စေ့ လှူပါ ။ မိမိမကောင်းမှုများ ပြေ၍ ကောင်းကျိုး မင်္ဂလာ ဖြစ်ထွန်းပါလိမ့်မည် ။

•••

## ညှင်းဖဲ (၃)

အကယ်၍ သင်နှိုက်ယူလိုက်သော ဖဲမှာ ညှင်းဖဲ (၃) ဖြစ်နေလျှင် ၊ သင့်ဘဝတစ်ခုလုံး အခြေအနေအရပ်ရပ်တို့ သည် အောက်ပါအတိုင်း ဖြစ်ပါလိမ့်မည် ။

ဤညှင်းဖဲ ရသော သူတို့ သည် စေတနာကောင်း၍ အတောင်းခံရသော လူစားများ ဖြစ်ပါသည် ။ မိမိက သူများ အရေး ကို ကိုယ့်အရေး လို စေတနာနှင့် ပါဝင်တတ်သော ကြောင့် အများ ၏ အမြင်ကပ်ခြင်းနှင့် အထင်ကြီးခြင်းများ ကို ခံရပါမည် ။ မိမိမှာ သဘောကျသော သူတစ်ဝက်နှင့် သဘောမကျသူတစ်ဝက်ကြားတွင် နေရတတ်ပါသည် ။ မိမိဘဝ တစ်သက်လုံးသည် အများ အကျိုး ဆောင်နေရတတ်မည် ။ အများ အတွက် စေတနာ့ ဝန်ထမ်း လုပ်ပေးနေရတတ်ပါသည် ။ သူများ ကိစ္စများ တွင် ဝင်၍ လုပ်ရလွန်းသော ကြောင့် မိမိမှာ ဘဝတစ်လျှောက်လုံးတွင် ရန်သူနှင့် မိတ်ဆွေများ အကြားတွင်

ချာချာလည်နေရတတ်သည်။

မိမိသည် အရာရာကို စိတ်ဝင်စားတတ်သည်။ အရာရာတွင် စပ်စုတတ်သည်။ နေရာတကာတွင် ဝင်၍ ပြောဆိုလုပ်ကိုင်တတ်သဖြင့် အများ ကသနားပြီး အထင်အမြင်သေးကြပါမည်။ မိမိ၏ ဝါသနာကိုလည်း တစ်သက်လုံးမစွန့်လွှတ်တတ်ပါ။ မိမိမှာ ရပ်ရေး၊ ရွာတာတွင် ဦးဆောင်တတ်မည်။ ခေါင်းဆောင်လုပ်တတ်မည်။ မိမိကို အများ က နွားသဘောနှင့် ခိုင်းနေသော ကြောင့် မိမိကမသိပါ။ မိမိကလည်း ကိုယ်ရေး ကိုယ်တာကိစ္စထက် အများ ကိစ္စကို ဦးစားပေးတတ်မည်။ အိမ်က သားမယားထက် အများ ကိုပိုမို၍ ခင်တွယ်တတ်မည်။ မိမိဘဝမှာ အိမ်ထောင်ပြုပြီး မယားကတဆူဆူ၊ သားက တပူပူနှင့် အချိန်ကုန်နေရပါမည်။

မိမိက အရာရာတွင် ဂုဏ်ယူလိုတတ်မည်။ မိမိလုပ်ခဲ့သမျှ စွမ်းဆောင်ခဲ့သမျှတို ကို မြိန်ရေရှက်ရေ ပြောတတ်မည်။ ဂုဏ်ယူပြီး ပြောတတ်မည်။ မိမိအနည်းငယ် ကြွားဝါပြောဆိုခြင်းကို ဝါသနာပါမည်။ မိမိလုပ်ခဲ့သည်က နည်းနည်း၊ မိမိပြောသည်က များများ ဖြစ်နေမည်။ မိမိမှာ အစွမ်းမရှိမဟုတ် ရှိပါသည်။ သို့သော် မိမိ၏ စွမ်းရည်များ သတ္တိများ လိုအပ်သော နေရာ၌ အသုံးမချတတ်ပါ။

မိမိမှာ အပြောအဆို ယဉ်ကျေးသိမ်မွေ့မည်။ ပီယာဝါစာရှိပါသည်။ ကိုယ့်ကိုယ်ကို မြှောက်ပင့်၍ ပြောဆိုတတ်မည်။ လူတစ်ဖက်သား ယုံကြည်လောက်အောင် ကျလောက်အောင် ပြောဆိုတတ်မည်။ မိမိက စကားပြောပွဲများ၊ ဟောပြောပွဲများ တွင် အထူးအပြောကောင်းမည်။ ဟန်အမူအရာကောင်းမည်။ အထူသဖြင့် အမြတ်မ်း အများ အကျိုး အကြောင်းကို ပြောဆိုတတ်သော လူစား ဖြစ်သည်။ မိမိမှာ အပြောလွန်သော ကြောင့် မိမိ၏ စကားများ သည် သကြီးအမြောက်ဆံလို ဖြစ်စေမည်။ မိမိ၏ အရည်အသွေးများ ကို ပြလိုပါလျှင် နည်းနည်း ပြောပြီး များများ လုပ်ပါ။ ပါးစပ်ထက် လက်များ ကို၊ ဦးနှောက်များ ကို အသုံးချပါ။ မိမိပြလိုသော အစွမ်းသတ္တိများ သည် အလိုလိုပေါ်ပေါက်လာပါမည်။

မိမိမှာ ငွေရေး ကြေးရေး နှင့် ပတ်သက်၍ အကြွေးကြောက်တတ်သော်လည်း

မိမိဘဝတစ်လျှောက်လုံးနှင့် မကင်းတတ်ပါ ။ အကြွေးနှင့် လုံးပတ်လည်နေတတ်မည် ။ မိမိမှာ မကြာခဏ စာရင်းထဲမှာ ငွေရှိနေပြီး ကပ်စေးနဲသလို ၊ စေးကုတ်သလိုရှိသော်လည်း လက်တွေ့တွင် လုံးဝကပ်စေးမနဲတတ်ပါ။ မိမိတစ်ခုကို ယူချင်လျှင် မည် မျှတန်ဖိုးကြီးသော လည်း မရ , ရအောင်ဝယ်တတ်မည် ။ မိမိမှာ စည်းမရှိ ၊ ကမ်းမရှိ လုပ်တတ်၍ မကြာခဏ ဘိုင်ကျ၊ ကြွေးတင်တတ်သော်လည်း မိမိက အမှတ်မရှိတတ်ပါ ။ မိမိမှာ ငွေနှင့် နီးပါသည် ။ အမှန်တကယ်ဒုက္ခရောက်လာလျှင် အလိုလို ကူညီမည့် သူ ၊ မ, စမည့် သူများ နှင့် တွေ့ရပါမည် ။

မိမိမှာ စည်းကမ်းတကျ၊ စဉ်းစားဆင်ခြင် တိုင်းတာလုပ်ကိုင်ရမည် ဆိုလျှင် မိမိဘဝ၌ ထိပ်တန်း ဖြစ်နိုင်ပါသည် ။အလုပ်တစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ပါ ။ တစ်ခုတည်းကိုသာ ဇောက်ချလုပ်ကိုင်ပါ ။ သူများ အိမ်မှ မီးထက် မိမိမီးကို ပို၍ ဂရုစိုက်ပါ ။ မိမိမှ လုပ်စရာကိုင်စရာများ ကို မြန်မြန်ထက်ထက်လုပ်ကိုင်ပါ ။ သူများ နောက်မှ ပြေးခြင်းထက် မိမိက ရှေ့ကပြေးရအောင် ကြိုး စားပါ ။ မိမိမှာ အထူးအောင်မြင်ပါမည် ။ ဖြစ်လိုသော ဘဝ ၊ ရောက်လိုသော ခရီးသို့ ရောက်ရပါမည် ။

မိမိမှာ ကိုယ်ပိုင်အလုပ်နှင့် အကျိုး ပေးပါသည် ။ မိမိက အပြောအဆိုလှပ၍ လူတစ်ဖက်သား၍ အသဲနှလုံးကို ဆွဲကိုင်လှုပ်ကိုင်နိုင်သော အစွမ်းရှိပါသည် ။ မိမိမှာ ပွဲစားအလုပ် ၊ အရောင်းအဝယ်အလုပ်များ ကို ပြုလုပ်ပါ ။ လခစားလုပ်မည် ဆိုလျှင်လည်း အုပ်ချုပ်ရေး ဘက် ၊ စီမံခန့် ခွဲရေး ဘက်တွင် လုပ်ကိုင်ပါ ။ စာရင်းနှင့် ကျောင်းဆရာ အလုပ်မလုပ်ရ ။ လုပ်လျှင်လည်း လုံးဝအကျိုး မရှိတတ်ပါ ။ မိမိဘဝကို မိမိနစ်မွန်းသည်နှင့် အတူတူ ဖြစ်မည် ။

မိမိက မည် သည့်အလုပ်ကိုမဆို မလုပ်ခင်ကတည်းက အလွန်ကြောက်နေတတ်မည် ။ အောင်မြင်ပါ့မလား ၊ ထမြောက်ပါ့မလား ဟူသော ဒွိဟစိတ် ဖြစ်နေတတ်ပြီး ၊ မလုပ်ရဲ ဖြစ်နေမည် ။ အမှန်တကယ်လက်တွေ့လုပ်သော အခါ၌ သူများ အတွက် ခက်ခဲနေသော အလုပ်များ ပင် မိမိအတွက် လွယ်နေပါမည် ။ အဆင်ပြေပါမည် ။ မိမိကြိုး စားမှုသည် မိမိအောင်မြင်မှုပင် ဖြစ်သည် ။ အဆင်ပြေပါမည် ။ မိမိကြိုး စားမှုသည်

မိမိအောင်မြင်မှုပင် ဖြစ်သည်။ မိမိတစ်ခါတစ်ရံထင်ရာလုပ်ပြီး၊ တစ်ခါတစ်ရံ စဉ်းစားဆင်ခြင်ပိုင်းဖြတ်တတ် လုပ်တတ်မည်။ မိမိမှာ အဖက်ဖက်တွင် ကောင်းသော်လည်း စိတ်မတည်ငြိမ်သော ကြောင့် မိမိဘဝ၌ အောင်မြင်သင့်သလောက် မအောင်မြင် ဖြစ်တတ်သည်။

မိမိက တစ်နေ့ ရွှေ၊ တစ်နေ့ ငွေ လူတန်းစား ဖြစ်မည်။ တစ်ခုခုကို လုပ်နေလက်စနှင့် နောက်တစ်ခုကို ပြောင်းလိုက ပြောင်းတတ်မည်။ မိမိမှာ နှစ် ရှည်စွာ လုပ်ကိုင်ရသော စီမံကိန်းဆန်ဆန် အလုပ်များ နှင့် မကောင်းပါ။ ချက်ချင်း လက်တွေ့ အကျိုး အမြတ် ဖြစ်နိုင်သော အလုပ်များ နှင့် ကောင်းပါသည်။ ကြာရှည်လုပ်ရသော အလုပ်မျိုး ဆိုလျှင် ခဏသာစိတ်ပါပြီး နောက်ပိုင်း လျော့ရဲရဲ ဖြစ်သွားမည်။ မိမိက စိတ်မပါ ဖြစ်သွားမည် ။

မိမိက စပ်တူလုပ်နိုင်သော်လည်း မိမိက ဦးဆောင်လုပ်ပါ။ သူများ ကို ယုံကြည်၍ လွှဲမထားပါနှင့်။ မိမိမှာ တစ်သက်လုံးလောင်းကစားနှင့် အကျိုး မပေးပါ။ မိမိမှာ ဆယ်ချီကစားလျှင် ရှစ်ချီလောက်မှာ ရှုံး နေတတ်မည်။ မိမိမှာ ကံတရားထက် ဉာဏ်ဝီရိယကို အားကိုးရပါမည်။ မိမိမှာ ကံကောင်းသူမဟုတ်သော်လည်း ဉာဏ်နှင့် ဝီရိယ ပထမတန်းကောင်းတတ်ပါသည်။ သို့ကြောင့် မိမိမှာ အခြေအနေဆိုးသို့ မရောက်နိုင်ပါ။ ပြဿ နာရပ်များ မှာ အလိုလို ပြေလည် သွားပါမည်။ မိမိမှာ စိတ်ချမ်းသာရမည်။

မိမိမှာ ဆွေမျိုး ညာတိ အကျိုး မရှိပါ။ မိမိကသာ ကောင်းနေရမည်။ မိမိအပေါ် ပြန်မကောင်းတတ်ပါ။ မိမိတွင် တကယ့်အရေး အကြောင်းများ ၌ ဆွေမျိုး ညာတိ ညီအစ်ကိုမောင်နှမထက် အခြားလူစိမ်းများ က ကောင်းနေတတ်မည်။ မိမိတွင် ပြဿ နာ ဖြစ်လျှင် ဆွေမျိုး ညာတိများ က ရှောင်တတ်ပြီး စားစရာရှိလျှင် ဦးဦးဖျားဖျား ထိပ်မှ စားတတ်သူများ ဖြစ်ပါမည်။

မိမိမှာ အိမ်ထောင်ရေး နှင့် ပတ်သက်၍ ကောင်းပါသည်။ အိမ်ထောင်ကောင်းနှင့် ရတတ်ပါသည်။ မိမိအပေါ် ကြင်နာသော၊ လိုက်လျောသော၊ ချစ်ခင်သော၊ သနားသော အိမ်ထောင်နှင့် ရပါမည်။မိမိကလည်း မိန်းမကို

အထူးအလိုလိုက်မည်။ မိန်းမမျက်နှာညှိုး လျှင် မနေနိုင်၊ မထိုင်နိုင် ဖြစ်မည်။ အပြင်က မိမိကို မိန်းမက နိုင်သည်။ ဩဇာပေးသည်ဟူ၍ ပြောဆိုကြပါမည်။ ထင်မြင်ကြပါမည်။ လက်တွေ့မှာ မိမိကသာ မိန်းမကို နိုင်နေရပါမည်။ မိမိစကားကိုသာ မိန်းမက နားထောင်နေပါမည်။ မိမိမိန်းမ၏ အမှန်တရားများ ကို ပြောတတ်မည်။ မိမိအပေါ် စေတနာနှင့် ပြောတတ်သည်ကို မိမိက သိသော ကြောင့် မိန်းမစကား နားထောင်သင့်သော နေရာများ ၌ နားထောင်တတ်ပါမည်။

မိမိမှာ မကြာခဏ ခရီးထွက်ရပါမည်။ မိမိဘဝ၏ လေးပုံတစ်ပုံမှာ ခရီးဖြင့် အချိန်ကုန်တတ်ပါသည်။ မိမိကလည်း တစ်နေရာထိုင်နေမည့် အစား ဟိုသွားချင်၊ သည်သွားချင်၊ ဖြစ်နေတတ်ပါမည်။မိမိမှာ သားကြီး၊ သမီးကြီးအတွက် စိတ်စက်မကောင်း ဖြစ်ရတတ်ပါသည်။ မိမိမှာ သားကြီး၊ သမီးကြီး အကျိုး မရှိတတ်ပါ။

မိမိမှာ ကျန်းမာရေး နှင့် ပတ်သက်၍ ငယ်စဉ်မှာ ချူချာတတ်ပါသည်။ ကွယ်လွန်သော အခါ၌ နာတာရှည်မခံရတတ်ပါ။ မိမိမှာ ဝမ်းဗိုက်က အထူးဥပါဒ်ပေးပါသည်။ အခြား ရောဂါ ကြီးများ မရှိပါ။ လေနာ၊ ရင်နာ၊ အစာမကြေ ဖြစ်မည်။ အစာအိမ်ကို ဒုက္ခပေးတတ်ပါမည်။ ကံဆိုးသော အချိန်နှင့် ဆုံလျှင် ဗိုက်ခွဲရခြင်း ဖြစ်တတ်ပါသည်။ မိမိမှာ ကျန်းမာရေး ကောင်းပါသည်။

မိမိဘဝတွင် အသက် (၁၀) နှစ်၊ (၂၁) နှစ်၊ (၃၀) နှစ်၊ (၄၀) နှစ်၊ (၅၀) နှစ်၊(၆၀) နှစ်၊ (၇၀) နှစ် များ တွင် မိမိဘဝ၌ ထူးထူးခြားခြား အပြောင်းအလဲများ ဖြစ်တတ်ပါသည်။ အောင်နိုင်ခြင်းနှင့် ဆုံးရှုံး ခြင်းများ ခံစားရတတ်ပါသည်။

မိမိနှင့် သင့်တော် သော ရတနာများ မှာ ရွှေ ဖြစ်ပါသည်။ ရွှေကို အမြဲတမ်းဆောင်ထားပါ။ လက်စွပ်များ ဝတ်သော အခါ ကျောက်မပါစေဘဲ ရွှေသက်သက်ဝတ်ပါ။ ကျန်းမာရေး မကောင်းလျှင် ဘုရားတွင် ရွှေချလှုပါ။

မိမိအတွက် အကောင်းဆုံးအရောင် မှာ မီးခိုးရောင် နှင့် မှိုင်းနေသော အရောင်များ ဖြစ်ပါသည်။ မိမိမှာ လုပ်ငန်းကိုင်တာ အဆင်မပြေလျှင် ဆွတ်ဆွတ်ဖြူသော အရောင် ကို

ဝတ်၍ ကြံစည်ပါ။ အထူးအောင်နိုင်ပါသည်။

မိမိမှာ ကျန်းမာရေး မကောင်းလျှင်၊ စီးပွားရေး အဆင်မပြေလျှင် အကြံအစည်များ ပြုလုပ်လိုလျှင် ဘုရား၏ စနေထောင့်မှာ ထီး၊ တံခွန်၊ ကုက္ကားများ တစ်မျိုးလျှင် (၃) ခုစီ လှုပေးလိုက် ပါ။ မိမိမှာ မကောင်းပြေ၍ ကောင်းကျိုး မင်္ဂလာ ဖြစ်ထွန်းပါလိမ့်မည်။

...

## ညှင်းဖဲ (၄)

အကယ်၍ သင်နှိုက်ယူလိုက်သော ဖဲမှာ ညှင်းဖဲ (၄) ဖြစ်နေလျှင်၊ သင့်ဘဝတစ်ခုလုံး အခြေအနေအရပ်ရပ်တို့သည် အောက်ပါအတိုင်း ဖြစ်ပါလိမ့်မည်။

ဤညှင်းဖဲ (၄) ရသော သူတို့သည် စိတ်ထက်မြက်သည်။ တိကျမှန်ကန်သည်။ ရဲရင့်ပြတ်သားသည်။ စိတ်ကြီးသည်။ လုပ်ကိုင်ရဲသည်။ သူများ က မတရားလုပ်လျှင် လုံးဝမခံတတ်ပေ။ မိမိကလည်း သူများ ကို နိုင်ထက်စီးနင်းမလုပ်တတ်ပါ။ မိမိမှာ လူများ စု၏ သဘောကျခြင်းခံရမည်။ အထင်ကြီးခြင်းခံရမည်။ အားကိုးယုံကြည်ခြင်းခံရတတ်သည်။ မိမိက ခပ်တည်တည်နေတတ်မည်။ ဟိုရောရော ဒီရောရော မလုပ်တတ်ပါ။ မိမိနှင့် မဆိုင်သော ကိစ္စများ ကို မျက်နှာလွှဲနေတတ်မည်။ မိမိသဘောကျလျှင် မည်မျှအောက်ကျခံရသော်လည်း အရေး မကြီးတတ်ပါ။ မိမိသဘောမတူလျှင် မျက်နှာကြည့်ရန်နေနေသာသာ အရိပ်ကိုပင် မမြင်လိုသူ ဖြစ်မည်။

မိမိမှာ စိတ်ကြီးပြီး လက်စားချေစိတ်ရှိသည်။ မိမိကို အပ်နှင့် လာလုပ်လျှင် မိမိကပြန်၍ ပုဆိန်နှင့် ပြန်လုပ်ရမှ ကျေနပ်တတ်မည်။ ထို့ကြောင့် မိမိ၌ ရန်သူနည်းပါးတတ်ပါမည်။ မိမိမှာ လူချစ်လူခင် ပေါများ တတ်မည်။ မိမိက ပေးစရာရှိလျှင်

ပေးပြီး ကျွေးစရာရှိလျှင် ကျွေးကာ ဖာသိဖာသာနေတတ်မည်။ အရေး ကြီးလာလျှင် မိမိက အမြဲတမ်း ရှေ့တန်းမှ ရောက်နေတတ်ပါမည်။မိမိမှာ အများ စု၏ အားကိုးရာ ဖြစ်တတ်သလို အများ ၏ အထင်ကြီးခံရပြီး အနည်းစု၏ အမြင်ကပ်ခံရတတ်ပါသည်။

မိမိမှာ ရန်သူနည်းတတ်သော်လည်း လက်သီးပုန်းပြနေသူများ နှင့် တွေ့ရမည်။ မိမိကလည်း ပွင့်ပွင့်လင်းလင်းမှာ ကြိုက်မည်။ ပြတ်သားမှ သဘောကျမည်။ သူများ လို မထိခလုပ်လုပ်လျှင်မခံချင်တတ်ပါ။ သူများ က မသိမသာ စော်ကားတတ်မည်။ အများ မျက်စေ့၌ သူများ လုပ်ခြင်းကိုမမြင်ဘဲ မိမိလုပ်သည်ကိုသာ မြင်တတ်ကြမည်။ အမှန်မှာ မိမိကမလုပ်လျှင်လည်းနေရာ လုပ်လျှင်လက်လွန်သွားတတ်သည်။

မိမိမှာ အလုပ်တစ်ခုကို သွေးအေးအေးနှင့် လုပ်တတ်မည်။ သေသေချာချာစီမံကိန်းများ ချပြီး လုပ်တတ်မည်။ သူများ လို အခု ချက်ချင်း လုပ် အခုဖျက်ဟူသော လူစားမဟုတ်ပါ။ သို့ကြောင့် မိမိလုပ်သော အလုပ်များ မှာ များ သော အားဖြင့် အောင်မြင်ပြီး မိမိ၏ ပင်ပန်းရကျိုး နပ်ပါသည်။ မိမိက အလုပ်တစ်ခုကို လုပ်တော့မည် ဟု ဆုံးဖြတ်သည်နှင့် တစ်ပြိုင်နက် ပို၍ ပို၍ သေချာအောင်၊ တိကျအောင်၊ မှန်ကန်အောင် စဉ်းစားဆင်ခြင်တိုင်းတာ လုပ်တတ်မည်။

မိမိမှာ အတိုက်အခံပေါင်းများ စွာ ရှိသည်။ ရန်သူပေါင်းများ စွာ ရှိသည်။ သို သော် ရန်သူများ က မိမိကို ပြောင်မစော်ကားရဲပါ။ ကွယ်ရာမှ စော်ကားနေတတ်မည်။ မိမိအား မကောင်းပြောကြမည်။ မကောင်းကြံကြမည်။ မိမိအား ဂျောက်တွန်းကြမည်။ မိမိအား စွပ်စွဲ ပြောဆိုတတ်မည်။ သွားပုပ်လေလွင့် ပြောခြင်း ခံရမည်။ မိမိမှာ လည်း သာမန်ဆိုလျှင် အောင်မြင်ဖို့မလွယ်ကူတတ်ပါ။ အတိုက်အခံများ နှင့် တွေ့ရလေ မိမိအရည်အသွေးများ ပေါ်ထွက်လာလေ ဖြစ်တတ်မည်။ မိမိမှာ တိုက်ရလေ နာမည် ကျော်လာလေ၊ သတင်းကြီးလာလေ ဖြစ်မည်။ သို့သော် အနီးကပ်ရန်သူကို သတိထားပါ။ မိမိမှာ အဝေးရန်သူက မတတ်နိုင်သော်လည်း အနီးကပ်ရန်သူက လုပ်သွားတတ်မည်။ အထူးသတိထားရန် လိုအပ်ပါသည်။

မိမိမှာ စိတ်သဘောကောင်းသည်။ စေတနာကောင်းသည်။ တစ်ခုခုကို

ပြတ်ပြတ်သားသား ဆုံးဖြတ်တတ်မည် ။ ရဲစွမ်းသတ္တိနှင့် ပြည့်စုံပါသည် ။ မိမိမှာ အလုပ်အကိုင်တွင် နာမည် ကြီးမည် ။ သတင်းကြီးမည် ။လူများ စု အထင်အမြင်ကြီးခြင်း ခံရပါမည် ။ မိမိမှာ လခစားလုပ်လျှင် ငါးနှစ် တစ်ကြိမ် ၊ ခြောက်နှစ် တစ်ကြိမ် ရာထူးတိုးတက်သွားမည် ။ မိမိမှာ အချင်းချင်းများ နှင့် လက်အောက်ငယ်သားများ ထက် အထက်အရာရှိများ ၊ လူကြီးများ နှင့် ပို၍ တည့်ပါမည် ။ မိမိကို အချင်းချင်းက မနာလိုနေတတ်မည် ။ လူကြီးများ က မိမိကို အထင်ကြီးမည် ။ အမြင်ကြီးမည် ။ သဘောကျမည် ။ ယုံကြည်လေးစားတတ်မည် ။ သူများ မလုပ်နိုင်သော အလုပ်များ ကို မိမိအား ခိုင်းတတ်မည် ။ မိမိကလည်း ရအောင်လုပ်နိုင်စွမ်းရှိပါသည် ။

မိမိမှာ မည် သည့်အလုပ်ကို လုပ်လုပ် ကောင်းပါသည် ။ အဆင်ပြေပါသည် ။ ကိုယ်ပိုင်အလုပ်လုပ်မည် ဆိုလျှင် ဆေး ဖြစ်စေ ၊ ဆေးလိပ် ဖြစ်စေ ၊ အလှကုန် ဖြစ်စေ ထုတ်လုပ်ပါ ။ မိမိမှာ တည်ထွင်ထုတ်လုပ်မှုဖြင့် နာမည် ရတတ်ပါမည် ။ လခစားလုပ်မည် ဆိုလျှင်လည်း တိုးတက်မြန်သော ရေတပ် ၊ မီးရထား ၊ ဘဏ္ဍာရေး စသဖြင့် နေရာများ တွင် လုပ်ကိုင်ပါ ။ မိမိအတွက် အထူးအကျိုး ရှိပါမည် ။

မိမိသည် လူတစ်ဖက်သား မည် မျှပင် မိုးပျံအောင် တော် နေပါစေ လုံးဝအထင်မကြီးတတ်ပါ ။ သူများ ကိုလည်း မယုံတတ်ပါ ။ မိမိမှာ လုပ်စရာများ ကို မိမိကိုယ်တိုင်လုပ်ရမှ ကျေနပ်တတ်မည် ။ သူများ နှင့် ဆက်သွယ်လုပ်ရလျှင်လည်း မိမိအားမရတတ်ပါ ။ သဘောလည်း မကျတတ်ပါ ။

မိမိက အားလုံးသော ဒုက္ခကို ဒိုင်ခံ၍ ခံနိုင်ရည်ရှိသော် လည်း စိတ်ညစ်ခံ၍ မရပါ ။ မိမိက နည်းနည်း ပါးပါး စိတ်ညစ်မိလျှင် မိမိ၏ ကျန်းမာရေး ရော ၊ မိမိ၏ စီးပွားရေး ပါ ကျဆင်းတတ်မည် ။ မိမိက တက်တက်ကြွကြွနေရလေ မိမိဘဝ၌ အောင်မြင်လေ ဖြစ်တတ်ပါသည် ။ မိမိမှာ ကံကိုလည်း ယုံကြည်တတ်သည် ။ မိမိမှာ ရသလောက်နှင့် တင်တိမ်ရောင့်ရဲတတ်မည် ။ ဖြစ်သလိုနေတတ်ပြီး လောကကြီးကို ရသလိုပြေလည်စွာ ဆက်ဆံတတ်ပါမည် ။ မိမိမှာ လောဘမရှိပါ ။ စိတ်ထဲက လောဘရှိသော် လည်း လက်တွေ့၌ ရောင့်ရဲတင်းတိမ်နိုင်စွမ်းရှိသည် ။ ရသမျှကုသိုလ်ကံဟူ၍ နေတတ်မည် ။

မိမိလက်ရှိ အခြေအနေနှင့် မိမိရည်ရွယ်ချက်မှာ မတန်သလို ဖြစ်နေတတ်မည် ။ မိမိမှာ ပြင်းထန်သော ရည်ရွယ်ချင်ကြီးကို ထားတတ်သည် ။ ကြီးကြီးကျယ်ကျယ်ကြံတတ်မည် ။ မိမိမှာ အကြံကြီးလွန်း၍ တစ်ခါတစ်ရံ မိမိလုပ်သော အလုပ်များ သည် ဘေးချော်သွားတတ်ပါသည် ။ မိမိက အလုပ်တစ်ခုကို သေလျှင်မြေကြီး ၊ ရှင်လျှင်ထီးဟူသော စိတ်ဖြင့် လုပ်တတ်မည် ။ သို့ကြောင့် အောင်မြင်လျှင် လည်း သူများ အံ့အားသင့်ယူရမည် ။ မအောင်မြင်လျှင်လည်း သူများ အံ့သြနေရပါမည် ။

မိမိမှာ ပညာရေး သာမဟုတ် ၊ မည် သည့်ပညာကိုမဆို စိတ်ဝင်စားသည် ။ မိမိကိုတတ်အောင် ကြိုး စားတတ်မည် ။ မိမိကတစ်ခုခုကို လိုချင်လျှင် မရရအောင် ယူတတ်သော ဇွဲရှိသည် ။ မိမိမှာ ပညာကို မိမိလိုသလောက် သင်ကြားနိုင်မည် ။ အကယ်၍ အခြေအနေက မပေးလျှင်လင်း မိမိက အလုပ်လုပ်ရင်းနှင့် သင်ကြားတတ်ပါသည် ။ မိမိမှာ စာကိုကျက်ခြင်းထက် နားလည်သဘောပေါက်အောင် ဖတ်တတ်မည် ။ မိမိမှာ သဘောတရား၌ အထူးကျွမ်းကျင်တတ်မည် ။ မိမိက အလွန်ဉာဏ်ကောင်းပါသည် ။ မိမိကို တစ်ခုခု ပြောထားလျှင် တစ်သက်လုံးမမေ့တတ်ပါ ။ မိမိမှာ စာမေးပွဲများ ၌ လွယ်လွယ်အောင်ပါမည် ။

မိမိမှာ အချစ်ရေး နှင့် အိမ်ထောင်ရေး တွင် မိမိအားနိုင်သော မိန်းမကို ရတတ်မည် ။ မိမိ၏ သဘောကျမနေတတ်သော မိန်းမကိုရတတ်မည် ။ မိမိက ရှေ့ဆိုလျှင် မိမိမိန်းမက အနောက်ဟုဆိုလိမ့်မည် ။ မိမိနှင့် အမြဲတမ်း ဆန့်ကျင်ဘက်လုပ်တတ်သဖြင့် မိမိမှာ အိမ်ထောင်ရေး ကောင်းသည်ဟု မဆိုနိုင်ပါ ။ မိမိက မိန်းမအပေါ်အထင်သေးသည် ။ အမြင်သေးသည် ။ ရိုးသည် ၊ အသည် ၊ နသည် ဟူ၍ ထင်တတ်မည် ။ မိမိကိုလည်း မိမိမိန်းမက အခြားယောက်ျားများ နှင့် နှိုင်းယှဉ်၍ ပြောဆိုတတ်မည် ။ မိမိက မည် မျှတော် နေသော် လည်း မိမိအား မိန်းမက အားမလိုအားမရ ဖြစ်မည် ။ မိမိမိန်းမှာ သဘောကောင်းပါသည် ။ သို့သော် အလွန်ပါးစပ်ဆိုးပါသည် ။ မိမိအထာကို နားမလည်တတ်ပါ ။ မိမိက မိန်းမအတွက် စိတ်ညစ်နေရတတ်မည် ။

မိမိမှာ ကျန်းမာရေး နှင့် ပတ်သတ်၍ အကောင်းကြီးမဟုတ်သော် လည်း

အဆိုးကြီးလည်း မဟုတ်ပါ။ မိမိမှာ ကျန်းမာရေး သင့်တင့်စွာ ကောင်းပါသည်။ မိမိဘဝ၌ သုံးကြိမ်သာ ကြီးကြီးကျယ်ကျယ်ခံစားရပါမည်။ မိမိ၌ အခြား ရောဂါ ကြီးများ မရှိပါ။ သွေးလေမညီညွတ်သော ရောဂါ ဖြစ်ပါသည်။ မကြာခဏ လေနာ၊ ဗိုက်နာ၊ အစာမကြေ၊ ခေါင်းကိုက်၊ အပူများ ထွက်၊ ခြေတစ်ဖက်၊ လက်တစ်ဖက်နာများ ဖြစ်တတ်ပါသည်။ မိမိမှာ ကျန်းမာရေး ကောင်းလိုပါက တစ်နေ့ လျှင် တစနာရီစီ တရားထိုင်ပါ။ ပြင်းပြင်းထန်ထန်မဟုတ်ပါ။ ကမ္မဋ္ဌာန်းဘာဝနာမူပါ။ ပုတီးစိပ်ပါ။ မိမိမှာ သုံးလအတွင် း ကျန်းမာရေး ကောင်းလာပါမည်။

မိမိနှင့် သင့်တော် သော ရတနာများ မှာ ကျောက်စိမ်း၊ အပြာရောင် ကျောက်၊ မိုးပြာရောင် ကျောက်၊ ပုလဲ၊ စိန်များ နှင့် ကောင်းပါသည်။ မိမိအတွက် အထူးလာဘ်ရွှင်ပါမည်။ မိမိမှာ စီးပွားရေး ကျဆင်းနေလျှင် ကျောက်စိမ်းကိုဆောင်၍ လုပ်ကိုင်ပါ။ မိမိမှာ ကျန်းမာရေး ကျဆင်းနေလျှင် အပြာရောင် ကျောက်ကို ဆောင်ထားပါ။ မိမိမှာ ကျန်းမာရေး ကောင်းမွန်လာပါမည်။

မိမိနှင့် သင့်တော် သော အရောင် မှာ ကြက်သွေးရောင်၊ အနီရောင်၊ ပန်းရောင် များ ဖြစ်ပါသည်။ အဝါဖောက်အနီကိုလည်း သုံးနိုင်ပါသည်။ အစိမ်းရောင် လုံးဝမသုံးရ။ မိမိအိမ်ရှေ့မှာ အုန်းပင်စိုက်ထားပါ။ အထူးလာဘ်ရွှင်၍ ငွေရပါမည်။ အထူးမင်္ဂလာရှိပါမည်။

မိမိမှာ ကံဇာတာညံ့လျှင်၊ စီးပွားရေး အဆင်မပြေလျှင်၊ ကျန်းမာရေး မကောင်း ဖြစ်နေလျှင်၊ အကြံအစည်များ လုပ်လိုလျှင် ဘုရား၏ စနေထောင့်မှာ ပန်းအနီ (၁၀) ပွင့်၊ ဖရောင် းတိုင် အနီ (၁၀) တိုင်၊ ရေ (၁၀) ခွက်လှူပါ။ မိမိညအိပ်သော အခါ အိပ်ရာခေါင်းရင်းမှာ ညအုန်းသီးတစ်လုံးထား၍ အိပ်ပါ။ မနက်မိုးလင်း လျှင် အိမ်၏ အရှေ့ဘက်တွင် ပစ်ပါ။ မိမိတွင် မကောင်းများ ပြေ၍ ကောင်းကျိုး မင်္ဂလာ ဖြစ်ထွန်းပါလိမ့်မည်။

•••

# ဉာဏ်ဖွဲ (၅)

အကယ်၍ သင်နိုက်ယူလိုက်သော ဖဲမှာ ဉာဏ်ဖွဲ (၅) ဖြစ်နေလျှင်၊ သင့်ဘဝတစ်ခုလုံး အခြေအနေအရပ်ရပ်တို့ သည် အောက်ပါ အတိုင်း ဖြစ်ပါလိမ့်မည်။

ဤဉာဏ်ဖွဲ (၅) ရသော သူတို့ သည် အားမနာတတ်ဘဲ ပွင့်လင်းလွန်းတတ်သူများ ဖြစ်ပါသည်။ မိမိမှာ ရိုးသားတည်ကြည်၍ အသက်ငယ်ငယ်ကြီးကြီး လူကြီးစိတ်ရှိပါသည်။ အလုပ်တစ်ခုကို ပိရိပိုင်နိုင်မှ လုပ်တတ်မည်။ သေသေချာချာလုပ်တတ်သော ကြောင့် မိမိမှာ အောင်မြင်တတ်ပါသည်။ မိမိက တစ်ခုခုကို လိုချင်တပ်မက်လာလျှင် မ ဖြစ်မနေ အရိုးကျေကျေ အရေခန်းခန်းယူတတ်သည့် ဇွဲရှိပါသည်။ မိမိသတ္တိနှင့် ဇွဲကြောင့် မိမိမှာ မကြာခဏ အောင်ပန်းဆွတ်တတ်ပါမည်။ တစ်ခါတစ်ရံ မိမိ၏ တစ်ဇွတ်ထိုးစိတ်ကြောင့် မိမိ၌ အမှားအယွင်းများ လုပ်မိနေတတ်မည်။

မိမိမှာ တည်ကြည်ပါသည်။ ရိုးသားပါသည်။ အေးဆေးပါသည်။ မိမိပုံပန်း သဏ္ဍာန်မှာ အမြဲတမ်းရှေ့တွင် ပြေးနေတတ်အောင် လည်း အတွင်းစိတ်မှာ အေးဆေးစွာ စဉ်းစားတတ်မည်။ ဆင်ခြင်တတ်မည်။ မိမိမှာ တိုးတက်သော အမြင်နှင့် ခေတ်မီသော အမြင်များ ရှိပါသည်။ မိမိစိတ်မှာ အမြဲတမ်းသူများ နှင့် မတူစေဘဲ ထူးထူးခြားခြား တည်ထွင်လိုတတ်မည်။ မိမိက ဒုတိယဖိုးစိတ် မ ဖြစ်ချင်ပါ။ မူလပထမ ဖိုးစိန်သာ ဖြစ်ချင်တတ်သည်။

မိမိက စိတ်နှလုံးကောင်း စေတနာနှင့်ပြည့်စုံသည်။ သူများ ကို လိုက်လျောတတ်မည်။ အားနာတတ်မည်။ ခင်မင်တတ်မည်။ ချီးကျူး စရာရှိလျှင် အားရပါးရဂုဏ်ပြုတတ်ပြီး၊ ကဲ့ရဲ့စရာရှိလျှင် အားမနာတမ်း ခွေးပြော၊ ဝက်ပြော ပြောတတ်မည်။ ထို့ ကြောင့် မိမိကို လူများ က ချစ်ကြောက်ရိုသေ၍ လေးစားတတ်ပါမည်။ မိမိလုပ်ရည်ကိုင်ရည်ကို သိကြပါသည်။ မိမိစွမ်းရည်ကို သိကြပါသည်။

မိမိက အမြဲတမ်း အလုပ်အကိုင်များ ကို အကြံအစည်များ ကို လျှို့ဝှက်လုပ်ကိုင်တတ်မည်။ သူများ မသိအောင် လုပ်ကိုင်တတ်မည်။ မိမိမအောင်မြင်ခင် သူများ မသိအောင် လျှို့ထားတတ်မည်။ မိမိလိုရာရောက်မှ မိမိ ဖြစ်လိုသော အခြေအနေရောက်မှ လူသိရှင်ကြားဖွင့်ဟပြောတတ်မည်။ မိမိမှာ လုပ်၍ မအောင်မြင် ဖြစ်ခဲ့သော ကိစ္စပေါင်းများစွာ ရှိသော်လည်း မိမိ၏ အရာရာလျှို့ဝှက်မှုကြောင့် မိမိသိက္ခာမကျဘဲ ကိစ္စပြီးစီးတတ်မည်။ မိမိက လုပ်တော့မည် ဟော့ဆို လျှင် ဒိတ်ဒိတ်ကျဲမှ ကိုင်တတ်မည်။ သူများ လို မစို့မပို မလုပ်တတ်ပါ။

မိမိမှာ ကောင်းတော့မည် ဆိုလျှင် ဘုရားတကာက အရှုံး ပေးရမည့် သူတော်ကောင်းကြီး ဖြစ်သလို ၊ မိမိက မိုက်တော့မည် ဆိုလျှင် သူများ ထက် ရက်ရက်စက်စက် မိုက်ကန်းတတ်မည်။ မိမိဘဝကို ပြုပြင်ဖန်တီးရာ၌ သူများ ကို အားမကိုးရတတ်ပါ။ မိမိက အားကိုးရမည် ဟု ကြံရွယ်ထားတိုင်း ထိုသူများ က မိမိကို ဘက်ကန်၍ သွားတတ်မည်။ မိမိ၏ အောင်မြင်မှုသည် မိမိဇာသာကြိုး စား၍ ပင်ပန်းခဲ၍ တိုးတက်လာရပါမည်။ မိမိမှာ ကိုယ့်ဒူးကိုယ်ချွန် ဖြစ်ပါသည်။ မိမိဘဝ၌ မည် သူ့ ကိုမျှ အားမကိုးရတတ်ပါ။ ဆွေမျိုး ဉာတိ ၊ ညီအစ်ကိုမောင်နှမ ၊ သားမယား အားလုံးကို အားမကိုးရတတ်ပါ။ အထူးသဖြင့် မိတ်သင်္ဂဟများ ကို အားမကိုးရတတ်ပါ။ မိမိ၏ မိတ်ဆွေများ ၌ ကောင်းသော သူက နည်းပါးပြီး ၊ ပေးတုန်းယူ ၊ ကျွေးတုန်းစား ၊ နောက်ရန်သူများ နှင့် တွေ့နေရတတ်မည်။

မိမိမှာ တစ်သက်လုံး အပေါင်းအသင်းများ ၏ အကူအညီများ လည်း ရတတ်သလို အပေါင်းအသင်းကြောင့် လည်း ဒုက္ခအမျိုး မျိုး တွေ့ရတတ်ပါမည်။ နာမည်ပျက်ရမည်။ စွပ်စွဲခံရမည်။ အပြောအဆိုခံရမည်။ မယုံသင်္ကာ ဖြစ်ခံရမည်။

မိမိမှာ ရိုးသားတည်ကြည်သလို လူတိုင်းလည်း ရိုးသားမည် ၊ တည်ကြည်မည် ဟု ထင်မြင်တတ်ပါမည်။ အမှန်မှာ မဟုတ်ပါ။ မိမိကောင်းသလို မကောင်းတတ်ပါ။ မိမိက မည်သည့်ကိစ္စကိုမဆို တစ်စိတ်တစ်ဝမ်းနှင့် လုပ်မည်။ ညီညီညွတ်ညွတ် လုပ်တတ်မည်။ မိမိက အလုပ်တစ်ခုကို ပင်ပင်ပန်းပန်း လုပ်တတ်မည်။ မအောင်မြင်မချင်း မ ဖြစ်မနေလုပ်တတ်မည် ။ မိမိမှာ အလွန်ဇွဲကြီးပါသည်။ မိမိက စိတ်ဝင်စားလျှင် အရေး မကြီးသော်လည်း

အထူးအရေး ကြီးသော အလုပ် ဖြစ်လာတတ်သည်။ မိမိက စိတ်မဝင်စားလျှင် သိန်း နှင့် ငွေရမည် ဆိုသော် လည်း ဂရုမစိုက်ပါ။ မိမိက အသေးစိတ် ကစပြီး စိတ်ဝင်စားတတ်မည်။ မိမိက စိတ်တက်ကြွစွာ လုပ်တတ်မှုကြောင့် အနည်းဆုံး ပင်ပန်းရကျိုး နပ်တတ်ပါသည်။ အကျိုး အာနိသင်များ ခံစားရတတ်ပါသည်။

မိမိရိုးရာဓလေ့ထုံးစံများ ကို ရိုသေလေးစားတတ်သူ ဖြစ်မည်။ မိမိ၏ ဘာသာရေး ကို အထူး ရိုသေကိုင်းရှိုင်းတတ်မည်။ မိမိက ဘာသာရေး အယူဝါဒနှင့် ပတ်သက်လျှင် တယူသန်တတ်သည်။ မိမိကသာမှန်သည်ဟု ယူဆတတ်သည်။ မိမိသဘောကျလျှင် တစ်မျိုး၊ သဘောမကျလျှင် တစ်မျိုး ဖြစ်တတ်သည်။

မိမိမှာ တစ်သက်လုံး သူများ ကို ငွေမချေးရ။ သူများ အတွက် ခံဝန် ခံတန်း မလုပ်ရ။ သူများ အတွက် တာဝန်ခံလျှင် မိမိမှာ တာဝန် ဖြစ်နေတတ်မည်။ မိမိမှာ သူများ အတွက် နာမည် ပျက်ရတတ်သည်။ သူများ အတွက် အစွပ်စွဲ ခံရတတ်သည်။ သူများ နှင့် ပတ်သက်လျှင် မကောင်းပါ။ မိမိမှာ မိမိဖာသာ တစ်ယောက် တည်းနေလျှင် ပိုကောင်းပါသည်
။

မိမိက မည် မျှစေတနာနှင့် ဆက်ဆံသော် လည်း မိမိစေတနာကို မသိသူများ က များ ပါသည်။ မိမိက အကောင်းပြော၍ မှ အကောင်းမထင်၊ မိမိစေတနာကို ဝေဒနာထင်တတ်ပါသည်။ မိမိ၏ စေတနာကို မကြာခဏ စော်ကားခံရတတ်ပါသည်။ မိမိက ပင်ကိုယ်အားဖြင့် ရိုးသားစင်ကြယ်ပါသည်။ ယင်းကို သူများ က အထင်လွဲပြီး မိမိကို ရိုးသည်၊ အသည်၊ နသည်၊ လူရည်မလည် အကင်းမပါး ဟူ၍ ထင်မြင်ကြပါမည်။ အမှန်မှာ မိမိကအလွန်လျှင်ပါမည်။ ပါးလိုက်သည်က ရွှေပြားစက္ကူကမှ အရှုံး ပေးရမတတ် ပါးပါသည် ။ သို့ သော် မိမိက အမြဲတမ်း မသိချင်ဟန်ဆောင်နေတတ်မည်။ အခွင့်အရေး ရလာမှ ထိုအခွင့်အရေး ကို သုံးတတ်သူ ဖြစ်ပါသည်။

မိမိမှာ အမြဲတမ်း အလုပ်နှစ် ခု လုပ်နေရတတ်ပါသည်။ မိမိဘဝတစ်လျှောက်လုံးမှာ လည်း အလုပ် ငါးမျိုး၊ ခြောက်မျိုး လုပ်ရတတ်သည်။ မိမိက တစ်ချိန်တစ်ခါက စဉ်းစားခဲ့ဖူးသော အလုပ်များ၊ ကြံရွယ်ခဲ့ဖူးသော အလုပ်များ ကို ပြန်၍

အစပျိုး လိုစိတ်ရှိပါသည်။ မိမိက အားမတန်မှာ မာန်ကိုလျှော့သော၊ လက်မြှော က်လိုသော သူ တစ်ယောက် မဟုတ်ပါ။ မ ဖြစ် ဖြစ်သည့်နည်းဖြင့် ရှန်းကန်လှုပ်ရှားလိုသူ ဖြစ်ပါသည်။

မိမိမှာ ပညာရေး နှင့် ပတ်သက်၍ ကောင်းပါသည်။ စိတ်ရှည်လက်ရှည် ပညာကို သင်ယူတတ်မည်။ အတန်းပညာကို အထင်ကြီးသည်။ ဘွဲ့ ဒီဂရီ ရယူလိုစိတ် ရှိပါသည်။ မိမိက စာကိုအထူးကြိုး ကြိုး စားစား ကျက်မှတ်တတ်မည်။ မရ , ရအောင် ဖတ်တတ်မည်။ မိမိက စာမေးပွဲတွင် ဂုဏ်ထူးများ ရနိုင်သော ကံဇာတာ ဖြစ်ပါသည်။ သို သော် မိမိက စာမေးပွဲတွင် ဂုဏ်ထူးများ ရနိုင်သော ကံဇာတာ ဖြစ်ပါသည်။ သို့ သော် မိမိက စာမေးပွဲတွင် ရှုံးတတ်ပါမည်။ မေ့တတ်ပါမည်။ မိမိမှာ အတွက်အချက်၊ ဂဏန်း၊ ရူပဗေဒများ အတွက် အနည်းငယ်အခက်အခဲ တွေ့ ရပါမည်။ မိမိမှာ ကျက်စာနှင့် ကောင်းပါသည်။

မိမိမှာ အိမ်ထောင်ရေး နှင့် ပတ်သက်၍ ယောက္ခမအရ ကံဆိုးသူဟု၍ ဆိုရပါမည်။ မိမိ၏ မိန်းမ ကောင်းသလောက် အိမ်ထောင်ဖက်ဆွေမျိုး ညာတိများ က မကောင်းပါ။ မိမိက မည် မျှစေတနာထားသော် လည်း မိမိစေတနာကို ဝေဒနာထင်ကြပါမည် ။ မိမိက အနစ်နာခံလေ မိမိကို စော်ကားလေ ဖြစ်မည်။ မိမိအိမ်ထောင်ဖက်နှင့် အိမ်ထောင်ပြု ပြီးမှ မိမိနှင့် သဘောမတူ ဖြစ်မည်။ မိမိအား မကြာခဏ စီး၍ ပြောမည်။ နှိမ်၍ ပြောမည်။ မိမိ၏ မိန်းမက မိမိအပေါ် အထူးအနစ်နာခံတတ်ပါသည်။ အန္တနာခံ တတ်ပါသည်။ မိမိကို အထူး ချစ်လည်း ချစ်ပါသည်။ မိမိစိတ်ညစ်ရမည့် အရေး၊ စိတ်မကောင်း ဖြစ်ရမည့် အရေး များ ကို အမြဲတမ်းရှောင်တတ်ပါမည်။မိမိတို့ မှာ ကိုယ့်ဖာသာနေလျှင် အလွန်ကောင်းပါသည်။ မိမိတို့ မှာ တစ်ဖက်ဖက်သော မိဘများ နှင့် နေလျှင် နှစ် ယောက် စလုံးစိတ်ညစ်ရပါမည်။ ကိုယ့်ဖာသာကိုယ် အိမ်ခွဲနေလျှင် ကောင်းပါသည်။ အထူး စိတ်ချမ်းသာပါမည်။

မိမိမှာ ကျန်းမာရေး နှင့် ပတ်သက်၍ မုတ္တ ရောဂါ၊ မီးယပ် ရောဂါ၊ သားအိမ် ရောဂါ၊ ကလသား ရောဂါ များ ကို အထူးသတိပြုပါ။ မိမိတွင် မကြာခဏအနာလေးများ ပေါက်တတ်ပါမည်။ အပူများ နေတတ်သည်။ မိမိမှာ ကျန်းမာရေး ကျဆင်းနေလျှင် ဘုန်းကြီးသက်စေ့ ငှက်ပျောသီးလှုပါ။ မိမိဝတ်ပြီးသား အဝတ်ဟောင်းတစ်ထည်ကို

အမှန်တကယ်ဝတ်စားမည့် ဆင်းရဲသော သူ တစ်ယောက် ကို ပေးလှုလိုက်ပါ။

မိမိဘဝတွင် အသက် (၈) နှစ်၊ (၁၆) နှစ်၊ (၂၄) နှစ်၊ (၃၂) နှစ်၊ (၄၀) နှစ်၊ (၅၆) နှစ်၊ (၆၄) နှစ် များ တွင် မိမိဘဝ၌ ထူးထူးခြားခြားအပြောင်းအလဲများ ဖြစ်တတ်ပါသည်။ အောင်မြင်ခြင်းနှင့် ဆုံးရှုံး ခြင်းများ ကို ခံစားရတတ်ပါသည်။ အကောင်းအဆိုးများ ကို ခံစားးရပါမည်။

မိမိနှင့် သင့်တော် သော ရတနာများ မှာ နီလာ၊ ပတ္တမြား၊ စိန်၊ ရွှေများ ဖြစ်ပါသည်။ မိမိနှင့် အမြဲတမ်း ဆောင်ထားပါ။ မိမိကျန်းမာရေး မကောင်း ဖြစ်လျှင် နီလာကို အမြဲတမ်း ဆောင်ထားပါ။ မိမိမှာ ငွေ၊ ဘော်များ ကို ဆောင်လျှင် အမြဲတမ်း ကျန်းမာရေး ချို့ တဲ့တတ်မည်။

မိမိအတွက် အကောင်းဆုံးနှင့် အသင့်တော် ဆုံး အရောင် မှာ အရောင် နုနုလေးများ ဖြစ်ပါသည်။ အရောင် ပြေပြေများ လည်း ကောင်းပါသည်။ မိမိမှာ ကျန်းမာရေး ချို့တဲ့လျှင် ပန်းနုရောင် ကို ရှောင်ပါ။ အဝါရောင် ကိုဆောင်ပါ။

မိမိမှာ အကြံအစည်များ ပြုလုပ်လိုသော အခါ၊ စီးပွားရေး ကျဆင်းနေသော အခါ၊ ကျန်းမာရေး မကောင်းသော အခါ ဘုရားတွင် ပန်းအမျိုး မျိုး တစ်ထောင်လှုလိုက်ပါ။ ဖရောင် းတိုင် သက်စေ့လှူပါ။ မိမိမှာ မကောင်းပြေပြီး ကောင်းကျိုး မင်္ဂလာ ဖြစ်ထွန်းပါလိမ့်မည်။

•••

## ညှင်းဖဲ (၆)

အကယ်၍ သင်နှိုက်ယူလိုက်သော ဖဲမှာ ညှင်းဖဲ (၆) ဖြစ်နေလျှင်၊ သင့်ဘဝတစ်ခုလုံး အခြေအနေအရပ်ရပ်တို့ သည် အောက်ပါအတိုင်း ဖြစ်ပါလိမ့်မည်။

ဤညှင်းဖဲ (၆) ရသော သူတို့ သည် ရင့်ကျက်သော စိတ်ရှိသည်။

လူကြီးလူကောင်းဆန်သည်။ အရာရာတွင် သိမ်မွေ့နူးညံ့စွာ နေထိုင်စားသောက်ပြောဆိုတတ်မည်။လူတစ်ဖက်သားကို အမြဲတမ်း အားပေးတတ်မည်။ စိတ်အားငယ်နေသောသူကို အားတက်အောင်ပြောတတ်ပြီး တက်ကြွနေသော သူကို ထူးချွန်အောင်ပြောဆိုတတ်သော အစွမ်းမှာ မိမိ၏ ပင်ကိုယ်ဗီဇပင် ဖြစ်ပါသည်။

မိမိက လူတစ်ဖက်သားကို တစ်ခါလောက်သိရုံနှင့် ရင်းနှီးအောင် ပြုလုပ်တတ်မည်။ မိမိကို သဘောကျတတ်မည်။ ထို့ကြောင့် မိမိ၌ မိတ်ဆွေပေါများ တတ်မည်။ အပေါင်းအသင်း များ ပြားတတ်မည်။ မိမိမှာ မိတ်ဆွေအပေါင်းအသင်းများ ထံမှ အကူအညီအမျိုး မျိုး ရတတ်ပါမည်။ မိမိတွင် စစ်မှန်သော မိတ်ဆွေကောင်းများ စွာ ရှိတတ်သလို မိမိအား စိတ်အနှောင့်အယှက်ပေးတတ်သော မိတ်ဆွေ များ လည်း များ စွာ ရှိမည်။ မိမိက လူ တစ်ယောက် ကို မည် သူခင်ခင်၊ အများ ဆုံး သုံးလေးနှစ် သာ ခင်တတ်မည်။ နောက်ထပ် အသစ်အသစ်တွေ့မည့် မိတ်ဆွေသစ်များ ကို ခင်မင်သွားတတ်မည်။ မိမိနှင့် ကြာရှည်ပေါင်း၍ မရပါ။ မိမိကလည်း ကြာရှည်မပေါင်းတတ်ပါ။

မိမိမှာ စိတ်ရင်းကောင်းပါသည်။ အပြောအဆို အနေအထိုင်များ ကို အထူး သတိထားတတ်သည်။ ပြောသင့်သော စကား၊ ဆိုသင့်သော စကားများ ကိုသာ ပြောတတ်ဆိုတတ်ပါမည်။ မိမိက သူများ အိမ်တွင် အရမ်းစားသောက်၍ မရပါ။ မိမိစိတ်တွင် မိမိအိမ်၌ ဆားနှင့် စားလိုပါသည်။ သူများ အိမ်၌ ကြက်သားနှင့် မစားလိုတတ်ပါ။ မိမိက အနေအထိုင် အဝတ်အစားကို အလွန်ဂရုစိုက်တတ်မည်။ သန့်သန့်ရှင်းရှင်းနှင့် မိမိနှင့် လိုက်သော အရောင် များ ကို ဝတ်ဆင်တတ်ပါမည်။

•••

အကယ်၍ သင်နှိုက်ယူလိုက်သော ဖဲမှာ ညှင်းဖဲ (၇) ဖြစ်နေလျှင်၊ သင့်ဘဝတစ်ခုလုံး အခြေအနေအရပ်ရပ်တို့ သည် အောက်ပါအတိုင်း ဖြစ်ပါလိမ့် မည်။

ဤညှင်းဖဲ (၇) ရသော သူတို့ သည် မိမိစိတ်ထဲတွင် ရည်ရွယ်ထားသော အလုပ်ကိစ္စဟူသမျှကို လုံးဝမလုပ်လိုက်ပါနှင့်။ အောင်မြင်လိမ့်မည် မဟုတ်ပေ။ အကြောင်းမှာ မိမိစိတ်ထဲတွင် စီမံထားသော ကိစ္စအဝဝတို့ ကို လက်တွေ့ လုပ်သော အခါတွင် လွဲနေတတ်မည်။ မိမိက ကြံရွယ်စဉ်ကတစ်မျိုး လက်တွေ့ လုပ်သော အခါ တစ်မျိုး ဖြစ်မည်။ သို့ အတွက် မိမိကြံထားသော အလုပ်များ ထက် လက်ငင်းအကြံပေါ်၍ လုပ်ရသော အလုပ်များ မှာ ပိုမို၍ အောင်မြင်ပါမည်။ အကျိုး ပေးတတ်ပါမည်။

မိမိမှာ လက်တွေ့ ပိုင်းနှင့် စိတ်ကူးယဉ်ပိုင်းများ ၌ စိတ်ကူးယဉ်ပိုင်းက များ နေတတ်မည်။ အလွန်စိတ်ကူးယဉ်တတ်ပါသည်။ ဖြစ်လိုသော အကြောင်းအရာများ ကို သေချာစွာ လေထဲတွင် တိုက်အိမ်ဆောက်နေတတ်သော လူစား ဖြစ်သည်။ ထို့ ကြောင့် မိမိလုပ်ရမည့် အလုပ်များ မှာ မိမိမှန်သည်ထက် နောက်ကျစွာ ဖြစ်တတ်သော ကြောင့် ထင်သလောက်အကျိုး မခံစားရတတ်ပါ။ မိမိမှာ မကြာသင့်သလောက် ကြာနေတတ်ပါသည် ။ အလုပ်တစ်ခုကိုလုပ်စရာရှိလျှင် ထက်ထက်မြန်မြန်လုပ်ပါ။ သွက်သွက်လုပ်ပါ။ မိမိက တစ်ကိုယ်ကောင်းသမား မဟုတ်သော်လည်း အကျိုး မရှိလျှင် မလုပ်တတ်ပါ။ မိမိအတွက် အနည်းဆုံး ပင်ပန်းခံရမှ လုပ်တတ်မည်။

ကိုယ့်အတွက် အခွင့်အရေး မရလျှင် လုံးဝမလုပ်တတ်သူ မဟုတ်ပါ။ အလုပ်တိုင်းလည်း အကျိုး မရှိ , ရှိအောင် ကြိုး စားတတ်မည်။ သဘောကောင်းပါသည်။ စိတ်ရင်းဖြူစင်ပါသည်။ မိမိနှင့် ရင်းရင်းနှီးနှီး ပေါင်းသင်းလာလျှင် မိမိက အနည်းငယ်နှိမ်ချတတ်သည်။ လူတစ်ဖက်သားကို အနိုင်ရမှ ကျေနပ်တတ်မည်။ အမြဲတမ်း အထက်စီးက ပြောတတ်သော စိတ်ရှိပါသည်။ ကောင်းသော အကွက်များ ရှိသော ကြောင့် မိမိအား လူချစ်လူခင်ပေါများ တတ်သလို သောက်မြင်ကပ်သူလည်း ပေါများ တတ်ပါမည်။

အနည်းငယ် ကြွားဝါတတ်သော ဝါသနာရှိတတ်သည်။ မရှိသည်ကိုလည်း ရှိသည်ဟူ၍ လည်းကောင်း၊ ရှိသည်ကို မရှိဟူ၍ လည်းကောင်း အမျိုး မျိုး

ပြောင်းလဲပြောတတ်မည် ။ နည်းနည်း လုပ်ပြီး များများ မပြောတတ်သော် လည်း လုပ်ခဲ့သော အလုပ်များ အတွက် အမြဲတမ်း ဂုဏ်ယူ၍ ပြောဆိုတတ်ပါမည် ။ လူများ စုရှေ့တွင် အလွန်ဂုဏ်ယူတတ်မည် ။ မိမိကိုယ်ကို အလွန်ချီးကျူး ခံလိုသော စိတ် ရှိပါသည် ။ အများ ၏ သဘောကျခြင်း ၊ အထင်အမြင်ကြီးခြင်း ၊ လေးစားလာခြင်း ၊ ယုံကြည်လာခြင်းများ ကို ခံယူလိုတတ်မည် ။ သို့ သော် မိမိကို အများ က သနားချစ်ခင်ပြီး အထင်သေးကြပါမည် ။ လုပ်ကိုင်မှုမှာ ရိုးသားလှ၍ အများ က မိမိကို အားမရတတ်ပါ ။ မိမိကအလှည့်အပတ် နားမလည်တတ်ပါ ။ ဒါဆိုဒါသာ သိတတ်မည် ။ မိမိကလည်း သူများ အထင်ကြီးအောင် လုပ်တော့လုပ်ပါသည် ။ သူများ က အထင်မကြီးသည်ကို သိရှိခြင်းမရှိပါ ။

ပျော်ပျော်နေသေခဲသမား ဖြစ်ပါသည် ။ မည် မျှစိတ်ညစ်နေသော် လည်း မျက်နှာတွင် မပေါ်တတ်ပါ ။ အမြဲတမ်း ပျော်သလိုနေတတ်မည် ။ ဖြစ်နိုင်လျှင် လုံးဝအပူအပင် အကြောင့်အကြများ မထားတတ်ပါ ။ မသိသူများ က မိမိတွင် ဒုက္ခမရှိဟု ဆိုကြပါမည် ။ စိတ်ကငိုသော် လည်း လူကမငိုတတ်ပါ ။ အသဲကွဲရင်နုန်းနုန်း လူ ကတော့ အမြဲတမ်း ပြုံး နေတတ်ပါမည် ။ မိမိ၏ ပြဿ နာများ ကို စိတ်ထဲက ဖြေရှင်းတတ်မည် ။ သူများ လို ဟိုလူအကူအညီတောင်း ၊ သည်လူအကူအညီတောင်း မလုပ်တတ်ပါ ။ သို့ ကြောင့် မိမိမှာ သူများ ၏ အထင်ကြီးမှုကို ခံနိုင်ပါမည် ။

မိမိ၏ အောင်မြင်မှုသည် ကံကြမ္မာထက် မိမိကြိုး စားမှုပေါ်တွင် မူတည်ပါသည် ။ မိမိအား ကုသိုလ်ကံထက် ဉာဏ်နှင့် ဝီရိယများ က ပိုမို ဖေးမထားတတ်သည် ။ မိမိက အလုပ်တစ်ခုကို မ ဖြစ်မနေလုပ်တတ်မည် ။ ဇွဲနှင့် လုပ်တတ်မည် ။ အပင်ပန်းခံတတ်မည် ။ မိမိက ကြိုး စားမှုဖြင့် အောင်မြင်တတ်မည် ။ မိမိမှာ အလုပ်မရှိလျှင် အလွန်ပျင်းရိနေတတ်မည် ။ မိမိက ထိုင်နေရလျှင် ကျန်းမာရေး ချို့တဲ့တတ်မည် ။ မိမိက သွားသွားလာလာ လှုပ်လှုပ်ရှားရှား လုပ်ရမှ ပျော်သည် ။ မိမိမှာ ဆိုင်ထိုင်ရောင်းခြင်း ၊ စာရင်းအင်း တွက်ချက်ခြင်း ၊ ကျောင်းဆရာလုပ်ခြင်းများ မကောင်းပါ ။ မိမိအတွက် အကျိုး မပေးတတ်ပါ ။ မိမိက ပွဲစားအလုပ် ၊ အုပ်ချုပ်ရေး အလုပ် ၊ ဆရာလုပ်ရသော အလုပ် ၊ ဩဇာပေးရသော အလုပ်မျိုး ၊ မကြာခဏ ခရီးထွက်ရသော အလုပ်မျိုး နှင့် ကောင်းပါသည် ။

မိမိသည် အပေါင်းအသင်း မိတ်သင်္ဂဟများ ကို အလွန်ခင်မင်တတ်မည်။ မိမိက မိတ်ဆွေသူငယ်ချင်းများ နှင့် ရင်းရင်းနှီးနှီးပေါင်းသင်း နေထိုင်တတ်မည်။ ဟေးလားဟားဟား လုပ်လိုတတ်မည်။ မိမိက လူများ စုနှင့် စုစုဝေးဝေး ပျော်ပျော်ရွှင်ရွှင်နေရလျှင် စိတ်ချမ်းသာတတ်သည်။ မိမိက မည် သူ့ ကိုမဆို ပြေပြေပြစ်ပြစ် ဆက်ဆံတတ်မည်။ မိမိတွင် အပေါင်းအသင်း များ တတ်ပါသည်။ သို့သော် မိမိသဘောကျ ရွေးချယ်ပြီး ပေါင်းသင်းတတ်မည်။ အနွံတာ ခံတတ်မည်။ လိုအပ်သော အကူအညီမှန်သရွေ့ မ ဖြစ် ဖြစ်အောင် လုပ်ပေးတတ်သော စိတ်ရှိပါသည်။

မိမိ ကောင်းနေပါလျှက်နှင့် မိမိ၏ မိတ်ဆွေသူငယ်ချင်း များ က မိမိကို ချလိုသော စိတ်၊ မကောင်းသော စိတ်၊ ကျောက်တွန်းလိုသော စိတ်များ နှင့် ပေါင်းသင်းနေကြောင်း သိလိုက်လျှင် အလွန်စိတ်အားငယ်တတ်မည်။ ဖြေဆည်မရ ဖြစ်တတ်မည်။ ဝမ်းနည်းတတ်မည်။ စိတ်မကောင်း ဖြစ်တတ်မည်။ မိမိက ဒေါသကြီးနေတတ်မည်။ မည် သို မျှ သည်းခံ၍ မရအောင် ဖြစ်တတ်ပါမည်။ နောက်ဆုံးမိမိက သည်းခံ၍ ပြန်ပေါင်းတတ်မည်။ မိမိက တစ်ယောက် တည်းနေရလျှင် အလွန်ပျင်းရိတတ်မည်။

မိမိက အလုပ်ရဲတတ်မည်။ မည် သည့်အလုပ်ကိုမဆို လုပ်တတ်မည်။ မိမိက ဇီဇာမကြောင်တတ်ပါ။ သို့သော် မိမိမှာ အစားအစာတွင် ဇီဇာကြောင်တတ်မည်။ အကောင်းကြိုက်တတ်မည်။ ထူးထူးခြားခြားလေး လုပ်စားတတ်မည်။ မိမိကိုယ်တိုင် မီးဖိုချောင်အလုပ်ကို စိတ်ပါလက်ပါတတ်မည်။ အစားကိုလည်း ဇိမ်နှင့် အရသာခံ၍ စားတတ်ပါမည်။ မိမိမှာ အားလုံးကောင်းပါသည်။ သို့သော် မိမိ၌ အပြစ်အနည်းငယ်ရှိပါသည်။

မိမိမှာ အိပ်လျှင်တော် ရုံနှင့် မနိုးတတ်ပါ။ မိမိမှာ အအိပ်ကြီးသည်။ မအိပ်လျှင်လည်း ခုနစ် ညမအိပ်ဘဲ နေနိုင်သော ဇွဲလည်း ရှိပါသည်။ အိပ်မိလျှင်လည်း အအိပ်ကြီးနေတတ်မည်။ မိမိမှာ အစားလည်းကြီးပါသည်။ အကောင်းစားတတ်သလို အစားလည်း ကြီးတတ်မည်။ မိမိမှာ လူများ ထက် မိမိကိုယ်ကျိုး ဆောင်ရွက်တတ်မည်။ မိမိရရှိသော အခွင့်အရေး ကို လှလှပပ အကျိုး ရှိအောင် သုံးတတ်မည်။ မိမိက

အလုပ်အကိုင်၌ အထူးလာဘ်မြင်တတ်ပါသည်။ အလွန် သွက်တတ်ပါသည်။

မိမိမှာ အိမ်ထောင်ရေး နှင့် ပတ်သက်၍ မိန်းမကောင်းနှင့် ရတတ်ပါသည်။ မိမိအပေါ် သနားသော၊ ကြင်နာသော၊ အနစ်နာ ခံသော၊ အနွံတာခံသော သည်းခံသော မိန်းမနှင့် ရရတတ်မည်။ မိမိ၏ မိန်းမမှာ သူ့ ကိုယ်သူအတွက် မပူလုပါ၊ မိမိအတွက် အမြဲတမ်း ပူနေတတ်မည်။ ပူ၍ လည်း မကြာခဏပါးစပ်က ပြောနေတတ်မည်။ မိမိက သူ၏ စေတနာကို နားမလည် ဖြစ်မည်။ မိမိ၏ မိန်းမက တည်ကြည်ပါသည်။ ပြတ်သားပါသည်။ ဟင်းဆိုလျှင် မရပါ။ မိမိက မိန်းမရှေ့တွင် သူတော် ကောင်း လုပ်နေတတ်မည်။ မိန်းမကွယ်ရာတွင် ထင်ရာလုပ်တတ်မည်။

မိမိက ထင်ရာလုပ်ပြီးလည်း နောက်ဆုံး မိမိမိန်းမကို ပြောတတ်မည်။ မိမိက ဘာလုပ်လုပ် မိန်းမကလည်း သည်းခံတတ်မည်။ မိမိမှာ ငွေထက်မိန်းမများ နှင့် နီးစပ်ပါသည် ။ မိမိက မစဘဲ မိမိကို စတင်ပါမည်။ မိမိကလည်း သနား၍ ပါတတ်ပါမည်။

မိမိမှာ မိန်းမနစ် ယောက် နှင့် နေရသော ကံ ဖြစ်ပါသည်။ မိမိမိန်းမက ပထမအလွန်စိတ်ဆိုးပါမည်။ နောက်ဆုံး မိမိမျက်နှာ ကြောင့် မိမိအား သည်းခံတတ်ပါမည်။ မိမိမှာ သားသမီး အလွန်ချစ်တတ်ပါမည်။ ကလေးအလွန်ချစ်တတ်ပါမည်။

မိမိမှာ ကျန်းမာရေး နှင့် ပတ်သက်၍ ရောဂါ ကြီး မရှိတတ်ပါ။ မိမိ၌ ဆီးရေး ဂါ ဖြစ်တတ်ပါမည်။ ဆီးချို၊ ကျောက်ကပ်၊ ညှောင်းကျစသဖြင့် ရောဂါ များ ဖြစ်တတ်ပါမည်။ မိမိ၌ ခေါင်းကိုက်နှင့် သွားကိုက် ရောဂါ ရှိတတ်ပါမည်။ မိမိမှာ ရောဂါ မ ဖြစ်လျှင်လည်း နေရာ၊ ရောဂါ ဖြစ်လျှင်လည်း အိပ်ရာထဲလဲတတ်မည်။ မိမိမှာ ကျန်းမာရေး မကောင်း ဖြစ်လျှင် ဘုရား၏ ဒူးတော်၊ ရင်တော် များ ၌ ရွှေချပေးပါ။ မြစိမ်းရောင် ဘုရားကို ကိုးကွယ်ပါ ။

မိမိဘ၀တွင် အသက် (၁၂) နှစ်၊ (၂၄) နှစ်၊ (၃၆) နှစ်၊ (၄၁) နှစ်၊ (၄၈) နှစ်၊ (၅၆) နှစ်၊ (၆၄) နှစ် များ ၌ မိမိဘ၀တွင် ထူးထူးခြားခြား အပြောင်းအလဲများ ဖြစ်တတ်ပါသည် ။ မိမိဘ၀၌ ကောင်းကျိုး ဆိုးကျိုး များ ခံစားရတတ်ပါမည်။

မိမိနှင့် သင့်တော် သော ကျောက်မျက်ရတနာများ မှာ အပြာရောင် ကျောက်နှင့် စိန်ဝါများ ဖြစ်ပါသည်။ မိမိမှာ အမြဲဆောင်ထားပါ။ မိမိလက်စွပ်ဝတ်လျှင် ကျောက်ကို သနီရောင် မလုပ်ရပါ။ အပြာရောင် ကျောက်ကို လုပ်ရပါမည်။

မိမိမှာ ခရီးယာယီ အလွန်ဝါသနာ ပါတတ်မည်။ မိမိက အိမ်ထဲကုပ်နေလျှင် ပျင်းတတ်မည်။ မိမိက ဒေသန္တရဗဟုသုတလိုက်စားတတ်မည်။ ထူးထူးဆန်းဆန်းများ ကို သဘောကျတတ်မည်။ မိမိမမြင်ဘူးသော အရာများ၊ မကြားဖူးသော အရာများ ကို လိုက်စားတတ်မည်။ မိမိက ခရီးသွားရလျှင် အလွန်ပျော်ရွှင်တတ်မည်။ သို့သော် ကြာကြာနေရလျှင်လည်း ပျင်းရိလာတတ်ပါမည်။

မိမိနှင့် သင့်တော် သော အရောင် များ မှာ အပြာနုရောင်၊ ဖက်ဖူးရောင်၊ ကြက်ဥနှစ် ရောင် များ ဖြစ်ပါသည်။ မိမိမှာ အနီရောင် ကိုရှောင်ပါ။

မိမိမှာ ကျန်းမာရေး ကောင်းမကောင်းလျှင်၊ စီးပွားရေး ကျဆင်းနေလျှင်၊ အကြံအစည်များ ပြုလုပ်လိုလျှင် ဂဏန်းသက်စေ့လှုပေးလိုက် ပါ။ သံဃာတော် သက်စေ့ ဆွမ်းကပ်ပါ။ မကောင်းပြေ၍ ကောင်းကျိုး မင်္ဂလာ ဖြစ်ထွန်းပါလိမ့်မည်။

•••

## ညှင်းဖဲ (၈)

အကယ်၍ သင်နှိုက်ယူလိုက်သော ဖဲမှာ ညှင်းဖဲ (၈) ဖြစ်နေလျှင်၊ သင့်ဘဝတစ်ခုလုံး အခြေအနေအရပ်ရပ်တို့ သည် အောက်ပါအတိုင်း ဖြစ်ပါလိမ့်မည်။

ဤညှင်းဖဲ (၈) ရသော သူတို့ သည် ရဲရင့်ပြတ်သား၍ ဆုံးဖြတ်ချက်တိုင်း ၏ အကျိုး များ ကို ပြည့်ပြည့်ဝဝ ခံစားရသူ ဖြစ်သည်။ မည် သည့်အလုပ်ကိုမဆို ခေါင်းမရှောင်တတ်ဘဲ အမြဲတမ်း ရှေ့တန်းမှနေ၍ လုပ်တတ်သော ကြောင့် အများ ၏

အထင်အမြင်ကြီးခြင်း ခံရမည် ။ ယုံကြည်လေးစားခြင်း ခံရတတ်သည် ။ အားကိုးခြင်း ခံရတတ်သည် ။ သို့သော် မိမိတို့ သဘောမကျလျှင် မည် မျှအကျိုး ရှိစေကာမူ မလုပ်တတ်သော အကျင့်ရှိသော ကြောင့် မကြာခဏ မိမိတို့ အတွက် အကျိုး ရှိသော အလုပ်များ မှာ လွတ်သွားတတ်ပါသည် ။

အလုပ်တစ်ခုကို စိတ်ပါဝင်စားမိလျှင် မ ဖြစ်မနေ လုပ်တတ်သော စိတ်ရှိပါသည် ။ မည် သည့်ပညာရပ်ကိုမဆို စိတ်ပါဝင်စား တတ်ပါသည် ။ အားလုံးကို နည်းနည်း စီ လေ့လာတတ်သော ဝါသနာရှိတတ်သည် ။ မိမိက ပညာရပ်ကို ဖြစ်စေ ၊ အလုပ်ကို ဖြစ်စေ ချစ်ခင် မြတ်နိုးတတ်သည် ။ အမြဲတမ်း ခေါင်းမရှောင်ဘဲ ရှေ့ဆောင်လုပ်တတ်မည် ။ သို့သော် အများ ကသဘောကျသလို အထင်လည်းကြီးတတ်မည် ။ မိမိမှာ ဇွဲရှိပါသည် ။ ဝီရိယရှိပါသည် ။ မ ဖြစ်မနေ လိုလားတတ်သော စိတ် လုပ်လိုစိတ် ရှိပါသည် ။ သို့ကြောင့် မိမိမှာ ပညာကုန်လုံကြွယ်ဝပြီး လောကဗဟုသုတပြည့်စုံသူ ဖြစ်မည် ။ မည် သည့် အလုပ်ကိုလုပ်လုပ် အနည်းနှင့် အများ အကျိုး ကျေးဇူး ရှိတတ်ပါသည် ။ မိမိမှာ လုပ်ရကျိုး နပ်ပါသည် ။

အမှန်မှာ မိမိလိုလူမျိုး သည် ကိုယ်ပိုင်အလုပ်လုပ်လျှင် ကောင်းပါသည် ။ ကိုယ်ပိုင်အလုပ်လုပ်လျှင်လည်း မိမိ၏ လုပ်အားတန်ဖိုးကို ပြည့်ဝစွာ ခံစားရပါမည် ။ ကျေးဇူးခံရပါမည် ။ မိမိလုပ်သမျှမိမိအတွက် ဖြစ်ပါမည် ။ အကယ်၍ လခစား ဖြစ်လျှင် မိမိအတွက် အကောင်းကြီးမဟုတ်ပါ ။ အလုပ်တစ်ခုကို မ ဖြစ်မနေလုပ်တတ်မည် ။

လုပ်လက်စ အလုပ်ကို လက်စမသတ်ရမချင်း မအိပ်မနေလုပ်တတ်သော ဇွဲရှိမည် ။ မိမိက သူများ အလုပ်ပင် ဖြစ်ပါစေ ကိုယ့်အလုပ်လို လုပ်တတ်မည် ။ မိမိသာ အပင်ပန်းခံပြီး လုပ်နေတတ်မည် ။ အမှန်မှာ မိမိမှာ အလုပ်အပေါ် နွံသွားကျပါသည် ။

မိမိကို အချင်းချင်း က ချော့မော့၍ ခိုင်းတတ်မည် ။ သူတို့ က ရေသာခိုပြီး မိမိကို သာ အတင်းဇွတ်ခိုင်းနေတတ်ပါသည် ။ မိမိက ပင်ပန်းခံပြီး နောက်ဆုံး သူများ က နာမည် ရသွားတတ်မည် ။ မိမိမှာ ပန်ပန်းရုံသာ အဖတ်တင်နေတတ်ပါသည် ။ သို့ကြောင့် မိမိမှာ လခစားနှင့် မကောင်းပါ ။ ကိုယ်ပိုင်အလုပ်နှင့် အထူးကောင်းပါသည် ။ ကိုယ်ပိုင်အလုပ်မှာ လည်း ထိုင်၍ လုပ်ရသော အလုပ်မျိုး စ စာရင်းအလုပ်မျိုး ၊ ကျောင်းဆရာအလုပ်မျိုး နှင့်

မကောင်းပါ။ မိမိမှာ စိတ်မပါတတ်ပါ။ မိမိနှင့် အကောင်းဆုံးအလုပ်မှာ သွားလာလှုပ်လှုပ်ရှားရှားလုပ်ရသော အလုပ်မျိုး ဖြစ်သည်။ သူများ ကို ဩဇာပေးရသော အလုပ်မျိုး၊ ကုန်ထုတ်လုပ်သော အလုပ်မျိုး၊ ဆေးပစ္စည်းဆေးလိပ်ထုတ်လုပ်သော အလုပ်မျိုး၊ ပွဲရုံအလုပ်မျိုး များ နှင့် ကောင်းပါသည်။ မိမိကလုပ်လျှင်လည်း စိတ်ပျော် သွားပါမည်။ လခစားလုပ်နေလျှင် မိမိဘဝနှင့် ကုသိုလ်ကံ ကို ရောင်းချထားသည်နှင့် အတူတူ ဖြစ်ပါမည်။ ကိုယ်ပိုင်အလုပ် လုပ်ကိုင်ပါ။

မိမိမှာ အလုပ်တစ်ခုကို မလုပ်ခင် အလွန်စဉ်းစားပါမည်။ အလွန်တွေဝေနေပါမည်။ မိမိဖာသာ မဆုံးဖြတ်နိုင် ဖြစ်ပါမည်။ မိမိမလုပ်ခင် အလွန်ကြောက်တတ်ပါမည်။ အလွန်တွေ ဝေနေပါမည်။ မိမိဖာသာ မဆုံးဖြတ်နိုင် ဖြစ်ပါမည်။ မိမိမလုပ်ခင် အလွန်ကြောက်တတ်ပါမည်။ အလွန်တွေ းတောတတ်ပါမည်။ မိမိစိတ်တွင် အလုပ်တစ်ခုမလုပ်ခင် ဖြစ်ပါ့မလား၊ အောင်မြင်ပါ့မလား၊ အကျိုး ကျေးဇူးခံစားရပါ့မလား ဟူသော စိတ်များ လွှမ်းမိုးနေပြီး တော် ရုံအလုပ်မျိုး ကို မလုပ်ရဲတတ်ပါ။ တကယ်လက်တွေ လုပ်တော့မည် ဆိုလျှင်လည်း အများ က အံ့အားသင့်ယူရပါမည်။ မိမိဖာသာ အံ့အားသင့်နေရပါမည်။ မိမိ၏ ကုသိုလ်ကံမှာ မလုပ်ခင်မအောင်မြင်ခင် အများ အထင်သေး အမြင်သေး ဖြစ်ပြီး အောင်မြင်ထိရောက်သွားလျှင် အများ မယုံကြည်နိုင်လောက်အောင်ပင် အံ့အားသင့် သွားလောက်အောင် ဖြစ်တတ်ပါမည်။

မိမိမှာ စိတ်သဘောကောင်းသည်။ စေတနာကောင်းသည်။ အများ အကျိုး ဆောင်ရွက်လိုစိတ်ရှိသည်။ အများ က အကူအညီတောင်လျှင်လည်း မ ဖြစ်မနေ ကူညီတတ်သော စိတ်ရှိတတ်သည်။ ထို့ကြောင့် မိမိ၏ မိသားစုများ ၏ စိတ်ထဲ၌ မကြာခဏပင် မိမိက သူများ အတွက် သေသည်။ သူများ အတွက် လုပ်သည်။ ဂရုစိုက်သည်။ အိမ်သားများ ကို ဂရုမစိုက် ပြစ်ထားသည်ဟု ထင်မြင်ယူဆတတ်ပါမည်။ အမှန်မှာ မဟုတ်ပါ။ မိမိက ပါးစပ်ချိုချိုနှင့် အချိုသတ်နေသူ တစ်ယောက် မဟုတ်ပါ။ အသည်းထဲက အူထဲက ချစ်ခင်ကြင်နာတတ်သူ ဖြစ်ပါသည်။

သို့ကြောင့် အပြင်ဘမ်းနှင့် အနေနှင့် ကြည့်လျှင် အေးတိအေးစက်

မထုံတတ်သေးနှင့် အားမရအောင်ဖြစ်တတ်သော်လည်း မိမိသဘောကို လက်တွေ့ အတွင်းကျကျ သိသူများ က အလွန်သဘောကျတတ်ပါမည်။ မိမိကို ဘေးကကြည့်လျှင် အကဲခတ်လျှင် ရိုးမည်၊ အေးသည်၊ လူရည်မလည်၊ အကင်းမပါး၊ လောကသဘာဝ နားမလည် ဟူ၍ ထင်ကြပါမည်။ အမှန်မှာ မိမိကိုယ်၌ အေးစက်စက် ဖာသိဖာသာနေတတ်သော ကြောင့် ဖြစ်ပါသည်။ မိမိက အပြင်ဘမ်းတွင် ပျော့ညံ့ဟန်ရှိသော်လည်း လက်တွေ့ ၌ မီးခဲထက်ဆိုးတတ်ပါသည်။ အမှန်မှာ မိမိရုပ်သဏ္ဌာန်မှာ မြွေပွေးဟန် ဖြစ်ပါ၏။

မိမိကလည်း သူများ စိတ်ညစ်အောင် စိတ်စက်မကောင်း ဖြစ်အောင်၊ အားငယ်အောင် မလုပ်တတ်၊ မပြောတတ်သလို မိမိကို ပြောဆိုလုပ်ကိုင်လျှင်လည်း သဘောမကျတတ်ပါ။ မိမိစိတ်မှာ မိမိအသားထိလျှင် မြင့်မိုရ်တောင်ကို ဒူးနှင့် တိုက်ရတိုက်ရ ဂရုမစိုက်တတ်ပါ။ သို့ကြောင့် မိမိမှာ လခစားလုပ်လျှင် မကြာခဏ အထက်လူကြီးများ နှင့် ရန် ဖြစ်နေရတတ်သည်။ စကားပြောနေရတတ်ပါသည်။ မိမိကို အမျက်ထားတတ်သည်။

မိမိက ဖော်လံဖားခြင်း၊ မျက်နှာရလုပ်ခြင်းများ မရှိပါ။ မိမိစိတ်မှာ တာဝန်ကျေပွန်လျှင်ပြီး၏ ဟူသော စိတ်ရှိ၏။ သို့ကြောင့် အခွင့်အရေး များ ရခါနီး၊ ရာထူးလခတိုးခါနီး များ ၌ အမြဲတမ်း မိမိကို ချန်ထားကြတတ်မည်။ မိမိထက် ရာထူးငယ်များ၊ လုပ်သက်နည်းသူများ က မိမိကို ကျော်သွားတတ်မည်။ မိမိက အလွန်ဒေါသ ထွက်မည်။ အလုပ်က ချက်ချင်း ထွက်လိုစိတ် ဖြစ်လာတတ်မည်။

မိမိမှာ ပညာရေး နှင့် ပတ်သက်၍ ဉာဏ်ကောင်းသော်လည်း ပျင်းရိတတ်ပါသည်။ ပေါ့ပေါ့ဆဆ သင်တတ်မည်။ မိမိစိတ်ထဲက အလွန်အမှတ်ကောင်းကောင်း လိုချင်တတ်သော်လည်း လက်တွေ့ ၌ မကြိုး စားတတ်ပါ။ မိမိမှာ ပညာရေး ၌ ကြိုး စားသလောက် လွယ်လွယ်အောင်မြင်တတ်ပါမည်။ မိမိမှာ စာကို ချက်ချင်း ရတတ်သလို ချက်ချင်း မေ့တတ်ပါမည်။ မိမိမှာ စာမေးပွဲဖြေပြီးမှ ဒါမဖြေမိလေခြင်း၊ ဟိုဟာ မဖြေမိလေခြင်း နှင့် နောင်တရတတ်ပါမည်။ မိမိမှာ မေ့တတ်ခြင်းမဟုတ်ပါ။ ရှုန်းတတ်ခြင်း ဖြစ်ပါသည်။ မိမိ၌ သင်္ချာဘာသာနှင့် ရူပဗေဒ ဘာသာရပ်များ ၌ အခက်အခဲများ တွေ့ ရတတ်ပါသည်။ မိမိမှာ အတွက်အချက်များ နှင့် မကောင်းပါ။

ကျက်စာများ နှင့် ကောင်းပါသည်။

မိမိဘဝ၌ မည် သည့်အလုပ်ကိုလုပ်လုပ် အမြဲတမ်း အနှောက်အယှက်များ၊ အပျက်အစီးများ၊ အတိုက်အခံများ၊ ဂုဏ်ပြိုင်သူများ နှင့် တွေ့ ရပါမည်။ မိမိက ဤသို့ တွေ့ လျှင် အလွန်အားငယ်တတ်ပါမည်။ စိတ်ဓာတ်ကျတတ်ပါမည်။ သို့ သော် မိမိဘဝတစ်လျှောက် လုံးတွင် ဤသို့ အပြိုင်အဆိုင်များ တွေ့ ရပါမှ အောင်မြင်တတ်ပါမည်။ အတိုက်အခံများ တွေ့ ရလေ မိမိသွေးကြွလာလေ ဖြစ်ပြီး မိမိအစွမ်းများ သူများ အားပိုမို၍ ပြနိုင်ပါမည်။

မိမိမှာ မကြာခဏ ခရီးယာယီသွားရတတ်မည်။ မည် သည့်အလုပ်ကိုလုပ်လုပ် တစ်ဘဝလုံး ငါးကြိမ်၊ ခြောက်ကြိမ်၊ ပြောင်းလဲ လုပ်ရတတ်မည်။ မိမိမှာ မကြာခဏ အိမ်တွင် မပျော် ဖြစ်နေမည်။ပျင်းရိနေတတ်မည်။ ထို့ ကြောင့် ခရီးထွက်လိုတတ်မည်။ သို သော် ခရီးထွက်ပြီးလည်း မပျော်တတ်ပါ။ (၁၈) ရက် သွားမည် ဟု ပြောသွားလျှင် (၇) ရက်နှင့် ပြန်လာတတ်မည်။ မိမိ၏ လက်ဝါးပြင်၌ လည်း ကောင်း၊ ဂြိုလ်ခွင်၌ လည်းကောင်း နိုင်ငံခြားသွားရန် အမှတ်အသား များ ပါနိုင်ပါသည်။

မိမိမှာ အိမ်ထောင်ရေး နှင့် ပတ်သတ်၍ မိမိအပေါ် ကောင်းသော မိန်းမနှင့် ရတတ်မည်။ မိမိအပေါ် စေတနာထားသော မိန်းမနှင့် ရတတ်ပါသည်။ မိမိအပေါ် အထူးအနစ်နာခံသော မိမိအန္တတာခံသော မိန်းမနှင့် ရတတ်ပါသည်။ မိမိ၏ ဇနီးမှာ သူ အတွက်မပူတတ်ပါ။ မိမိအတွက်၊ မိမိ၏ သားသမီးအတွက် ပူနေတတ်မည်။ မိမိ၏ မိန်းမက သဘောကောင်းပြီး ပြတ်သားပါသည်။ အမြဲတမ်း မိန်းမက မှန်နေတတ်သော ကြောင့် မိမိက မိန်းမကွယ်ရာသာ ထင်ရာလုပ်တတ်မည်။ မိန်းမရှေ့တွင် သူတော် ကောင်း ဟန်ဆောင်နေတတ်ပါမည်။

မိမိမှာ ကျန်းမာရေး ကောင်းပါသည်။ ထိုင်နေရလျှင်၊ အလုပ်မရှိလျှင်သာ ကျန်းမာရေး မကောင်း ဖြတ်တတ်မည်။ မိမိ၌ သွေးနှင့် ပတ်သက်သော ရောဂါ များ၊ သွေးစုနာ၊ သွေးအားနည်း ရောဂါ၊ လိပ်ခေါင်း၊ ဘရင်ဂျီနာ စသဖြင့် များ ဖြတ်တတ်ပါမည်။ ရောဂါ ပေးသော် လည်း ဘေးအန္တရာယ်မရှိပါ။ မိမိမှာ အလုပ်လုပ်ရလေ ကျန်းမာရေး

ကောင်းတတ်ပါမည်။ မိမိကံမှာ အသက်ကြီးလေ လူပို၍နှင့် ပိုတူလာလေ ဖြစ်မည်။ စိတ်ပို၍ ကိုယ်န သွက်လက်ပေါ့ပါး တတ်မည်။

မိမိဘဝတွင် အသက် (၁၆) နှစ်၊ (၂၂) နှစ်၊ (၂၈) နှစ်၊ (၃၀ ) နှစ်၊ (၃၄) နှစ်၊ (၄၀) နှစ်၊ (၄၈ ) နှစ်၊ (၅၂) နှစ်၊ (၅၆) နှစ် များ ၌ ထူးထူးခြားခြား အပြောင်းအလဲများ ဖြစ်တတ်ပါသည်။ မိမိဘဝ၌ ကောင်းကျိုး နှင့် ဆိုးကျိုး များ ကို ခံစားရပါမည်။

မိမိနှင့် သင့်တော် သော ကျောက်မြက် ရတနာများ မှာ စိန်နှင့် ရွှေများ ဖြစ်ပါသည်။ ငွေထည်ပစ္စည်းများ နှင့် မကောင်းပါ။ သံမဏိ (စတီးလ်) များ နှင့် လည်း မကောင်းပါ။

မိမိနှင့် သင့်တော် သော အရောင် မှာ ဖျော့တော့သော အရောင် များ ဖြစ်ပါသည်။ ဘုရားတွင် ပန်းမျိုး စုံတင်ပေးပါ။ မကောင်းပြေ၍ ကောင်းကျိုး မင်္ဂလာ ဖြစ်ထွန်းပါလိမ့်မည်။

•••

## ညှင်းဖဲ (၉)

အကယ်၍ သင်နှိုက်ယူလိုက်သော ဖဲမှာ ညှင်းဖဲ (၉) ဖြစ်နေလျှင်၊ သင့်ဘဝတစ်ခုလုံး အခြေအနေအရပ်ရပ်တို့ သည် အောက်ပါအတိုင်း ဖြစ်ပါလိမ့်မည်။

ဤညှင်းဖဲ (၉) ရသော သူတို့ သည် ဘဝတစ်သက်လုံး ဆံထုံးထုံး၊ ဆီစိုက်၊ အဆဲခံဘဝ ဖြစ်ပါမည်။ မိမိတို့ ဘဝမှာ ပေးကားပေးရမည်။ ကျွေးကားကျွေးရမည်။ အသွားသာရှိပြီး အပြန်မရှိသော သူတို့ နှင့် သာ လုံးလည်ပတ်နေရပြီး ထိုသူများ ကြောင့် ဘဝနာရသော သူများ ဖြစ်ရတတ်ပါသည်။ ကောင်းလှချည်ရဲ့၊ အားကိုးရကောင်းတန်ရဲ့၊ ယုံကြည်လောက်ပါရဲ့ဟူ၍ ထင်တစ်လုံးနှင့် ပေါင်းသင်းဆက်ဆံလာခဲ့သော မိမိ၏ ဆွေမျိုး

ညာတိများ၊ အပေါင်းအသင်းများ၊ မိတ်သင်္ဂဟများ မှာ မိမိတကယ် တန္တုလက်တွေ့ ဒုက္ခမိုး ဖြိုင်ဖြိုင်ရွာသော အခါမှ သိပါမည်။ မိမိကို နောက်ကျောပေး ရန်နေနေသာသာ သူတို့၏ အရိပ်ကိုပင် အနင်းခံလိမ့်မည် မဟုတ်ပါ။

ထိုးနှင့် ဖိနပ်၏ ကျေးဇူးကို နေပူရှိန်ပြင်းပြင်း အောက်၌ သွားလာကာမှ သိသလို မိမိ၏ မိတ်ဆွေသင်္ဂဟ၊ ဆွေမျိုး ညာတိများ အကြောင်းကိုလည်း မိမိ၏ ဒုက္ခ၊ မိမိ၏ ပြဿနာရှိကာမှ သိပါလိမ့်မည်။ မိမိ၏ အားနာမှု၊ မိမိ၏ လိုက်လျောမှု၊ မိမိ၏ ခင်မင်မှုတို့၏ ရလာဒ်မှာ မိမိ၏ စိတ်စက်မကောင်းရမှု၊ စိတ်ညစ်ရမှုပင် ဖြစ်ပါသည်။ ထို့ကြောင့် မိမိမှာ အပေါင်းအသင်းနည်းနိုင်သလောက် နည်းခြင်းသည် မိမိဘဝ အောင်မြင်မှုပင် ဖြစ်ပါလိမ့်မည်။ သို့သော် မိမိ၏ စိတ်မှာ ခွေးမြီးကောက် ကျည်တောက်စွပ်ပင် ဖြစ်ပါမည်။ မိမိမှာ ပျော်ပျော်ရွှင်ရွှင်နှင့် ပေါင်းသင်နေထိုင်ရမှ ပျော်ရွှင်တတ်မည်။ မိမိမှာ ပျော်ပျော်ရွှင်ရွှင်နှင့် ပေါင်းသင်းနေထိုင်ရမှ ပျော်ရွှင်တတ်မည်။ စိတ်ပျော်တတ်မည်။ မိမိက တစ်ယောက်ထီးထီးနေရလျှင် အလွန် ပျင်းရိတတ်မည်။ မိမိ၏ အားနည်းချက်ကပင် မိမိအတွက် ဒုက္ခပေးလျက်ရှိပါသည်။

မိမိမှာ စိတ်ရင်းစေတနာကောင်း တတ်ပါသည်။ စိတ်သဘောထား နူးညံ့သိမ်မွေ့ပြီး ယဉ်ကျေးတတ်သည်။ အမြဲတမ်း ချိုချိုသာသာပြောဆိုတတ်ပြီး တစ်ဖက်သား စိတ်ချမ်းသာအောင် ပြောဆိုလုပ်ကိုင်တတ်သော စိတ်ရှိသည်။ မိမိစိတ်ထဲမှာ မိမိစိတ်ချမ်းသာလို အများ ကိုလည်း စိတ်ချမ်းသာစေချင်သည်။ မိမိက လူတစ်ဖက်သား၏ စိတ်ရင်းစေတနာကို သိတတ်သည်။ သူများ ၏ အလိုကို နားလည်တတ်သည်။ သူများ အထာကို သိလွန်း၍ မိမိတွင် ကုန်ဆုံးခဲ့သည် ကလည်း များ လှပါသည်။

မိမိဘဝတွင် ဒုက္ခအမျိုး မျိုး ကိုလည်း ခံစားရတတ်သလို သုခအမျိုး မျိုး ကိုလည်း ခံစားခဲ့ရတတ်ပါသည်။ မိမိဘဝမှာ အောက်သက်ကျေပြီး တက်လာရသော ကြောင့် မည်မျှဒုက္ခရောက်သော်လည်း မပူမပင် မကြောင့် မကြတတ်သလို၊ မည် မျှဝမ်းသာပျော်ရွှင်မြူးတူးဖွယ်ရာ တွေ့သော်လည်း တုန်လှုပ်ချောက်ချားတတ်သူ မဟုတ်ပေ။ သို့ကြောင့် မိမိပတ်ဝန်းကျင်က မိမိမိသားစုများ က မိမိကို မကြာခဏ အပူမရှိသူ၊ ပေါ့ပေါ့ဆဆနေသူ၊

အိမ်၏ ဒုက္ခကို မသိသူဟူ၍ မြည် တွန် တတ်ပါသည်။ အမှန်မှာ မိမိမှာ ဒုက္ခနှင့် သုခအကြောင်း တိုတောင်းစွာ အရသာခံစားပြီး ဖြစ်သမျှအကောင်းဟူသော စိတ်နှင့် နေခြင်းသာ ဖြစ်သည်။

မိမိမှာ အပြင်ဘမ်းကကြည့်သော် အားမရဖွယ်ရာ၊ ပျင်းရိဖွယ်ရာ၊ အထင်သေးဖွယ်ရာ ဖြစ်သော်လည်း မိမိ၏ စိတ်ရင်းကို သိသော သူများ က မိမိ၏ အစွမ်းကို သိသော သူများ က မိမိကို အလွန်အထင်ကြီးတတ်ပါမည်။မိမိမှာ အပြင်ဘမ်းအနေနှင့် ဝေဖန်လျှင် တန်ဖိုး မရှိသော်လည်း အတွင်းကျကျ ဝေဖန်မှသာလျှင် မိမိ၏ တန်ဖိုးကို သိမည် ဖြစ်သည်။ မိမိ၏ ပုံပန်းသဏ္ဌာန်မှာ ပျင်းရိထိုင်းမှိုင်းဟန်ရှိသော်လည်း လက်တွေ့ပိုင်း၌ မိမိမှာ အလွန်ပေါ့ပါးလျှင် မြန်ဖျတ်လတ်ပါသည်။ အလုပ်တစ်ခုကို သွက်လက်ချက်ချာစွာ လုပ်တတ်ပါမည်။ မိမိမှာ အလုပ်အကိုင်တွင် အလွန်စိတ်မြန်ကိုယ်မြန် ရှိပါသည်။

မိမိမှာ မည် သည့်အလုပ်ကို လုပ်လုပ် စိတ်ပါဝင်စားစွာ လုပ်ကိုင်တတ်မည်။ သေချာကျနစွာ လုပ်ကိုင်တတ်မည်။ ထို့ကြောင့် လည်း မိမိလုပ်သမျှ အလုပ်များ မှာ အနည်းနှင့် အများ အကျိုး ရှိတတ်ပါသည်။ သို့သော် မိမိမှာ လူတစ်ဖက်သားအပေါ် အလွန်အားနာတတ်ပါမည်။ လိုက်လျောတတ်ပါမည်။ ကိုယ်ချင်းစာနာတတ်ပါမည်။ သည်းခံတတ်ပါမည်။ သို့တွက် မိမိရရှိမည့် အခွင့်အရေး များ မိမိရရှိသင့်သော အခွင့်အရေး များ ကို သူများ အား စေတနာနှင့် ပေးတတ်မည်။ မိမိလုပ်ပြီး သူများ ၌ အကျိုး ရှိကာ မိမိ၌ ဗလာကျန်ရစ်ခဲ့တတ်သည်။

မိမိက မည် သည့်အခါ၌ မဆို အလုပ်လုပ်သူများ နှင့် စပ်တူ မလုပ်ရ။ သူများ နှင့် ရှယ်ယာမလုပ်ရ။ မိမိက သူများ နှင့် လုပ်လျှင် မကောင်းပါ။ မိမိလုပ်ပြီး သူများ က အကျိုး ခံစားရတတ်ပါမည်။ နောက် စာရင်းအလုပ်နှင့် မကောင်းပါ။ မိမိမှာ အုပ်ချုပ်ရသော အလုပ်၊ စီမံခန့်ခွဲရသော အလုပ်မျိုး များ နှင့် ကောင်းပါသည်။ ရေရှည်စီမံကိန်းများ ချ၍ လုပ်နေမည် အတူတူ ရေတိုစီမံကိန်းများ လုပ်လျှင် ပို၍ အကျိုး ပေးပါမည်။ မိမိမှာ ကြာရှည်ဆွဲ၍ လုပ်နေရလျှင် ပို၍ အကျိုး ပေးပါမည်။ မိမိမှာ ကြာရှည်ဆွဲ၍ လုပ်နေရလျှင် စိတ်မရှည်တတ်ပါ။

မိမိက အလုပ်တစ်ခုကိုမလုပ်ခင် စဉ်းစားလွန်းတတ်သလောက်၊ တွေးတောလွန်းတတ်သလောက် တကယ်အလုပ်လုပ်သော အခါ အလွန်မြန်ဆန်ပါမည်။ သိုသော် ကြာရှည်လုပ်ရလျှင် စိတ်မပါဘဲ လုပ်နေရင်းတန်းလန်းနှင့် နောက်တစ်ခုသို့ ပြောင်းသွား တတ်၍ လက်ရှိအလုပ်မှာ မိမိအတွက် နစ်နာရတတ်ပါသည်။ သို့ကြောင့် အလုပ်တစ်ခုကိုမလုပ်ခင် အလွန်စဉ်းစားပါ။ ကြာကြာလုပ်ရမည့် အလုပ်မျိုး ဆိုလျှင် ဝေးဝေးရှောင်ပြီး လတ်တလောလုပ်ရမည့် အလုပ်ဆိုလျှင် သွက်သွက်ကလေးသာလုပ်ပါ။

မိမိမှာ ရိုးသားဖြောင့်မတ်ပါသည်။ အလှည့်အပတ် နားမလည် တတ်ပါ။ သိုသော် မိမိက မည် မျှရိုးရိုးသားသား ဆက်ဆံပြောဆို သော်လည်း အများ က မိမိကို လိမ်သည်၊ ညာသည်၊ ကောက်ကျစ်သည်၊ အခွင့်အရေး ယူသည်ဟူ၍ ထင်မြင်ကြပါမည်။ ဤသို့ ဖြစ်ရခြင်းမှာ မိမိက ရိုးသားစွာ ပြောဆိုပြီး ပွင့်လင်းစွာ လုပ်ကိုင်တတ်သဖြင့် တစ်ခါတစ်ရံ အတိမ်းအစောင်း ဖြစ်သွားပြီး အများ ၏ အထင်အမြင်သေးခြင်းကို ခံရတတ်ပါ ၏။မိမိကို သူများ က နမ်းတစ်စေ့တင်သော်လည်း သဘောမကျတတ်ပါ။ မိမိကလည်း သူများ ကို မစတတ်ပါ။ မိမိကို စလျှင်လည်း မကြိုက်တတ်ပါ။ မိမိမှာ လူရိုးစိတ်တိုသမား ဖြစ်သည်။ မိမိမှာ မကြာခဏ မတတ်ဘဲ ဆရာလုပ် ခြင်းခံရတတ်သည်။ ထို့ကြောင့် အလွန်ဒေါသထွက်တတ်မည်။ အောင့်သက်သက် ခံရတတ်မည်။ မခံချင်ဘဲ သည်းခံရတတ်မည်။

မိမိမှာ အလုပ်၌ သော်လည်းကောင်း၊ ငွေကြေး၌ သော်လည်းကောင်း လောဘကြီးပါသည်။ စိတ်ထဲက လောဘကြီးသလောက် အလိုကြီးသလောက်၊ လက်တွေ့၌ ရသမျှနှင့် တင်းတိမ်နေရတတ်မည်။ မိမိမှာ ငွေစု၍ မရတတ်ပါ။ မိမိမှာ ကပ်စေးနည်းသောလည်း အဟောတိကံ ငွေကုန်ကြေးကျများ နေတတ်မည်။ မိမိက ငွေတစ်ရာ စုမည် ဟု ရည်ရွယ်လျှင် တစ်ရာ့ငါးဆယ်လောက် ကုန်နေတတ်မည်။ မိမိမှာ ဒုတိယအရွယ်ကုန်ခါနီး လောက်မှစ၍ ငွေစုနိုင်ပါမည်။ မိမိမှာ မကြာခဏ ငွေစုပုံစုလိုက် ထွက်နေပါမည်။

မိမိမှာ ပညာရေး နှင့် ပတ်သက်၍ တစ်နှစ် တစ်တန်း မှန်မှန်အောင်ပါမည်။ သိုသော် မိမိက ပညာကို အထင်မကြီးပါ။ ပညာဖြင့် အလုပ်လုပ်လိုစိတ် မရှိတတ်ပါ။ ပညာကို

ပေါ့ပေါ့ဆဆသင်တတ်မည်။ သို့သော် မိမိမှာ အလွန်ဉာဏ်ကောင်းပါသည်။ ဖြတ်ထိုးဉာဏ်ကောင်းပါသည်။ မိမိမှာ နည်းနည်း ပြလျှင် များများ တတ်သိနားလည်သော ဦးနှောက်ရှိပါသည်။ မည် သည့်ပညာရပ်တွင် မဆို တတ်သည့်လိုစိတ်၊ သိချင်စိတ်ရှိသော ကြောင့် ပညာရပ်တိုင်း၌ နားလည်တတ်ပါသည်။

မိမိမှာ အိမ်ထောင်ရေး နှင့် ပတ်သက်၍ မိမိပူနေရသော အိမ်ထောင်ဖက်နှင့် ရတတ်ပါသည်။ မိမိ အားမလိုအားမရ ဖြစ်သော အထင်သေးသော အိမ်ထောင်ဖက်နှင့် ရတတ်ပါမည်။ မိမိအိမ်ထောင် ဖက်မှာ ပေါ့တိပေါ့ဆ နေတတ်မည်။ ကလေးဆန်ဆန်နေတတ်မည်။ အပူအပင် အကြောင့် အကြမရှိ နေတတ်မည်။ ဒုက္ခမသိ နေတတ်မည်။ မိမိမှာ အိမ်ထောင်ဖက်အတွက် အမြဲတမ်းပူနေရမည်။ မိမိက သနားစိတ်၊ ကြင်နာစိတ်ကြီးမားပါသည်။ အလွန်ဒေါသထွက်လျှလက်ပါတတ်ပါမည်။ မိမိတို့ မှာ မကွဲတတ်သော်လည်း မကြာခဏတကျက်ကျက် ဖြစ်နေရတတ်ပါမည်။

မိမိမှာ ကျန်းမာရေး နှင့် ပတ်သက်၍ လေနှင့် ပတ်သက်၍ သတိထားရပါမည်။ မိမိမှာ ဝမ်းဗိုက်မကောင်းတတ်ပါ။ မကြာခဏ လေနာ၊ ရင်နာ ဖြစ်မည်။ လေထိုးတတ်မည်။ အစာအိမ် ဒုက္ခပေးတတ်ပါမည်။ ရောဂါ ရသော်လည်း ဘေးမရှိတတ်ပါ။

မိမိဘဝတွင် အသက် (၁၀) နှစ်၊ (၁၅) နှစ်၊ (၂၀) နှစ်၊ (၂၅) နှစ်၊ (၃၀) နှစ်၊ (၃၅) နှစ်၊ (၄၀) နှစ်၊ (၄၅) နှစ်၊ (၅၀) နှစ်၊ (၅၅) နှစ် များ ၌ မိမိဘဝတွင် ထူးထူးခြားခြား အပြောင်းအလဲများ ဖြစ်တတ်ပါသည်။ မိမိဘဝ၌ ကောင်းကျိုး နှင့် ဆိုးကျိုး များ ကို ခံစားရပါမည်။

မိမိသင့်တော် သော ကျောက်မျက်ရတနာများ မှာ နီလာ၊ ကျောက်ဖြူနှင့် မှိုင်းထသော ကျောက်များ ဖြစ်ပါသည်။ မိမိမှာ ကျန်းမာရေး မကောင်း ဖြစ်လျှင် ကျောက်နီကို ရှောင်ပါ။ မိမိမှာ အနီရောင် နှင့် မကောင်းပါ။ အနီရောင် ဝတ်လျှင် လာဘ်တိတ်မည်။ ကျန်းမာရေး မကောင်း ဖြစ်တတ်မည်။ မိမိမှာ ငွေရစရာရှိ၍ သော်လည်းကောင်း၊ အလုပ်အကိုင်အတွက် စကားပြောစရာရှိလျှင်သော်လည်းကောင်း၊ ကျောက်ဖြူကိုဆောင်၍ ပြောဆိုလုပ်ကိုင်ပါ။ အထူးအောင်မြင်တတ်ပါမည်။

မိမိနှင့် သင့်တော် သော အရောင် များ မှာ အဝါရောင် ၊ ရွှေရောင် ၊ လိမ္မော်ရောင် များ ဖြစ်ပါသည် ။ အထူးသဖြင့် အဝါရောင် ပစ္စည်းများ ကို ဆောင်၍ လုပ်ကိုင်လျှင် အထူးကောင်းပါသည် ။

မိမိမှာ ကျန်းမာရေး မကောင်း ဖြစ်လျှင် ၊ စီးပွားရေး ကျဆင်းနေလျှင် ၊ အလုပ်အကိုင်အဆင်မပြေ ဖြစ်နေလျှင် ၊ ကံဆိုးနေလျှင် ဘုရား၏ မွေးနံ့မှ ထီး ၊ တံခွန် ၊ ကုက္ကား (၅) ခုစီ လှူဒါန်းပါ ။ ဘုရားကို ရွှေချပေးပါ ။ မကောင်းပြေ၍ ကောင်းကျိုး မင်္ဂလာ ဖြစ်ထွန်းပါလိမ့်မည် ။

•••

## ညှင်းဖဲ (၁၀)

အကယ်၍ သင်နှိုက်ယူလိုက်သော ဖဲမှာ ညှင်းဖဲ (၁၀) ဖြစ်နေလျှင် ၊ သင့်ဘဝတစ်ခုလုံး အခြေအနေအရပ်ရပ်တို့ သည် အောက်ပါအတိုင်း ဖြစ်ပါ လိမ့်မည် ။

ဤ ညှင်းဖဲ (၁၀) ရရှိသော သူတို့ သည် ရိုးသားပွင့်လင်းပြီး စိတ်သဘော ကောင်းသူများ ဖြစ်ကြပါသည် ။ ယဉ်ကျေးသိမ်မွေ့ ပြီး ချိုသာသော စိတ်ရှိသည် ။ လူများ ကို ခင်မင်တတ်ပြီး စိတ်သဘောကောင်းတတ်ပါသည် ။ အမြဲတမ်း အေးအေးဆေးဆေး နေပြီး ငြိမ်းငြိမ်းချမ်းချမ်းနေလိုသော စိတ်ရှိတတ်သည် ။ မည် မျှပြဿ နာကြီးကြီးသွေးအေးအေးနှင့် ကိုယ်ပိုင်ဆုံးဖြတ်တတ်သော စိတ်ရှိပါသည် ။ မည် သည့်အလုပ်မဆို သွေးအေးအေးနှင့် လုပ်ကိုင်တတ်သော စိတ်ရှိသည် ။ မိမိမှာ လုပ်ရည်ကိုင်ရည်ရှိသလောက် အရည်အချင်းနှင့် ပြည့်စုံသူလည်း ဖြစ်ပါသည် ။

မိမိ၏ ထက်မြက်စူးရှသော အရည်အသွေးများ မှာ မိမိ၏ ပင်ကိုယ်ကြောင့် ပေါ်ထွက်မလာတတ်ပါ ။ မိမိ၏ ပင်ကိုယ်စိတ်သဘာဝမှာ အေးအေးနေတတ်မည် ။

ရှိုးရှိုးနေတတ်မည်။ ဖာသိဖာသာ နေတတ်မည်။ မထုံတတ်သေး နေတတ်မည်။ ဟိုရောရော သည့်ရောရာ ဝါသနာမရှိတတ်ပါ။ ဟေးလား ဝါးလား ဝါသနာမရှိတတ်ပါ။ မိမိဖာသာ အိမ်၏ ချောင်ထဲနေရသော် လည်း ပျော်နေတတ်သော စိတ်ရှိမည်။ အမှန်မှာ မိမိမှာ မည် သည့်အလုပ်ကိုမဆို အေးတိအေးစက်နှင့် စဉ်းစားဆင်ခြင်တိုင်းတာပြီး လုပ်ကိုင်နေတတ်မည် ။ လူများ လို စိတ်မြန်ကိုယ်မြန် ဝုန်းဝုန်းဒိုင်းဒိုင်း မလုပ်တတ်ပါ။ လနောက် မိမိ က ကောင်းမကောင်း အကျိုး ရှိ ၊ မရှိ အလွန် စဉ်းစားတတ်မည်။ မိမိ၏ အရည်အချင်းများ မှာ မိမိပတ်ဝန်းကျင်ကြောင့် ထက်မြက်စွာ ထွက်ပေါ်လာပါမည်။

မိမိက မဟုတ်မခံစိတ်ရှိသည်။ မခံချင်စိတ်ကြောင့် ကြိုး စားတတ်မည်။ မိမိက သူများ အကြောမခံလိုသူ ဖြစ်သလို မိမိထက် သူများ တော် သည့်ဟူ၍ လည်း မကြားချင်သူ ဖြစ်သည်။ မိမိကသာ သူများ ထက်ပို၍ ပို၍ အောင်မြင်အောင် ၊ ထင်ရှားအောင် ကြိုး စားတတ်မည်။ မိမိက အမြဲတမ်း အနိုင်ရယူလိုသူ ဖြစ်ပါသည်။ အနိုင်ရအောင်လည်း မ ဖြစ်မနေကြိုး စားတတ်သူ ဖြစ်ပါသည်။ မိမိဘဝ၌ သူများ အထင်မသေးအောင် မ ဖြစ်မနေ လုပ်တတ်ပါမည်။ မိမိမှာ မ ဖြစ်သည်က မရှိသလို မလုပ်နိုင်သည်က မရှိပါ။

မိမိ၏ အောင်မြင်ရေး ၊ ကျော်ကြားရေး ၊ ထင်ရှားရေး များ မှာ မိမိပတ်ဝန်းကျင်၌ မူတည်ပါသည်။ မိမိမှာ မည် သည့်အလုပ်ကို လုပ်လုပ် အမြဲတမ်း အစကနဦး၌ အတိုက်အခံအမျိုး မျိုး ၊ အဖျက်အဆီးအမျိုး မျိုး ၊ အနောက်အယှက်အမျိုး မျိုး ကို တွေ့ ရတတ်ပါသည်။ မိမိမှာ မကြာခဏ သပုတ်လေလွင့် အပြောခံရပါမည်။ ဂျောက်တွန်းခံရတတ်မည်။ သို့ သော် မိမိကို မည် သူက မည် သို့ လုပ်ပါစေ ၊ နောက်ဆုံး မိမိကသာ မှန်သည် ၊ မိမိကသာ ဟုတ်သည်ဟူ၍ ဖြစ်သွားတတ်ပါမည်။ မိမိကို နှောက်ယှက်သူများ ၊ ပြိုင်ဆိုင်သူများ ၊ အတိုက်အခံ လုပ်သူများ သည် နောက်ဆုံး မိမိကို သာ အရှုံး ပေးကြရပါမည်။ မိမိကို တောင်းပန်ကြရပါမည်။ မိမိကို မကောင်းကြံသူများ သည် မိမိရှေ့တွင် မကောင်း ဖြစ်သွားမည် ကို တွေ့ ရပါမည်။ မိမိက မည် သူ့ ကိုမဆို စေတနာထားပါ။ အများ ကို မေတ္တာပို့ သပါ။ မိမိ၏ မေတ္တာနှင့် အတူ မိမိကို မကောင်းလုပ်သူများ ပါ သွားပါလိမ့်မည်။ မိမိမှာ မခံချင်သူ ဖြစ်ရာ မိမိအတိုက်အခံလုပ်လေ

မိမိ၏ အရည်အချင်းပေါ်လာလေ ဖြစ်တတ်မည်။ သို့ကြောင့် မိမိမှာ ပူစရာမရှိတတ်ပါ။

အားလုံးကောင်းသော်လည်း တစ်ခါတစ်ရံ ရည်ရွယ်ချက်မဲ့အလုပ်များ လုပ်နေတတ်မည်။ ဦးတည်ချက်မရှိဘဲ လုပ်နေတတ်မည်။ တစ်ခါတစ်ရံ အကျိုး မရှိမှန်း သိရက်သားနှင့် ဇွတ်လုပ်တတ်မည်။အများ က အထင်အမြင်ကြီးရေး အတွက် မိမိ၏ အခွင့်အရေး များ ကို စွန့်လွှတ်တတ်မည်။ မိမိ၏ စိတ်မှာ သူများ လုပ်ပြီးသား အလုပ်များ ကို မလုပ်ချင်တတ်ပါ။ ပထမ လိုချင်သော အတ္တသမား ဖြစ်ပါသည်။ တစ်ခါတစ်ရံ ဒုတိယရလျှင် မိမိကိုယ်မိမိ အပြစ်တင်မဆုံး ဖြစ်နေတတ်မည်။ မိမိ၏ စိတ်မှာ သူများ မလုပ်နိုင်သော အလုပ်များ သူ များ မကြံစည်နိုင်သော အလုပ်မျး၊ သူများ အံ့အားသည့်စေမည့် အလုပ်များ၊ သူများ လက်မြှော က်ထားရသော အလုပ်များ ကို မိမိအကျိုး ရှိ၊ မရှိ ဇွတ်လုပ်တတ်မည်။

တစ်ခါတစ်ရံ အရမ်းအကျိုး ရှိသွားတတ်ပြီး၊ တစ်ခါတစ်ရံ အလွန်ဆုံးရှုံး သွားတတ်ပါမည်။ အလုပ်တစ်ခုကို ဇွဲနှင့် လုပ်မည်။ ဝီရိယနှင့် လုပ်တတ်မည်။ မ ဖြစ်မနေလုပ်တတ်မည်။ အပြီးသတ်မလုပ်ရလျှင် ညအိပ်မပျော်တတ်သူ ဖြစ်သည်။ မပြီးမချင်း ထိုင်ရာမထ လုပ်တတ်ပါမည်။ သို့သော် လုပ်မည် လုပ်မည် နှင့် ကြာနေတတ်သည်က ဆိုးလှပါသည်။ မိမိမှာ လုပ်လျှင်လည်း အများ က အံ့အားသင့်ရမည် ဖြစ်သလို မလုပ်လျှင်လည်း အများ က အပြစ်တင်ရမည် ဖြစ်သည်။ အမှန်မှာ အိပ်ပျော်နေ သော နဂါးကြီးလို ဖြစ်ပါသည်။

မိမိမှာ ငွေနှင့် နီးပါသည်။ အများ က ငွေယူပါ၊ အလုပ်လုပ်ပါ၊ စပ်တူလုပ်ပါနှင့် ငွေကြေး , မ စတတ်မည်။ မိမိကလည်း လုပ်တတ် မည်။ လုပ်ပြီးမှ နောင်တရပြီး စိတ်ညစ်နေရမည်။ စပ်တူမလုပ်ရ။ စပ်တူလုပ်လျှင်လည်း အကျိုး မရှိတတ်ပါ။ မိမိက ပျိုး ထောင်ရမည်။ အောင်မြင်အောင်လုပ်ရမည်။ နောက် မိမိက စွန့်ပစ်၍ သွားရမည်။ လုပ်ပြီးမှ နောက်ဆုံး သူများ က အကျိုး ရှိနေပါမည်။ ရေထမ်းရောင် းရောင် း၊ ကွမ်းယာရောင် းရောင် း သူများ နှင့် စပ်တူမလုပ်ပါနှင့် သီးခြားလုပ်ပါ။ ကိုယ်ပိုင်လုပ်ပါ။

မကြာခဏ ငွေကြေးများ ရတတ်ပါမည်။ ဘေးပေါက်ရပါမည်။ လာဘ်ရွှင်၍ ငွေရသော်လည်း ငွေမမြဲတတ်ပါ။ ငွေရလွယ်သလောက် ငွေကုန်လွယ်နေတတ်မည်။

အဟောတိက ငွေကုန်တတ်မည် ။ စိတ်ထဲက ကပ်စေးနဲပါသည် ။ စိတ်ထဲက စည်းကမ်းရှိသော်လည်း လက်တွေ့၌ စည်းကမ်းမရှိတတ်ပါ ။ မိမိလိုချင်လျှင် မည် မျှတန်ဖိုး ဖြစ်နေပါစေ မရ , ရအောင် ဝယ်တတ်မည် ။ အလွန်လောဘကြီးတတ်ပါသည် ။ သို့သော် လက်တွေ့၌ ရသမျှနှင့် တင်းတိမ်နေ တတ်မည် ။

တစ်သက်လုံး ငွေချေးလုပ်ငန်း မလုပ်ရ ၊ လက်လွတ် ငွေမချေးရ ။ မိမိ က အလွန်လွယ်ပါသည်။ တစ်ယောက် ယောက် က အကူအညီတောင်လျှင် အိတ်ထဲက ထုတ်ပေးတတ်ပါမည် ။ နောက်ကို ပြန်မကြည့်ဘဲ အမြဲတမ်း ရှေ့ကိုသာကြည့်တတ်သူ ဖြစ်ရာ တစ်ခါတစ်ရံ အလွန်ပြဿ နာ ဖြစ်တတ်ပါသည် ။ သူများ ကို ငွေလက်လွတ်ပေးလျှင် မည် သည့်အခါမျှ ပြည့်ပြည့်ဝဝ ပြန်မရတတ်ပါ ။ အလွန်စိတ်ညစ်ပြီးမှ ရပါမည် ။ သို့သော် တစ်ခါတည်းဆုံးရှုံး သွားခြင်း မရှိပါ ။ အလွန်စိတ်စက်မကောင်းပြီးမှ ပြန်ရတတ်ပါမည် ။ သူများ အတွက် တာဝန်ခံလျှင် ၊ ခံဝန် ၊ ခံတန်းလုပ်လျှင်လည်း သူများ အတွက် အလျော်ပေးရတတ်ပါမည် ။ အထူးသတိပြုပါ ။ ငွေချေးသူများ ကို မယုံကြည့်ရ ။ လက်တစ်လုံးခြား အလိမ်ခံရတတ်ပါသည် ။ အထူးဂရုစိုက်ပါ ။ ငွေအတွက် မကြာခဏ စိတ်ညစ်ရပါမည် ။

ပညာရေး နှင့် ပတ်သက်၍ အနည်းငယ်မေ့တတ်ပါသည် ။ ချက်ချင်း ဖတ်လျှင် ချက်ချင်း မှတ်မိသော်လည်း ၊ ကြာသွားလျှင် မေ့တတ်ပါမည် ။ ကျက်စာထက် တွက်စာများ ကို ပို၍ ဝါသနာပါတတ်မည် ။ စာမေးပွဲအောင်တတ်ပါမည် ။ ကြိုး စားသလောက် အောင်မြင်တတ်ပါမည် ။ အသက် (၂၁) နှစ် ကျော်သွားလျှင် ပညာရေး တွင် စိတ်မပါ ဖြစ်တတ်မည် ။ ကြိုး စားလျှင် ဘွဲ့ ဒီဂရီရတတ်ပါမည် ။

အိမ်ထောင်ရေး နှင့် ပတ်သက်၍ ယောက္ခမအိမ်တက် သမက်မျက်နှာငယ်ဘဝနှင့် နေရတတ်ပါသည် ။ မိန်းမဘက်ဆွေမျိုး များ က ဝင်ရောက်စွက်ဖက်ခြင်း ခံရပါမည် ။ မခံချင် ဖြစ်မည် ။ မည် မျှစေတနာ နှင့် အကောင်းလုပ်သော်လည်း အကောင်းမထင်တတ်ပါ ။ စေတနာကို ဝေဒနာ ထင်နေတတ်မည် ။ မကြာခဏမိန်းမနှင့် တိုက်ပေးပါမည် ။ အကောင်းဆုံးမှာ မိမိတို

လင်မယားနှစ် ယောက် တည်း နေခြင်း ဖြစ်ပါသည်။ မိမိဘက်က ဆွေမျိုး များ နှင့် နေလျှင် မိန်းမနှင့် စကားများ ရတတ်သလို ၊ မိန်းမဘက်က ဆွေမျိုး နှင့် စိတ်ညစ်၍ အိမ်က ဆင်းပြေးရတတ်ပါသည်။ လင်ကိုယ်မယား နှစ် ယောက် နေလျှင် တစ်ယောက် ကို တစ်ယောက် အလွှန် သည်းခံကြပြီး အလွှန်သင့်မြတ်ကြပါမည်။

ကျန်းမာရေး နှင့် ပတ်သက်၍ မျက်စေ့အားနည်းတတ်ပါသည်။ မျက်မှန်တပ် ရတတ်ပါသည်။ မကြာခဏ ခေါင်းကိုက် ၊ ခေါင်းမူး ၊ ဇက်လေးများ ဖြစ်တတ်မည်။ မကြာခဏ အစာမကြေ၍ ဗိုက်နာ ၊ လေထိုး ၊ လေအောင့်များ ဖြစ်တတ်ပါမည်။ သို့ သော် အသက်ဘေးရန် မရှိတတ်ပါ။ ရောဂါ ပေးသော် လည်း ဘေးဥပါဒ် အန္တရာယ် မရှိတတ်ပါ။

မိမိဘဝတွင် အသက် (၉) နှစ် ၊ (၁၈) နှစ် ၊ (၂၇) နှစ် ၊ (၃၆) နှစ် ၊ (၄၅) နှစ် ၊ (၅၆) နှစ် ၊ (၇၂) နှစ် ၊ (၉၄) နှစ် များ တွင် ထူးထူးခြားခြား အပြောင်းအလဲများ ဖြတ်တတ်ပါသည်။ ကောင်းကျိုး နှင့် ဆိုးကျိုး များ ကို ခံစားရပါမည်။

သင့်တော် သော ကျောက်မြက်ရတနာများ မှာ ဥသဖ ဖယား ၊ ကျောက်စိမ်း ၊ နီလာများ ဖြစ်ပါသည်။ အကြံအစည်များ ပြုလုပ်သော အခါ ၊ ကျောက်စိမ်းကိုဆောင်၍ ပြု လုပ်ပါ။ ချစ်သူရည်းစားကို မိမိဘက်ပါစေလိုလျှင် နီလာလက်စွပ် လက်ဆောင်ပေးပါ။ အမြဲတမ်း သတိရနေပြီး မိမိလိုရာရောက်နိုင်၏။ ကျန်းမာရေး ချို့တဲ့နေလျှင် ကျောက်ဖြူမှအပ အခြားကျောက်များ ဆောင်ထားပါ။

သင့်တော် သော အရောင် များ မှာ အပြာရောင် နှင့် စိမ်းပုပ်ရောင် များ ဖြစ်ပါသည်။ အထူးသဖြင့် အဝါရောင် ကို ရှောင်ပါ။ မိမိအတွက် ကောင်း၏။

ကျန်းမာရေး မကောင်းလျှင် ၊ စီးပွားရေး အဆင်မပြေ ဖြစ်လျှင် ၊ အကြံအစည်များ ပြုလုပ်လျှင် ပန်းအပွင့် (၁၀၀) လှူပါ။ ပုတီးသက်စေ့လှူပါ။ မကောင်းပြေ၍ ကောင်းကျိုး မင်္ဂလာ ဖြစ်ထွန်းပါလိမ့်မည်။

•••

# ညှင်းဖဲ (ကုလား)

အကယ်၍ သင်နှိုက်ယူလိုက်သော ဖဲမှာ ညှင်းဖဲ (ဘုရင်) ဖြစ်နေလျှင်၊ သင့်ဘဝတစ်ခုလုံး အခြေအနေအရပ်ရပ်တို့ သည် အောက်ပါအတိုင်း ဖြစ်ပါလိမ့်မည်။

ဤညှင်းဖဲ (ဘုရင်) ရရှိသော သူများ သည် ဩဇာအာဏာ နှင့် ပြည့်စုံပြီး လူကြီး ဖြစ်ရသော ကံဇာတာ ဖြစ်ပါသည်။ အရာရာ၌ ရှေ့ဆောင်ဦးရွက်လုပ်ရပြီး အများ ၏ ရိုသေလေးစားခြင်း၊ အားကိုးယုံကြည်ခြင်းများ ခံရသော ကံဇာတာ ဖြစ်ပါသည်။ အများ ၏ အထင်အမြင်ကြီးခြင်းခံရပြီး အများ ၏ လေးစားခြင်းခံရသော သူ ဖြစ်တတ်ပါသည်။ သဘောကောင်းသည်။ စေတနာကောင်းသည်။ အများ အတွက် ကိုယ်ကျိုး စွန့်၍ လုပ်တတ်သော စိတ်ရှိပါသည်။ မိမိကို တစ်ယောက် ယောက် က အကူအညီတောင်လျှင် မ ဖြစ်မနေလုပ်ကိုင်ပေး တတ်မည်။ လူအား၊ ငွေအား၊ စိတ်အားဖြင့် ကူညီလုပ်ကိုင်ပေးတတ်မည်။ အိမ်သူအိမ်သားများ ထက် သူများ အပေါ်ပို၍ ကောင်းနေတတ်မည်။ အများ ဝန်ထမ်းဇာတာဟု ခေါ်ရပါသည်။

ကိုယ်ပိုင်အလုပ်ကို လုပ်လုပ်၊ အစိုးရလခစားလုပ်လုပ်၊ အမြဲတမ်းသူများ ကို စေတနာဝန်ထမ်း ကူညီနေရတတ်ပါမည်။ ထိုသို့ စေတနာဝန်ထမ်း ကူညီတတ်သော ကြောင့် လည်း မိမိဘဝ၌ ဘေးဒုက္ခရောက်လာလျှင် ကူညီမည့် သူများ၊ မစမည့် သူများ နှင့် တွေ့ ရတတ်ပါမည်။ အောက်သက်လည်း ကြေတတ်ပါသည်။ မိမိမှာ ဒုက္ခကို ကမ်းဆုံးအောင် ခံစားရဖူးတတ်သလို သုခကိုလည်း ထိပ်ဆုံးရောက်အောင် ခံစားခဲ့ရတတ်ပါသည်။ အထက်ဆိုလျှင် ဘဝဂ်သာရှိပြီး အောက်ဆိုလျှင် အဝီစိသာ ရှိပါသည်။ ထို့ကြောင့် မည် မျှဒုက္ခရောက်ရောက်၊ မည် မျှ ချမ်းသာသူ ဖြစ် ဖြစ် မတုန်လှုပ်တတ်ပါ။ ဖြစ်လေရာဘဝ၌ ပျော်သလို နေတတ်ပါမည်။

ဘဝတစ်ခုလုံး၌ မီးခွက်တစ်ဖက်၊ ရေမှုတ်တစ်ဖက် ဖြစ်နေရတတ်မည်။ သဘောကျသူများ၊ အထင်ကြီးသူများ၊ ယုံကြည်အားကိုး၍ လေးစားသူများ ရှိတတ်သလို

မကောင်းကြံသူများ၊ ရှုံ့ချသူများ၊ အထင်သေးသူများ၊ ဂျောက်တွန်းလိုသူများ၊ အကျိုးလိုသလိုလိုနှင့် နောက်ကျော ဓားနှင့် ထိုးလိုသူများ လည်း ရှိတတ်ပါသည်။ အထင်အမြင်ကြီးသူများ က သူတို့၏ အားကိုးရာ၊ ယုံကြည်ရာ၊ အကြံပေးရာ များ ဟု ထင်မြင်တတ်ကြပါမည်။ အထင်သေးသူများ က နေရာတကာ ဝင်၍ ရှုပ်သူ၊ မဆိုင်ရာဝင် ဓားနှင့် ချိုင်သူ၊ ဩဇာပေးလွန်းသူ၊ လေသမား ဖြစ်သူဟူ၍ ထင်မြင်ပြောဆိုကြတတ်ပါမည်။ သို့သော် သဘောကျသူ များ တတ်ပါမည်။

မိမိက ကောင်းလျှင် မှန်သည်၊ သေချာသည်ဟု ဆုံးဖြတ်ထင်မြင်သော အလုပ်များ ကို မည် သူကလာ၍ ဖျက်ဖျက် ဇွတ်လုပ်တတ်မည်။ မှန်သည်ထင်လျှင် တစ်လောကလုံးနှင့် ရင်ဆိုရဲသူ ဖြစ်သည်။ မှား သည်ဆိုလျှင်လည်း တစ်လောကလုံး၏ တံတွေ းခွက်တွင် ပက်လက်မျောမျော ဂရုစိုက်သူမဟုတ်ပါ။ မိမိ၏ စိတ်မှာ ချိုးမွှန်း (၇) ရက်၊ ကဲ့ရဲ့ (၇) ရက် ဟူ၍ စိတ်ရှိတတ်သည်။ တစ်ခါတစ်ရံလည်း နောင်တများ ရတတ်ပါမည်။ သို သော် ထိုအမှား များ ကို ဆင်ခြင်ပြီး အမှန်သို့ ရောက်အောင်လည်း ပြုပြင်ဖန်တီးနိုင်သော အစွမ်း ရှိပါသည်။

မိမိမှာ အဝိဇ္ဇာတရားများ မည် မျှဖုံးလွှမ်းနေသော် လည်း နောက်ဆုံး အမှန်တရား၏ သစ္စာကို ရှာဖွေတွေ့ ရှိတတ်မည်။ မိမိက သဘောကောင်းလွန်းတတ်၍ မိမိထံမှလည်း စားမည်၊ မိမိ၏ အခွင့်အရေး များ လည်း ယူမည်၊ မိမိပေးသည်ကိုလည်း ညာယူတတ်မည်။ နောက်ဆုံး မိမိကို လူ့ ငနွားကြီးဟူ၍ လည်း အထင်ခံရတတ်မည်။ မိမိက လူတစ်ဖက်သားကို အလွန်အားနာတတ်မည်။ သနားတတ်မည်။ မိမိရှေ့တွင် မျက်နှာညှိုး လျှင် မိမိမှာ မနေနိုင်မထိုင်နိုင် ဖြစ်တတ်မည်။ မိမိ၏ အားနည်းချက်ကြောင့် မိမိတွင် မကြာခဏနာမည် ပျက်ရတတ်မည်။ ငွေကြေးအကုန်အကျများ နေတတ်မည်။ အများ ၏ အထင်အမြင်သေးခြင်း ခံရပါမည်။

မိမိက အလုပ်တစ်ခုကို မ ဖြစ်မနေလုပ်တတ်မည်။ လုပ်မည် ဟု ဆုံးဖြတ်လျှင်လည်း ဖြစ်အောင်လုပ်တတ်မည်။ မိမိစိတ်သဘောကောင်းသလောက် မိမိအပေါ်ပြန်မကောင်းကြတတ်ပါ။ မိမိက ဝမ်းနည်းစရာရှိလျှင် အလွန်ဝမ်းနည်းတတ်မည်။

ပျော်စရာရှိလျှင် အလွန်ပျော်တတ်မည်။ မိမိက မိမိကိုယ်ထက် အများ အတွက် ပူပင်ကြောင့်ကြ နေတတ်မည်။ မိမိကုယ်အတွက် မပူတတ်ပါ။ မိမိသားသမီး၊ မိမိတပည့်လက်သား မိမိ၏ အိမ်ထောင်ဖက်များ အတွက် ပူနေတတ်မည်။ သူတို့၏ ပင်ကိုယ်အရည်အချင်း မည် မျှရှိရှိ မည် မျှမိုးပျံအောင်တော် နေတော် နေ မိမိကအထင်သေးပြီး အားမလို အားမရ ဖြစ်တတ်ပါသည်။ မိမိက အထင်သေးတတ်မည်။ မကြာခဏ ရိုးသည်၊ အသည်၊ နသည်၊ လူရည်မလယ်၊ အကင်းမပါးဟူ၍ ထင်မြင်ပြီး ပူနေတတ်ပါမည်။

မိမိမှာ ကိုယ်ပိုင်အလုပ်လုပ်လျှင် ကောင်းပါသည်။ သို့သော် လခစားလုပ်လျှင်လည်း မဆိုးပါ။ မိမိမှာ အုပ်ချုပ်ရေး ပိုင်းများ ၌ လုပ်လျှင် ပို၍ ကောင်းပါသည်။ ကျောင်းဆရာလုပ်လျှင်လည်း ကောင်းပါသည်။ သို့သော် မိမိက စိတ်မပါတတ်ပါ။ မလုပ်ချင်တတ်ပါ။ မိမိမှာ သြဇာပေးရသော နေရာ၊ အာဏာဖြင့် ခိုင်းရသော နေရာများ ၌ အလုပ်လုပ်လျှင် ပို၍ ကောင်းပါသည်။ မိမိမှာ ပညာရပ်ပိုင်းဆိုင်ရာ၌ ကျွမ်းကျင်တတ်ပါသည်။ မိမိမှာ စက်မှုပညာ၊ လက်မှုပညာ၊ များ ၌ ကျွမ်းကျင်ပြီး ဆရာတစ်ဆူပမာ ဖြစ်တတ်ပါသည်။

မိမိမှာ မည် သည့် ပညာရပ်ကိုမဆို သင်ကြားလျှင် ခဏလေးနှင့် တတ်ပါမည်။ မှတ်ဉာဏ်ကောင်းပါသည်။ နည်းနည်း သင်လျှင် များများ တတ်သော ဦးခေါင်းရှိပါသည်။ မိမိက ပညာဟူသမျှကို စိတ်ပါဝင်စားတတ်မည်။ လေ့လာလိုက်စားတတ်မည်။ မည် သည့် ကိစ္စကိုမဆို သေချာသည်၊ စိစစ်သည်၊ တိကျသည်၊ ပြတ်သားသည်၊ ရဲရင့်သည်။ ပြတ်သားလွန်း၍ မိမိမှာ လက်အောက်ငယ်သားများ မှ မကြာခဏ အမြင်ကပ်ခံရတတ်ပါသည်။ မိမိမှာ တပည့်တပန်းမမြဲ တတ်ပါ။ မိမိအတွက်လည်း စိတ်မချရတတ်ပါ။ မိမိ၏ ပစ္စည်းဥစ္စာများ မှာ တပည့်လက်သားများ ကြောင့် ဆုံးရှုံး ရတတ်ပါသည်။ မိမိ၏ ကံဇာတာမှာ ကျွန်ကိုယ့်၍ စုံလုံးကန်းရသော ကံမျိုး ဖြစ်ပါသည်။

မိမိမှာ ဆွေမျိုး ညာတိများ အပေါ် သြဇာအာဏာနှင့် ပြည့်စုံတတ်ပါသည်။ မိဘဖက်မှ ဆွေမျိုး နီးစပ်တော် သော သူများ ထံမှ အမွေအနှစ် များ ရတတ်ပါသည်။ လူကြီးသူကြီး ဖြစ်ရတတ်ပါသည်။ ညီအစ်ကိုမောင်နှမများ အကျိုး ရှိသော်လည်း မိမိကသာ

ပေးနေကျွေးနေရပါမည် ။မိမိမှာ ကိုယ့်ဒူးကိုယ်ချွန် ဇာတာ ဖြစ်ပါသည် ။ မိမိကိုယ်တိုင် ကြိုးစားမှုဖြင့် မိမိဖာသာ အောင်မြင်ရမည် ဖြစ်ပါသည် ။

မိမိ ပညာရေး ကို မိမိဖာသာ ဖျက်ဆီးတတ်သူ ဖြစ်ပါသည် ။ ပညာကို လုံးဝအထင်မကြီးတတ်ပါ ။ စိတ်မပါတတ်ပါ ။ အပြင်ဘမ်းအနေနှင့် စိတ်ပါသလိုရှိသောလည်း လက်တွေ့ တွင် စိတ်မပါတတ်ပါ ။ ထို့ ကြောင့် အတန်းပညာသင်ချိန်တွင် မကြာခဏ စာမေးပွဲကျနေတတ်မည် ။ သို့ သော် မိမိက အနည်းငယ်ကြိုး စားရုံနှင့် လည်း အောင်မြင်တတ်ပါသည် ။ မိမိက ပညာမာနရှိပါသည် ။ မ ဖြစ်မနေကြိုး စားတတ်သော ဇွဲနှင့် သတ္တိလည်း ရှိပါသည် ။ ပညာသင်ချိန်တွင် ကြင်ယာမရှာလိုက်ပါနှင့် ။ မိမိမှာ မိန်းမနှင့် နီးပါသည် ။ မိမိက မစဘဲ မိမိကို လိုက်စတတ်မည် ။ မိမိလုပ်ပုံ ၊ ကိုင်ပုံ ၊ သွားလာပုံများ မှာ စိတ်ဝင်စားစရာအတိ ဖြစ်ပါသည် ။ မကြာခဏ မိန်းမအနှောက်အယှက်ရှိပါသည် ။

မိမိမှာ ပညာသင်ရင်းတန်းလန်း ၊ အလုပ်လုပ်၍ ကောင်းနေရင်းတန်းလန်းနှင့် မိန်းမယူရတတ်ပါသည် ။ မိဘသဘောမတူဘဲ ခိုးယူတတ်ပါမည် ။ အကယ်၍ မိဘကသဘောတူ၍ ပေးစားလျှင် လည်း မိမိက မယူချင်ဘဲ အောင့်သက်သက်နှင့် ယူရပါမည် ။ စိတ်စက်မကောင်းဘဲ ယူရတတ်ပါမည် ။ မိမိမှာ မိမိသဘောကျယူလျှင် ပို၍ ကောင်းပါသည် ။ သို့ သော် သနား၍ ၊ လိုက်လျော၍ ယူရလျှင် မိမိထက် အဆင့်အတန်းနိမ့်သော ၊ အရည်အချင်းမရှိသော ၊ ဂုဏ် ၊ ပညာနိမ့်သော မိန်းမနှင့် ရတတ်ပါမည် ။ မိန်းမယူပြီး လေးနှစ်ကျော်သွားလျှင် အလွန်ကောင်းပါမည် ။ အထူးကြီးပွားချမ်းသာပါမည် ။ အလွန်တိုးတက်ကောင်းမွန်သော ဘဝသို့ ရောက်ရတတ်ပါမည် ။

မိမိမှာ ကျန်းမာရေး နှင့် ပတ်သက်၍ ကောင်းပါသည် ။ ရောဂါ ကြီးများ မရှိတတ်ပါ ။ မိမိမှာ ဒေါင်ဒေါင်မြည် ကျန်းမာရေး ကောင်းတတ်သော် လည်း အလုပ်မလုပ်ဘဲထိုင်နေရလျှင် နေထိုင်မကောင်း ဖြစ်မည် ။ ပျင်းရိလွန်းပြီး ဖြစ်တတ်ခြင်း ဖြစ်ပါသည် ။ မိမိမှာ အိုဇာတာ၌ နှလုံး ရောဂါ ဖြစ်တတ်ပါသည် ။ သို့ သော် သေဆုံးသော အခါ နှလုံး ရောဂါ ဖြင့် မသေနိုင်ပါ ။ ဝေဒနာကို ကြာရှည်မခံရတတ်ပါ ။ မိမိကိုယ်ကိုယ် ဂရုမစိုက်လျှင် မုတ္တ ရောဂါ ၊ သားအိမ် ရောဂါ များ ဖြစ်တတ်ပါမည် ။

အပျော်အပါးလိုက်စားလျှင် ဆီးပူညောင်းကျ၊ ကာလသား ရောဂါ များ ဖြစ်တတ်ပါမည်။ အထူးသတိပြုပါ။ မကောင်းပါ။

မိမိဘဝတွင် အသက် (၁) နှစ်၊ (၁၀) နှစ်၊ (၁၉) နှစ်၊ (၂၈) နှစ်၊ (၃၇) နှစ်၊ (၄၆) နှစ်၊ (၅၅) နှစ်၊ (၆၄) နှစ်၊ (၇၃) နှစ် များ တွင် ထူးထူးခြားခြား အပြောင်းအလဲများ ဖြစ်တတ်ပါသည်။ မိမိဘဝ၌ အကောင်း အဆိုးများ ကို ခံစားရတတ်ပါသည်။

မိမိနှင့် သင့်တော် သော ကျောက်မြတ်ရတနာများ မှာ ပုလဲနှင့် ပတ္တမြား ဖြစ်ပါသည်။ နဝရက်ကိုးသွယ် လက်စွပ်ကို အမြဲတမ်း ဝတ်ဆင်ထားပါ။ မိမိမှာ အထူးလာဘ်ရွှင်ပြီး ငွေရပါမည်။ မိမိမှာ ရွှေနှင့် မကောင်းပါ။ ရွှေဝယ်မိလျှင် အလိုလိုထွက်တတ်ပါမည်။ မိမိလက် နှင့် ရွှေ၊ ကျောက်များ မဝယ်ရ။ မိမိ၏ မိန်းမကို ဝယ်ခိုင်းပါ။

မိမိနှင့် သင့်တော် သော အရောင် မှာ စိမ်းမြမြအရောင်၊ နီညိုညိုအရောင် များ ဖြစ်ပါသည်။ မိမိက အမြဲတမ်း ဆောင်ထားရမည့် အရောင် များ မှာ အနီရောင် ဖြစ်ပါသည်။ မိမိအတွက် လာဘ်ကောင်းသော အရောင် လည်း ဖြစ်ပါသည်။ အမြဲတမ်းဆောင်၍ အလုပ်အကိုင် အကြံအစည်များ ပြုလုပ်ပါ။

အကြံအစည်ပြုလိုလျှင် ဥပုဒ်သက်စေ့စောင့်ပါ။ သတ်သတ်လွတ်စားပါ။ မကောင်းပြေ၍ ကောင်းကျိုး မင်္ဂလာ ဖြစ်ထွန်းပါလိမ့်မည်။

•••

# ညှင်းဖဲ မိဖုရား

အကယ်၍ သင်နှိုက်ယူလိုက်သော ဖဲမှာ ညှင်းဖဲ (မိဖုရား) ဖြစ်နေလျှင် ၊ သင့်ဘဝတစ်ခုလုံး အခြေအနေအရပ်ရပ်တို့ သည် အောက်ပါအတိုင်း ဖြစ်ပါလိမ့်မည် ။

ဤ ညှင်းဖဲ (မိဖုရား) ရရှိသော သူတို့ သည် အနုပညာဆန်ဆန်လုပ်ကိုင်တတ်မည် ။ အရာရာကို အိပ်မက်လို သဘောထားလိုသူများ ဖြစ်ကြပါသည် ။ မည် သည့်ကိစ္စမဆို ပြီးစလွယ်လုပ်တတ်မည် ။ စိတ်ပါဝင်စားစွာ လုပ်တတ်မည် ။ မိမိမှာ မ ဖြစ်နိုင်သည့်ကိစ္စကို ပို၍ လုပ်ချင်နေတတ်မည် ။ သို့ သော် လွယ်လွယ်နှင့် ရသော ငွေကြေးကို အလွန်မက်မောတတ်မည် ။ မိမိမှာ ငွေရမည် ဆိုလျှင် မ ဖြစ် ဖြစ်သည့်နည်းဖြင့် မရ , ရအောင် ရှာဖွေတတ်မည် ။ စည်းကမ်းကြီး ၊ ကန့် သတ်ချက်ကြီး များ ကို ရွံရှာတတ်မည် ။ အရာရာကို လွတ်လွတ်လပ်လပ်နေလို ၊ လုပ်လိုတတ်မည် ။ မိမိကလည်း အများ ကို ဩဇာမပေး ။ ဆရာမ လုပ် ။ အကြံမပေး ။ မိမိကို ဩဇာပေးလျှင် အလွန်မုန်းတီးရွံရှာတတ်မည် ။

မိမိစိတ်မှာ လက်ရှိအခြေအနေမှ အမြဲတမ်းရှေ့သို့ တိုးတက်အောင် ကြိုးစားတတ်မည် ။ မည် သည့်ဘဝသို့ ရောက်ရောက် ဘဝင်မြင့် ခြင်းမရှိပေ ။ ရောက်လေရာတွင် အများ နှင့် တည့်အောင် ပေါင်းသင်း တတ်မည် ။ အများ သဘောကျအောင် နေထိုင်တတ်မည် ။ အများ ကို လိုက်လျောတတ်မည် ။ အများ ကို ယဉ်ကျေးချိုသာစွာ ပြောဆိုဆက်ဆံတတ်မည် ။ သို့ ကြောင့် မိမိမှာ မိတ်ဆွေကောင်း ပေါများ တတ်မည် ။ လူချစ်လူခင်ပေါများ တတ်မည် ။ မိမိမှာ အပေါင်းအသင်းများ ကြောင့် အကျိုး ကျေးဇူးရှိတတ်မည် ။ မိမိကို ကူညီ မ,စ တတ်မည် ။

မိမိမှာ အလုပ်မလုပ်ခင် စိတ်ကူးယဉ်အိပ်မက်ကမ္ဘာသို့ သွားနေတတ်သူ ဖြစ်သည် ။ အလုပ်မလုပ်ခင် အလွန်ကြောက်တတ်မည် ။ မိမိလုပ်လျှင် ဖြစ်ပါ့မလား ၊ အောင်မြင်ပါ့မလား ဟူသော ဒွိဟစိတ်က အလွန်ကြီးနေတတ်မည် ။ နောက် လုပ်မည် ၊

လုပ်မည် နှင့် ကြာညောင်းနေတတ်၍ လည်း ပေါ်ပင်အလုပ်ပေါင်းများ စွာ လက်လွတ်သွားတတ်မည်။ မိမိကလုပ်လျှင် မြန်ဆန်ပါသည်။ မလုပ်လျှင် မည် မျှကြာနေသည်ကို မိမိဖာသာ မသိတတ်ပါ။ မိမိက ဥပဒေပြင်ပ အလုပ် ဖြစ် ဖြစ်၊ တရားဝင် အလုပ်များ ဖြစ် ဖြစ်လုပ်လျှင် အလွန်တင်းစွာ လုပ်တတ်မည်။ မကြောက်မရွံ့လုပ်တတ်မည်။ မလုပ်ခင်ကသာ ကြောက်နေတတ်မည်။

မိမိက အိမ်၏ အကျိုး၊ အရပ်၏ အကျိုး၊ ရွာ၏ အကျိုး၊ တိုင်းပြည်၏ အကျိုး များ ကို ထမ်းဆောင်လိုစိတ် ရှိပါသည်။ အထူးသဖြင့် အရပ်တွင် အလွန်ပေါ်ပြူလာ ဖြစ်ပါမည်။ မိမိက လုံးဝမတရားမှုကို သဘောကျသူမဟုတ်ပါ။ သို့ကြောင့် မိမိအရပ်၊ မိမိရွာ၊ မိမိတိုင်းပြည်များ ၌ မတရား ဖြစ်နေလျှင် မိမိက ဆတ်ဆတ်ထိမခံ ဖြစ်ပြီး ရှေ့တန်းထွက်လိုတတ်မည်။ မိမိကို အများ က သဘောကျပါမည်။ အထင်ကြီးပါမည်။ မိမိက မိမိအနိုင်ရရေး အတွက် တရားသည် ဖြစ်စေ၊ မတရားသည် ဖြစ်စေ ရအောင်အနိုင်ယူတတ်မည်။ မိမိစိတ်မှာ အနိုင်ရရေး သာ အဓိက ဖြစ်ပါသည်။

မိမိကို အပြင်ဘမ်းကကြည့်လျှင် လုံးဝအထင်ကြီးစရာမရှိပါ။ မိမိက ပေါ့ဆစွာ နေတတ်မည်။ ပြီးစလွယ်နေတတ်မည်။ ရိုးရိုးအေးအေးနေတတ်မည်။ ဖာသိဖာသာ နေတတ်မည်။ မိမိ၏ ပုံပမ်းမှာ ရိုးအ၍ လူရည်မလည်သော ပုံမျိုး ဖြစ်သည်။ သို့သော် မိမိ၏ လုပ်ရည်ကိုင်ရည်ကိုသိသော သူများ က မိမိကို အလွန်အထင်အမြင် ကြီးတတ်ကြပါမည်။ မိမိက အလုပ်တစ်ခုကို လျှင်မြန်ဖြတ်လတ်စွာ လုပ်တတ်မည်။ သွက်လက်ချက်ချာစွာ လုပ်တတ်မည်။ အမှန်မှာ မိမိသည် ရေမြွေဟန်ဆောင်နေသော မြွေပွေး ဖြစ်ပါသည်။

မိမိမှာ လခစားလုပ်လုပ် ကိုယ်ပိုင်အလုပ် လုပ်လုပ် ကောင်းပါသည်။ လခစားလုပ်လျှင်လည်း ငါးနှစ် တစ်ခါ ခြောက်နှစ် တစ်ခါ ရာထူးတိုးပါမည်။ လခတိုးပါမည်။ လခစားလုပ်လျှင် ဖြစ်စေ၊ ကိုယ်ပိုင် အလုပ် လုပ်လျှင် ဖြစ်စေ တစ်ဘဝလုံး ခြောက်ကြိမ်ထက်မနည်း ပြောင်းလဲလုပ်ရမည်။ နေရာပြောင်း၊ ဌာနပြောင်း ဖြစ်ရမည်။ ကုန်သည် အလုပ်လုပ်ပါ။ ပွဲစားသဘော မလုပ်ပါနှင့် ကုန်ထုတ်လုပ်မှုလုပ်ပါ။ မိမိမှာ အကျိုး ရှိပါသည်။ မိမိမှာ မည် သည့်အလုပ်ကို လုပ်လုပ်ကောင်းပါသည်။

မိမိမှာ ဖြစ်စေချင်သည့်ကများ၊ လုပ်နေချင်သည့်က များ နေတတ်၍ တစ်ခါတစ်ရံ အလွန်စိတ်ရှုပ်နေတတ်မည်။ မိမိမှာ အကြောင်းကြီးငယ်မရှိဘဲ စိတ်ညစ်နေတတ်မည်။ မိမိမှာ တစ်ခါတစ်ရံ ကလေးဆန်နေတတ်မည်။ မိမိမှာ အလကားနေရင်း စိတ်တို၍ ဒေါသကြီးနေတတ်မည်။ တစ်ခါတစ်ရံ ကလေးကလား လုပ်နေတတ်မည်။ မိမိမှာ သူများ ကိုလည်း မတရားမလုပ်တတ်ပါ။ မိမိကြောင့် သူများ စိတ်ညစ်နေလျှင် မနေနိုင်မထိုင်နိုင် ဖြစ်တတ်မည်။

မိမိမှာ ငွေရလွယ်သလို ငွေကုန်ကြေးကျများ နေတတ်မည်။ မိမိက အပိုဝင်ငွေရအောင် မရှာတတ်ပါ။ သဘောမှာ လာဘ်ယူခြင်း များ ကို ကြောက်တတ်မည်။ မိမိက စိတ်ထဲက လောဘကြီးသော်လည်း လက်တွေ့၌ ရသမျှနှင့် တင်းတိမ်နေတတ်မည်။ မိမိက သူများ ကို မယုံကြည့်ရ။ သူများ ကို လက်လွှတ်ငွေမပေးရ။ သူများ ကို ငွေပေး၍ အလုပ်မခိုင်းရ။ မိမိကသူများ ကို ငွေပေးလျှင်၊ ငွေပေး၍ အလုပ်ခိုင်းလျှင် မိမိမှာ ဆုံးရှုံး ရတတ်ပါမည်။ မိမိမှာ သူများ ကငွေရှိသည်၊ ချမ်းသာသည် ဟူ၍ အထင်အမြင်ကြီးကြပါမည် ။ လက်တွေ့၌ မကြာခဏဘိုင်ကျပြီး ကြွေးတင်နေတတ်ပါမည်။ မိမိမှာ စာရင်းထဲမှာ ငွေရှိပြီး လက်ထဲ၌ ဘိုင်ကျနေတတ်မည်။ သို့သော် ငွေနှင့် နီးစပ်သော ကြောင့် အရေး အကြောင်းရှိလာလျှင် အမြဲတမ်း ငွေရေး ကြေးရေး အတွက် စိတ်မပူရတတ်ပါ။ ကူညီ မစမည့် သူများ အလိုလိုရောက်လာကြပါမည်။

မိမိက အပျော်အပါး ဝါသနာပါတတ်ပါသည်။ မိမိက စိတ်ထဲက ငိုသော်လည်း အပြင်ဘမ်း၌ ရယ်မောနေသူ ဖြစ်ပါသည်။ မိမိက ဖြစ်လေရာဘဝ၌ ပျော်နေတတ်မည်။ မိမိကို အိမ်သူအိမ်သားများ က အပူမရှိသူ၊ ပေါ့ဆသူ၊ ပြီးစလွယ်နေပြီး ရသမျှနှင့် တင်းတိမ်သူ ၊ ဘောဘမရှိသူဟူ၍ ထင်မြင်ပြောဆိုနေကြပါမည်။ မိမိက အမြဲတမ်းစိတ်နှင့် အလုပ်လုပ်နေတတ်သူ ဖြစ်ပါသည်။ မိမိက တစ်ခုခုကို လိုချင်တပ်မက်မောလျှင် အလွန်အာရုံကြီးတတ်သည်။ မရမချင်း ရအောင်ကြိုး စားတတ်မည်။ လိုချင်သော အရာကိုလည်း ရအောင်ယူတတ်သော အစွမ်းရှိတတ်ပါသည်။

မိမိအတွက် အကောင်းဆုံးအကြံမှာ မိမိက မည် သည့်အလုပ်ကို လုပ်လုပ်

ခပ်မြန်မြန်ဆုံးဖြတ်ပြီး ခပ်သွက်သွက်အလုပ် လုပ်ကိုင်ပါ။ ပေါ်ပင်အကျိုး ရှိမည့် အလုပ်များ ကို လုပ်ကိုင်ပါ။ သူများ ကို မယုံကြည်ရ။ အားနာခြင်း၊ လိုက်လျောခြင်းမရှိရ။ အလကား စေတနာနှင့် လုပ်ပေးနေရသော အလုပ်ကိုလည်း ရှောင်ပါ။ မိမိမှာ မကြာခဏ စေတနာဝန်ထမ်းလုပ်နေရတတ်သည်။ နောက်တစ်ခုမှာ မိမိမှာ အလွန်စိတ်ကူးယဉ် မနေပါနှင့်။ မိမိမှာ မကြာခဏ အိပ်မက်မက်နေတတ်သူ ဖြစ်သည်။ မိမိမှာ အိပ်ရာမှနိုးလျှင် အလွန်ကြောက်စရာ ကောင်းပါသည်။

မိမိမှာ ပညာရေး ကောင်းပါသည်။ အကျိုး ရှိပါမည်။ ပညာဖြင့် အလုပ်လုပ်ရတတ်မည်။ မိမိမှာ ကာယလုပ်သားထက် ဉာဏ်လုပ်သား ဖြစ်ရတတ်ပါသည်။ မိမိမှာ ပညာသင်ချိန်၌ ပညာကို စိတ်မဝင်စားတတ်ပါ။ အလုပ်လုပ်ချိန်မှသာလျှင် ပညာရေး ကို တစ်ဖန် ပြန်လည်စိတ်ပါလာတတ်သည်။ မိမိက ကြိုး စားမည် ဆိုလျှင် ဘွဲ့ ဒီဂရီရတတ်ပါသည်။ မိမိမှာ ပညာရေး ကို အထင်မကြီးတတ်ပါ။ မိမိပညာရေး ထက် စီးပွားရေး ကို ပိုမိုစိတ်ဝင်စားတတ်မည်။ ပညာသင်ယူရင်း တန်းလန်းနှင့် အလုပ်လုပ်လိုစိတ် ဖြစ်နေတတ်မည်။

မိမိမှာ အိမ်ထောင်ရေး နှင့် ပတ်သက်၍ ကောင်းပါသည်။ မိန်းမကောင်းရပါမည်။ မိမိမှာ မိမိသဘောကျမယူရ။ မိမိ၏ မိဘ၊ လူကြီးများ စပ်ပေးသော မိန်းမကို ယူပါ။ အထူးကြီးပွားပါမည်။ မိမိမှာ မိန်းမယူပြီးမှ ပို၍ အကျိုး ဖြစ်ထွန်းပါလိမ့်မည်။ မိမိ၏ မိန်းမ မှာ မိမိအပေါ် ပထမတန်းကောင်းပါသည်။ အထူးအနစ်နာ အနွံတာခံတတ်ပါသည်။ သို့သော် အနည်းငယ်စိတ်တိုတတ်မည်။ စိတ်ကောက် နေတတ်မည်။ အပြင်က မိမိကို မိန်းမနိုင်သည်ဟု ပြောကြပါမည်။ လက်တွေ့၌ မိမိကသာ မိန်းမကိုနိုင်နေရမည်။ မိမိက မိန်းမအပေါ် အနည်းငယ် ချုပ်ချယ်လိုတတ်သည်။ တင်စီး၍ နှိမ်၍ ပြောဆိုတတ်မည်။ အနိုင်ယူလိုတတ်သည်။ မိန်းမက မိမိကိုချစ်ခင်ပြီး အမြင်ကပ် တတ်သည်။

မိမိမှာ ကျန်းမာရေး နှင့် ပတ်သက်၍ အလုပ်အလွန်ပင်ပန်းလျှင် ကျန်းမာရေး မကောင်း ဖြစ်တတ်မည်။ မိမိမှာ ရောဂါ ကြီးများ မရှိပါ။ ရောဂါ ပေးသော်လည်း

အသက်ဘေးရန်မရှိပါ။ မိမိမှာ မည် သည့်ဝေဒနာကိုမဆို ကြာရှည်မခံစားရတတ်ပါ။ မကြာခဏ ရာသီဖျား ရောဂါ လေးများ ဖြစ်တတ်ပါသည်။ တုတ်ကွေး၊ အနာစိမ်း စသဖြင့် ရာသီဥတု ဖောက်ပြန်မှုကြောင့် ဖြစ်တတ်သော ဝေဒနာများ ကို ခံစားရတတ်ပါသည်။

မိမိဘဝတွင် အသက်(၂) နှစ်၊ (၁၁) နှစ်၊ (၂၀) နှစ်၊ (၂၉) နှစ်၊ (၃၈)နှစ်၊ (၄၇) နှစ်၊ (၅၆) နှစ်၊ (၅၉) နှစ် များ ၌ ထူးထူးခြားခြား အပြောင်းအလဲများ ဖြစ်တတ်ပါသည်။ မိမိဘဝ၌ ကောင်းကျိုး နှင့် ဆိုးကျိုး များ ကို ခံစားရပါမည်။

မိမိနှင့် သင့်တော် သော ကျောက်မြက်ရတနာများ မှာ ရွှေနှင့် ငွေ ဖြစ်ပါသည်။ မိမိနှင့် အမြဲတမ်းဆောင်ထားပါ။ လက်စွပ်ဝတ်သော အခါ ရွှေကွပ်ထားသော နီလာလက်စွပ်ကို ဝတ်ဆင်ပါ။ မိမိမှာ ကျန်းမာရေး ညံ့ဖျင်းလျှင် ဘုရား၏ ဒူးတော်၊ ရင်တော် များ ၌ ရွှေချပေးပါ။ ငွေခေါင်းလောင်း လှူပါ။

မိမိနှင့် သင့်တော် သော အရောင် များ မှာ ကြည်ပြာရောင် နှင့် မိုးသားရောင် များ ဖြစ်ပါသည်။ မိမိအတွက် လာဘ်ကောင်းပါသည်။

မိမိကျန်းမာရေး ညံ့နေလျှင်၊ စီးပွားရေး ကျဆင်းနေလျှင်၊ အကြံအစည်များ ပြု လုပ်လိုလျှင် ကိုးရက်ဥပုသ်စောင့်ပါ။ ဘုရားကိုးဆူလုပ်ပါ။ တစ်နေ့ လျှင် ပုတီးကိုးပတ်စိပ်ပါ။ မကောင်းပြေ၍ ကောင်းကျိုး မင်္ဂလာ ဖြစ်ထွန်းပါလိမ့်မည်။

•••

## ညှင်းဖဲ (အိမ်ရှေ့မင်းသား)

အကယ်၍ သင်နှိုက်ယူလိုက်သော ဖဲမှာ ညှင်းဖဲ (အိမ်ရှေ့မင်းသား) ဖြစ်နေလျှင်၊ သင့်ဘဝတစ်ခုလုံး အခြေအနေအရပ်ရပ်တို့ သည် အောက်ပါအတိုင်း ဖြစ်ပါလိမ့်မည်။

ဤညှင်းဖဲ (အိမ်ရှေ့မင်းသား) ရရှိသော သူတို့ သည် အမြဲတမ်း

အတိုက်အခံဘဝဖြင့် တိုးတက်ကြီးပွားရသော ဇာတာမျိုး ဖြစ်ပါသည်။ သာမန် ရိုးရိုးသားသားနေရုံနှင့် မိမိဘဝမှာ တိုးတက်လာနိုင်စရာ အကြောင်းမရှိပါ။ မိမိမှာ အေးအေးဆေးဆေးနေလျှင် အကျိုး မရှိတတ်ပါ။ မိမိမှာ အပြိုင်အဆိုင်များ လေ၊ အတိုက်အခံများ လေ အောင်မြင်လေ ဖြစ်တတ်ပါမည်။ မိမိ၏ ကုသိုလ်ကံမှာ ရှုံး တော့ မလိုနှင့် နောက်ဆုံးနာတစ်ဖျားဖြင့် အနိုင်ရတတ်သော ကုသိုလ်ကံ ဖြစ်ပါသည်။ မိမိမှာ အလွန်စိတ်ဓာတ်ကျပြီးမှ၊ စိတ်အားငယ်ပြီးမှ အောင်ပွဲဆက်ခံရသော ကံ ဖြစ်၏။

မိမိက မည် သူကိုမျှ အကူအညီပေး၍ မည် မျှစေတနာထားသော်လည်း ထိုနာမည် ကောင်းမှာ မပေါ်ဘဲ မိမိ၏ မကောင်းများ၊ မိမိ၏ ပျော့ကွက်များ သာ ပေါ်နေတတ်ပါမည်။ သို့သော် ထိုပျော့ကွက်များ၊ ထိုမကောင်းများ ကြောင့် လည်း မိမိ၏ အရည်အသွေးများ အလိုလိုပေါ်ပေါက်လာတတ်ပါမည်။ မိမိက သဘောကောင်းသလို အလွန်လည်း စေတနာကောင်းပါသည်။ ထိုစေတနာကို အမြဲဝေဒနာ အလုပ်ခံရတတ်ပါမည် ။ မိမိကို ပတ်ဝန်းကျင် က မကောင်းထင်ကြပါမည်။ အထင်သေးကြပါမည်။ နောက်ဆုံး မိမိမှန်သည် ဖြစ်ပြီး မိမိကိုသာ လာရောက်၍ တောင်းပန်ကြရပါမည်။

မိမိမှာ အမြဲတမ်း ရောက်ရာနေရာ၌ လူယုံတော် ဖြစ်ရတတ်ပါမည်။ မိမိမှာ အလုပ်အကိုင်၌ အချင်းချင်းနှင့် မကောင်းတတ်ပါ။ အချင်းချင်း၏ ပြိုင်ဆိုင်တိုက်ခိုက်ခြင်း အမြဲတမ်း ခံနေရတတ်ပါမည်။ မနာလို ဖြစ်ကြတတ်မည်။ မိမိက မည် မျှရိုးရိုးသားသား၊ ကြိုး ကြိုး စားစား နေသော်လည်း၊ မည် မျှဖြေးဖြေးနေးနေး အေးအေးဆေးဆေးနေသော်လည်း ပတ်ဝန်းကျင်က အကောင်းမထင်တတ်ပါ။ မိမိကို ရှိုး ကြီးသည်၊ ဟန်ကြီးသည်၊ မာနကြီးသည်၊ ဘဝင်မြင့်သည်၊ ဝမရှိဘဲ ဝိလုပ်သည်၊ လူကြီးများ ကို မျက်နှာလိုမျက်နှာရ လုပ်သည်။ ဖော်လံဖားသည်ဟု ထင်မြင်ခြင်း ခံရတတ်ပါသည်။ အမှန်မှာ မိမိမှာ လုံးဝဖော်လံဖားခြင်း၊ မျက်နှာလိုမျက်နှာရလုပ်ခြင်း မရှိပါ။ မိမိက မည် သူနှင့် မဆို ခပ်တည်တည် နေတတ်ပါမည်။

မိမိကို အထက်လူကြီးများ က ယုံကြည်မည်။ အားကိုးမည်။ အထင်အမြင်ကြီးမည်။ သူများ မလုပ်နိုင်သော အလုပ်များ ကို ခိုင်းစေတတ်မည်။

မိမိကလည်း မ ဖြစ် ဖြစ်အောင် လုပ်တတ်မည်။ သူများ မလုပ်နိုင်သော နေရာများ၊ သူများ လက်မြှောက်ထားသော အရပ်များ ၌ မိမိကိုစေလွှတ်၍ ခိုင်းစေတတ်ပါမည်။ မိမိ၏ ကံ့တရားမှာ သူများ တိုက်လေ၊ မိမိနာမည် ကြီးလေ၊ သတင်းကြီးလေ၊ ဂုဏ်ကြီးလေ ဖြစ်တတ်မည်။ မိမိက အချင်းချင်းနှင့် မည် မျှစေတနာထား၍ ဆက်ဆံသော်လည်း အကောင်းမထင်တတ်ပါ။ မိမိစေတနာကို အမြဲတမ်း ဝေဒနာထင်နေကြတတ်ပါမည်။

မိမိမှာ အလုပ်တစ်ခု၌ အလွန်ဇွဲရှိပါမည်။ အ ဖြစ်မနေလုပ်တတ်ပါမည်။ မအိပ်မနေ လုပ်တတ်မည်။ လုပ်မည် ဟူ၍ ဆုံးဖြတ်ထားသော ကိစ္စတစ်ခုကို အကျိုး ရှိရှိ၊ မရှိရှိလုပ်တတ်ပါမည်။ မိမိက အလွန်စိတ်မြန် ကိုယ်မြန်ရှိပါသည်။ ကြာရှည်လုပ်ရသော အလုပ်မျိုး နှင့် မကောင်းပါ။ ပေါ်ပင်အလုပ်မျိုး နှင့် ကောင်းပါသည်။ မိမိ၏ အလွန်ဆိုးဝါးသော အားနည်းချက်တစ်ခုရှိပါသည်။ မိမိမှာ ကြိုး စားသင့်သော အချိန်၌ မကြိုး စားဘဲ အချိန်လွန်ပြီးမှ ကြိုး စားတတ်သော ဝါသနာပင် ဖြစ်ပါသည်။ မိမိက လုပ်စရာ အခွင့်အရေး များ ရသော အခါ မလုပ်တတ်ပါ။ အခွင့်အရေး ကုန်ပြီးမှ လုပ်တတ်သော စိတ်ရှိပါသည်။ ထို့ကြောင့် မိမိ၏ ရသင့်ရထိုက်သော အခွင့်အရေး များ မှာ အလကားနေရင်း ဆုံးရှုံး ရတတ်ပါသည်။

မိမိ၏ ရည်ရွယ်ချက် အထမြောက်ရန်အတွက် မည် မျှတရားသည် ဖြစ်စေ၊ မတရားသည် ဖြစ်စေ လုပ်တတ်မည်။ မိမိက လိုချင်လျှင် ရအောင်ယူတတ်မည်။ မိမိကို အများ က အလွန်အထင်အမြင်ကြီးစေချင်ပါသည်။ အလွန်ဂုဏ်သိမ်၊ အသရေမြင့်စေလိုသော စိတ်ရှိပါသည်။ မိမိက အလွန်သိက္ခာထိန်းတတ်သော စိတ်ရှိသည်။ အများ ရှေ့၌ ပြောသင့်သော စကား၊ မပြောသင့်သော စကားများ ကို အလွန်ရွေး၍ ပြောဆိုတတ်မည်။ မိမိမှာ ကိုယ်လွတ်ရုန်းတတ်သော စိတ်ရှိသည်။ ပြဿ နာ ဖြစ်လာလျှင် မိမိက အမြဲတမ်း တန်ဆာခံထားတတ်သော ဝါသနာရှိပါသည်။

မိမိမှာ လက်ရှိအခြေအနေ အမြဲတမ်း တိုးတက်အောင် ကြံစည်လုပ်ကိုင်တတ်မည်။ ဘဝကို အမြဲတမ်း တိုက်ပွဲဆင်နေတတ်သူ ဖြစ်ပါသည်။ မိမိက တုံးတိုက်တိုက်၊ ရေတိုက်တိုက် လုပ်တတ်မည်။ မှာ းပြီးမှလည်း နောင်တရနေတတ်သော

ဝါသနာရှိတတ်မည်။ မိမိ၏ ပင်ကိုယ်စိတ်သဘောမှာ နူးညံ့သိမ်မွေ့ပြီး လူကြီးလူကောင်း စိတ်ရှိပါသည်။ မိမိမှာ မျိုး ချစ်စိတ်ဓာတ်ရှိတတ်သည်။ တိုင်းပြည် ချစ်တတ်မည်။ လူမျိုး ကို ချစ်တတ်မည်။ အနည်းငယ် အငြင်းအခုန်သန်တတ်မည်။ အနိုင်ယူလိုစိတ်ကြီးတတ်သည်။

စကားပြောကောင်းပြီး တစ်ဖက်သားကျလောက်အောင် ဆွဲဆောင်ပြီး ပြောဆိုနိုင်စွမ်း ရှိပါသည်။ မိမိက ပြောစရာရှိလျှင် သာသာနှင့် နာနာပြောဆိုတတ်မည်။ ကြားရသော တစ်ဖက်သားမှာ အမြဲတမ်း အောင့်သက်သက် ဖြစ်သွားတတ်ပါမည်။ မိမိမှာ ထိုင်နေလျှင် အလွန်ပျင်းနေတတ်မည်။ တစ်ခုခုလုပ်ရမှ ပျော်နေတတ်မည်။ မိမိက ဖြစ်သလိုနေပြီး၊ ဖြစ်လေရာဘဝ၌ ပျော်နေတတ်မည်။ စိတ်ထဲက ပူပင်ကြောင့်ကြ တတ်သော်လည်း နှုတ်ဖျားမှ ပျော်ပါးစွာ နေတတ်မည်။

မိမိ ဒုက္ခမည် မျှရောက်နေပါစေ သူများ မသိစေတတ်ပါ။ မိမိက အိမ်သူအိမ်သားများ ကိုပင် မိမိ၏ ဒုက္ခကို ခွဲဝေမပေးတတ် သူ ဖြစ်ပါသည်။ သို့ကြောင့် မိမိ၏ အိမ်သားများ မှာ မိမိ၏ ဒုက္ခအမှန်ကို မသိကြဘဲ အမြဲတမ်း ဘော်ကြော့်နေတတ်မည်။ ပေါ့ပေါ့နေပေါ့ပေါ့စား လုပ်နေကြတတ်မည်။ မိမိက အလွန်ဒေါသထွက်နေတတ်မည်။ မိမိက အိမ်သူအိမ်သားများ အပေါ် အလွန်လိုက်လျော်၍ အလိုလိုက်တတ်မည်။ နောက်မှ နောင်တရနေတတ်ပါမည်။

မိမိစိတ်က ပိုင်းဖြတ်ပြီးလျှင် နောက်ကို မည် သည့်အခါမှ လှည့်ကြည့်တတ်သော ဝါသနာမရှိတတ်ပါ။ မိမိက သည်းခံစရာ ရှိလျှင် သူများ ထက်သည်းခံတတ်ပြီး၊ လုပ်စရာရှိလျှင် သူများ ထက် ရက်ရက်စက်စက် လုပ်တတ်သူ ဖြစ်သည်။ မိမိကို တစ်စုံ တစ်ယောက် က မတရားလုပ်ထားလျှင် အမြဲတမ်း လက်စားချေရန် စိတ် ဖြစ်နေတတ်မည်။ အလွန်ရန်ညှိုး ကြီးပါသည်။ မိမိက ပြန်မလုပ်ရမချင်း မအိပ်နိုင်၊ မစားနိုင် ဖြစ်နေတတ်ပါမည် ။ မိမိကို အပ်နှင့် ထွင်းလျှင် မိမိက ပေါက်ဆိန်နှင့် ပြန်ထွင်းရမှ ကျေနပ်တတ်ပါသည်။ ထို ကြောင့် မိမိက လွန်နေမည်။ မိမိလုပ်သည်ကို မြင်ပြီး သူများ လုပ်သည်ကို မမြင် ဖြစ်နေတတ်ပါမည်။

အိမ်ထောင်ရေး နှင့် ပတ်သက်၍ သူချစ်ကို မရဘဲ ကိုယ်ချစ်ကို ရှာရတတ်မည်။

အသည်းနှင့်အောင် ချစ်ရသော သူက မိမိကို သစ္စာဖောက်တတ်မ်။ ချစ်သူအပေါ် အလွန်အလိုလိုက် တတ်မည်။ အလွန်ယုံကြည်တတ်မည်။ ချစ်သူပြောသမျှနားဝမှာ ချို ဆိမ့်တတ်သူ ဖြစ်ရာ မိမိမှာ ထို့ကြောင့် ပင် စိတ်ဒုက္ခရောက်ရတတ်သည်၊ စိတ်ဆင်းရဲရတတ်သည်။ အကယ်၍ မိမိမှာ မိန်းမ ဖြစ်လျှင် လည်း ချစ်သူစကား အယုံလွယ်ပြီး လိုက်သွားတတ်၍ ဒုက္ခရောက်ရတတ်သည်။ အထူး သတိထားပါ။

မိမိသဘောကျမယူဘဲ လူကြီးမိဘ သဘောကျယူပါ။ စိတ်ချမ်းသာရတတ်သည်။ မိမိက မိန်းမများ အပေါ် အထူးအရှက်အကြောက် အိန္ဒြေကြီးတတ်မည်။ မစရဲ ဖြစ်နေတတ်မည်။ မိမိက မည် သည့် မိန်းမကိုယူသူ အမြဲတမ်း အထင်သေးနေတတ်ပါမည်။ မကြာခဏ ပါးစပ်က ဖွင့်ပြောနေကြပါမည်။ မိန်းမကြောင့် စိတ်ဆင်းရဲ တတ်ပါမည်။ မိမိသဘောကျမနေ ဖြစ်နေမည်။ မိမိကို တော် လှန်နေတတ်မည်။ ထင်ရာလုပ်နေမည်။ အပြင်ဘန်းက မိမိက မိန်းမကို နိုင်သည်ဟု ထင်ရသော်လည်း လက်တွေ့၌ မိမိကသာ မိန်းမစကား နားထောင်နေရတတ်ပါမည်။ မိမိဘက်က ဆွေမျိုး များ ကပင် မိမိအား မကြာခဏအပြစ်တင် ပြောဆိုကြပါမည်။

မိမိမှာ ကျန်းမာရေး ကောင်းသည်ဟု မဆိုနိုင်သော်လည်း မကောင်းဟူ၍ လည်း မပြောနိုင်ပါ။ မိမိမှာ ကျန်းမာရေး မှန်မှန်ကောင်းပါသည်။ ရောဂါ ကြီးလည်း မရှိပါ။ ရောဂါ ပေးသော်လည်း ဘေးဥပါဒ်အန္တရာယ် မရှိတတ်ပါ။ မိမိမှာ စိတ်ဆင်းရဲလျှင် စိတ်ရှုပ်လျှင် ကျန်းမာရေး ကျဆင်းတတ်မည်။ အခြားမဲ့၌ ရောဂါ မပေးတတ်ပါ။ မကြာခဏ အပရိက ရောဂါ လေးများ ဖြစ်တတ်ပါမည်။

မိမိအသက် (၇) နှစ်၊ (၁၆) နှစ်၊ (၂၅) နှစ်၊ (၃၄) နှစ်၊ (၄၃) နှစ်၊ (၅၂) နှစ်၊ (၆၁) နှစ် များ ၌ ထူးထူးခြားခြား အပြောင်းအလဲများ ရှိပါသည်။ ကောင်းကျိုး နှင့် ဆိုးကျိုးများ ကို ခံစားရပါမည်။ မိမိ၌ ငယ်ဇာတာညံ့ပါသည်။ အိုဇာတာ ပထမတန်းကောင်းပါသည်။ အိုဇာတာတွင် အလှူအတန်းများ ပေးရတတ်မည်။ ထီများ ပေါက်ရတတ်မည်။ အိမ်ပိုင်ယာပိုင်နှင့် နေရသော ကံဇာတာ ဖြစ်ပါသည်။ သားသမီးများ ကို အမွေအနှစ် ပေးပြီးမှ သေရတတ်ပါမည်။

မိမိနှင့် သင့်တော် သော ကျောက်မြက်ရတနာများ မှာ ကျောက်စိမ်းနှင့် ပုလဲများ ဖြစ်ပါသည် ။ နီလာမကောင်းပါ ။ မိမိမှာ နီလာလက်စွပ် ဝတ်လျှင် နေထိုင်မကောင်း ဖြစ်တတ်မည် ။ အမြဲတမ်း ပုလဲဝတ်ဆင် ထားပါ ။ ပုလဲမရက ကျောက်ဖြူကို ဝတ်ဆင်ထားနိုင်ပါသည် ။

မိမိနှင့် သင့်တော် သော အရောင် မှာ အဖြူနှင့် စစ်သမီးရောင် (အစိမ်းပုတ်) များ ဖြစ်ပါသည် ။ မိမိက အကြံအစည်များ ပြုလုပ်သော အခါ၌ လည်းကောင်း ၊ စီးပွားရေး များ ပြုလုပ်သော အခါ၌ လည်းကောင်း ၊ ဆိုးဘုတ်များ တင်သော အခါ၌ အစိမ်းပုတ်ရောင် ခံပြီး အဖြူဖြင့် ရေး ပါ ။ အထူးကောင်းပါမည် ။ ကျန်းမာရေး ချို့တဲ့လျှင် အနီရောင် ကို ခေါင်းအုံးစွပ်လုပ်၍ အုံးပါ ။ အထူးကောင်းပါသည် ။

မိမိမှာ ကံဇာတာညှိုး နွမ်းနေလျှင်လည်းကောင်း ၊ စီးပွားရေး အဆင်မပြေလျှင်လည်းကောင်း ၊ ကျန်းမာရေး မကောင်း ဖြစ်နေလျှင် လည်းကောင်း ဘုရားတွင် ပန်းအပွင့် (၁၀၈) ပွင့် လှူပါ ။ ပန်းရောင် စုံ ဖြစ်သည် ။ မိမိမှာ မကောင်းပြေ၍ ကောင်းကျိုး မင်္ဂလာ ဖြစ်ထွန်းပါလိမ့်မည် ။

## ဒုတိယပိုင်း

## ထောင့်ဖဲအဟောများ ဖြစ်ခြင်းတရားများ နှင့် ပျက်ခြင်းတရားကိုစိုးမိုးနိုင်သူကား ဘုရားမှတစ်ပါး မည် သူမျှမရှိပါ

### ထောင့်ဖဲ (၁)

အကယ်၍ သင်နှိုက်ယူလိုက်သော ဖဲမှာ ထောင့်ဖဲ (၁) ဖြစ်နေပါလျှင် သင့်ဘဝတစ်ခုလုံး ဖြစ်ရပ်အထွေထွေတို့ သည် အောက်ပါအတိုင်း ဖြစ်ပါလိမ့်မည် ။

ဤ ထောင့်ဖဲ (၁) ရရှိသော သူတို့ သည် သဘောထားသေးသိမ်ပြီး ငါမှတစ်ပါး ငါ့ဒူးမှ မယုံကြည်ဟူသော လူစားမျိုး ဖြစ်တတ်ပါသည် ။ မိမိမှာ မည် သူကိုမှ

မယုံကြည်တတ်ပါ။ မည် သူ့ ကိုမှလည်း အားမကိုး တတ်ပါ။ သူများ က မည် သို့ မိုးပျံအောင် တတ်နေသော် လည်း တစ်စက်ကလေးမှ အထင်မကြီးသူလည်း ဖြစ်ပါသည်။ မိမိကိုယ်ကို မိမိအထင်ကြီးပြီး လုပ်ကိုင်စရာများ ကို မိမိကိုယ်တိုင် လုပ်ကိုင်လိုက်ရမှ ကျေနပ်နစ် သိမ့်မည်။ သူများ ကို မယုံကြည်တတ်ဘဲ၊ သူများ ကို မခိုင်းစေတတ်သော ကြောင့် နေရာတကာတွင် မိမိမှာ ပင်ပန်းနေရတတ်မည်။ မိမိကသာလုပ်နေရတတ်မည်။

မိမိက ယုံကြည်ချက် အလွန်ပြင်းပြတတ်သည်။ ကိုယ့်ကိုယ်ကို ယုံကြည်တတ်သည်။ ငါလုပ်လျှင် ဖြစ်ရမည် ဟူသော စိတ်ကြောင့် မ ဖြစ်မနေ လုပ်တတ်သော စိတ် ရှိပါသည်။ ရဲတင်း ဖြတ်လပ်ပြီး အစွမ်းသတ္တိနှင့် ပြည့်စုံပါသည်။ အေးအေးဆေးဆေး နေတတ်မည်။ တည်ငြိမ်ပြီး တစ်ခုတည်းကိုသာ တစ်စူးတစ်စိုက် လုပ်တတ်သော စိတ်ရှိပါသည်။ မိမိမှာ တယူသန်ပါသည်။ မိမိက မှန်သည်ဟု ဆုံးဖြတ်လျှင် ဘုရားသော်မှ ချွတ်၍ မကျွတ်သော စိတ်ရှိသည်။ တိကျပြတ်သားပြီး စည်းကမ်းကြီးသော ကြောင့် တော် ရုံလူများ နှင့် ပေါင်းသင်း၍ မရပါ။ မိမိကလည်း လူတိုင်းနှင့် မပေါင်းသင်တတ်ပါ။ အမှန်မှာ ဘဝင်မြင့်၍ မဟုတ်ပါ။ မိမိက စည်းကမ်းရှိခြင်းသာ ဖြစ်ပါသည်။

မိမိမှာ သစ္စာရှိသည်။ စေတနာပါသည်။ သူများ အလုပ်ကိုပင် ကိုယ့်အလုပ်လို လုပ်တတ်မည်။ စိတ်ဆောင်၍ လုပ်တတ်သော ကြောင့် များ သော အားဖြင့် မိမိလုပ်သမျှတို သည် အောင်မြင်ရတတ်ပါသည်။ မိမိမှာ ပင်ပန်းခံရခြင်း၏ အကျိုး ကို ခံစားရပါမည်။ သို သော် မိမိက အားမနာပါနှင့်၊ မိမိက လူတစ်ဖက်သားကို အလွန်အားနာတတ်ပါသည်။ လိုက်လျောတတ်ပါသည်။ စေတနာကောင်းနေတတ်ပါသည်။ ထို့ ကြောင့် လည်း မိမိရရှိမည့် အခွင့်အရေး များ ကို သူများ အား ပေးပစ်တတ်သော ကြောင့် မိမိမှာ အခွင့်အရေး အမျိုး မျိုး ဆုံးရှုံး ရတတ်ပါသည်။

မိမိမှာ ကိုယ့်ဒူးကိုယ်ချွန်ဇာတာ ဖြစ်ပါသည်။ မိမိဖာသာ အောင်မြင်ရေး၊ တိုးတက်ရေး၊ ကြီးပွားရေး၊ ကျော်ကြားရေး များ အတွက် မိမိဖာသာ ကြိုး စားရပါမည်။ သူများ ကြောင့် အချောင် ဖြစ်မလာတတ်ပါ။ မိမိမှာ အခွင့်အရေး ကြောင့်

အောင်မြင်လာခြင်းမဟုတ်ဘဲ နဖူးမှ ချွေးခြေမကျအောင်လုပ်ပြီး အခါခပ်သိမ်းကြိုးစားအလားထုတ်ပြီး အောင်မြင်လာရခြင်း ဖြစ်ပါသည်။ သို့သော် မိမိကိုမှီး၍ လူပေါင်းများစွာ တို့သည် အောင်မြင်ကြပါမည်။ ကျော်ကြားကြပါမည်။ ထင်ရှားကြပါမည်။ မိမိမှာ မူ သူများ ကိုအားကိုးလျှင် ပိုမို၍ ပင်ကျဆုံး ရတတ်ပါသည်။

မိမိဖာသာ လုပ်သမျှမိမိအကျိုး ကျေးဇူးရှိမည် ဖြစ်သည်။ မိမိမှာ မိဘကိုလည်း အားကိုး၍ မရ၊ ညီအစ်ကိုမောင်နှမဆွေမျိုး ညာတိကိုလည်း အားကိုး၍ မရ။ တပည့်လက်သား၊ သားသမီးများ ကိုလည်း အားကိုး၍ မရ။ မိမိဖာသာကြိုး စား၍ မိမိအောင်မြင်မှုကို ပြုပြင်ဖန်တီးရပါမည်။ မိမိမှာ အောက်သက်ကျေတတ်ပါသည်။ အမျိုး မျိုး သော အနစ်နာခံမှုတို့ ကို ခံပြီးမှ ယနေ့ လက်ရှိဘဝကို ရောက်ရှိလာခြင်း ဖြစ်ပါသည်။

မိမိကိုယ်ပိုင် အလုပ်လုပ်လျှင် မကောင်းပါ။ မကြာခဏ ငွေကြေးအလိမ်ခံနေရမည်။ လက်လှည့်ငွေများ ပါသွားတတ်မည်။ အားနာပြီး လိုက်လျောနေတတ်လွန်းသော ကြောင့် မကြာခဏ စေတနာ့ဝန်ထမ်း ဖြစ်နေရတတ်ပါမည်။ မိမိမှာ ခေါင်းကောင်းသော်လည်း မေ့တတ်သော ဦးနှောက် ဖြစ်ပါသည်။ ထားပြီးမေ့၊ ပေးပြီးမေ့၊ သွားပြီးမေ့နေတတ်ပါမည်။ သို့ကြောင့် အထူးသတိထားပါ။ မိမိ၌ မကြာခဏ အထားမှား၍၊ အပေးမှား၍ ပစ္စည်းဥစ္စာများ ပျောက်တတ်ပါသည်။

မိမိမှာ ငွေနှင့် အနည်းငယ်ဝေးရတတ်ပါသည်။ မိမိက တစ်ကျပ်မှန်းလျှင် ငါးမူးလောက်သာ အကျိုး ရှိနေတတ်ပါမည်။ မကြာခဏ ရမည် ရမည် ဖြစ်ပြီးမှ မရ ဖြစ်နေတတ်သည်။ သူများ ကလည်း ပေးမည် ဟူ၍ ကတိပေးပြီး မရ ဖြစ်နေတတ်မည်။ သူများ ကို ငွေကြေးများ ပေးပြီးလည်း ပြန်မရ ဖြစ်နေတတ်မည်။ နည်းနည်း ပါးပါးငွေများ ကို ရေစက်ချအမှုဝေ၍ အလှူလုပ်နေရမည်။ ပြန်ရလမ်း မရှိတတ်ပါ။ မိမိက အလွန်အကြွေးကြောက်တတ်ပါသည်။ သို့သော် မိမိမှာ အကြွေးနှင့် မကင်းတတ်ပါ။ မိမိက သူများ ထံမှ အလကားမလိုချင်တတ်ပါ။ သူများ ကိုလည်း အလကားမပေးချင်တတ်ပါ။ သူ တန်ရာတန်ဖိုး ပေးလိုစိတ်ရှိပါသည်။

မိမိက တစ်ခါတစ်ရံ နည်းနည်း ပါးပါးနှင့် ကိစ္စပြီးရမည့် အရေး ၌

ကြီးကြီးကျယ်ကျယ် လုပ်နေတတ်မည်။ လွယ်ရမည့် နေရာမှာ ခက်နေပြီး၊ ခက်ရမည့် နေရာမှာ လွယ်နေတတ်ပါသည်။ မိမိက အပ်နှင့် ထွင်းရမည့် နေရာမှာ ပေါက်ဆိန်နှင့် ထွင်းနေတတ်သော ကြောင့် မကုန်သင့်သော အချိန်များ အလကားကုန်နေတတ်မည်။ မိမိက အမြဲတမ်း ကြီးကြီးကျယ်ကျယ် ကြံစည်တတ်မည်။ ကြီးကြီးကျယ်ကျယ် လုပ်ကိုင်တတ်မည်။ လက်ရှိအခြေအနေမှ ပို၍ တိုးတက်အောင် လုပ်ကိုင်တတ်မည်။

မိမိစိတ်မှာ အမြဲတမ်း အောက်ကို မိမိငုံ့ကြည့်ပြီး အထက်ကို အမြဲတမ်း တက်လှမ်းနေသူ ဖြစ်မည်။ ဘဝတူများ ကို ကြင်နာသနားတတ်မည်။ ဘုရားများ ကို ရှိခိုးတတ်မည်။ မိမိက အခွင့်အရေး ကောင်းများ ကို မယူတတ်ပါ။ ရိုးရိုးသားသား သဘောကျတတ်မည်။ အမှန်တရားကို သဘောကျပြီး အမြဲ အမှန်တရားဘက်မှ ရပ်တည်နေတတ်သော စိတ်ရှိပါမည်။

မိမိမှာ စိတ်ထင်လျှင်တစ်မျိုး၊ မထင်လျှင်တစ်မျိုး ဖြစ်မည်။ မိမိသဘောကျလျှင် ခြေထောက်မှဖက်၍ နေတတ်မည်။ မိမိသဘော မကျလျှင် မိုးပေါ်က သိကြားပင် ဖြစ်ပါစေ လုံးဝဂရုမစိုက်တတ်ပါ။ မိမိက ပျော်ရွှင်စွာ နေတတ်မည်။ လွတ်လပ်မှုကို သဘောကျမည်။ အမြဲတမ်းစိတ်ကို ရွှင်ရွှင်လန်းလန်းထား၍ လုပ်ကိုင်တတ်မည်။ စိတ်ညစ်မိလျှင်တော့ မပြေတော့ပါ။ ဒေါသထွက်မိလျှင်လည်း မပြေတော့ပါ။ ခွင့်လွှတ်စရာရှိလျှင် အလွန်ခွင့်လွှတ်တတ်မည်။

မိမိမှာ ပတ်ဝန်းကျင်စကားကို အနည်းငယ်ယုံကြည်တတ်မည်။ နားယောင်တတ်မည်။ မိမိကို မြှောက်ပင့်ပြောဆိုလျှင် သဘောကျတတ်မည်။ ပတ်ဝန်းကျင်ကြောင့် မိမိ၏ အေးချမ်းသော ဘဝ၌ အနှောက်အယှက် ဖြစ်လာရတတ်ပါသည်။ မိမိ၏ သာယာသော ဘဝမှာ ညစ်နွမ်းရတတ်ပါသည်။ အထူးသတိထားပါ။ ဘေးဘယာ ဝေးကွာစေရန် မိမိကိုယ်ကို ပြုပြင်ပါ။

မိမိမှာ ပညာရေး နှင့် ပတ်သက်၍ ကြိုးစားအားထုတ်မှုပေါ်တွင် မူတည်၍ အောင်မြင်တတ်ပါမည်။ မိမိက အပင်ပန်းခံသဘောက် အကျိုး ရှိတတ်ပါသည်။ မိမိက ပညာရေး တွင် ပျင်းပျင်းပေါ့ပေါ့နှင့် သင်ကြားတတ်မည်။ မိမိ၏ အိမ်ကပင်

အထင်သေးကြရတတ်ပါသည် ။ မိမိမှာ ဖတ်စတွင် အလွန်ခေါင်းကောင်းပါသည် ။ ကြာလျှင် အားလုံးမေ့တတ်ပါမည် ။ စာမေးပွဲဖြေပြီးမှ ဒါမဖြေမိလေခြင်း ၊ ဟိုဟာ မဖြေမိလေခြင်း နှင့် နောင်တရတတ်ပါသည် ။ မိမိမှာ အတွက်အချက် မကောင်းပါ ။ ဉာဏ်စမ်းများ ထဲ၌ အခက်အခဲတွေ့ နေရတတ်ပသည် ။ ကျက်စာဖြင့် ကောင်းပါသည် ။ သိပ္ပံဖက်ရလျှင်လည်း ကျောင်းဆရာစာရင်းဖက်တွင် ဖြတ်တတ်ပါမည် ။

မိမိမှာ အိမ်ထောင်ရေး ကောင်းပါသည် ။ မိမိအပေါ် အနစ်နာခံသော မိန်းမနှင့် ရတတ်ပါမည် ။ မိမိက အနိုင်ရတတ်ပါမည် ။ မိမိစကားမြေဝယ်မကျနားထောင်သော မိန်းမနှင့် ရတတ်ပါမည် ။ မိမိ၏ ဆွေမျိုး များ အပေါ် မည် မျှအနစ်နာခံသော် လည်း အကောင်းမထင်တတ်ကြပါ ။ မိမိတို့ မှာ အိမ်ခွဲနေလျှင် အလွန်ကောင်းပါသည် ။ ယူစတွင် မိဘများ သဘောမတူ၍ လည်းကောင်း ၊ မိဘက သဘောမကျ၍ လည်းကောင်း ယူရတတ်မည် ။ ယူပြီးမှ အထူးသာယာတတ်မည် ။ ဘက်ညီသော အိမ်ထောင်ဖက်နှင့် ရတတ်ပါသည် ။ မိန်းမကို အားမလိုအားမရ ဖြစ်တတ်ပါသည် ။ အထင်သေးတတ်ပါမည် ။ မိမိကိုလည်း မကြာခဏ ဟိုယောက်ျား ၊ ဒီယောက်ျား များ နှင့် နှိုင်း၍ ပြောဆိုတတ်မည် ။

မိမိမှာ ကျန်းမာရေး နှင့် ပတ်သက်၍ ရောဂါ ကြီးများ မရှိပါ ။ ရောဂါ ပေးသော လည်း ဘေးအန္တရာယ် မရှိပါ ။ မိမိမှာ ကျန်းမာရေး ကောင်းပါသည် ။ မိမိမှာ အပင်ပန်းမခံလျှင် ၊ စိတ်ဒုက္ခရောက်နေလျှင် ကျန်းမာရေး မကောင်း ဖြစ်နေတတ်မည် ။မိမိ၌ သွေးလေ မညီညွှတ်သော ရောဂါ များ ဖြစ်တတ်ပါသည် ။

မိမိအသက် (၃) နှစ် ၊ (၁၂) နှစ် ၊ (၂၁) နှစ် ၊ (၃၀) နှစ် ၊ (၃၉) နှစ် ၊ (၄၈) နှစ် ၊ (၅၇) နှစ် ၊ (၆၆) နှစ် များ တွင် ထူးထူးခြားခြား အပြောင်းအလဲများ ဖြစ်တတ်ပါသည် ။ အကောင်းအဆိုးများ ခံစားရတတ်ပါသည် ။

မိမိနှင့် သင့်တော် သော ကျောက်မြက်ရတနာများ မှာ စိန်နှင့် ကြောင် ဥသဖယားများ ဖြစ်ပါသည် ။ ကျောက်ဖြူများ လည်း ကောင်းပါသည် ။ မိမိမှာ လက်စွပ် ၊ လက်ကောက် ၊ လည်ဆွဲများ လုပ်လျှင် စိန်ဖြင့် ပြုလုပ်ပါ ။ စိန်မတတ်နိုင်က ကျောက်ဖြူများ နှင့် လုပ်ပါ ။

မိမိနှင့် သင့်တော် သော အရောင် များ မှာ ခိုရောင် နှင့် ခရမ်းရောင် များ ဖြစ်ပါသည် ။ မိမိအတွက် အထူးလာဘ်ကောင်းပါသည် ။ သင့်တော် ပါသည် ။

မိမိမှာ ခရီးသွားလျှင် အရှေ့အရပ်ကို များများ သွားပေးပါ ။ မိမိအတွက် အထူးလာဘကလာဘ ရှင်ပါမည် ။ မိမိကို ကူညီမစမည့် သူများ ပေါ်ပေါက်လာပါမည် ။ မိမိမှာ အရှေ့အရပ်တွင် နေထိုင်သူထံမှ စုပုံစုလိုက် ငွေရတတ်ပါသည် ။

မိမိမှာ စီးပွားရေး ကျဆင်းနေလျှင်လည်းကောင်း ၊ ကျန်းမာရေး မကောင်းလျှင် လည်းကောင်း ၊ အကြွေးအစည်များ ပြုလုပ်လိုလျှင်လည်းကောင်း မိမိ၏ ဝတ်စုံဟောင်းတစ်စုံကို အမှန်တကယ် ဝတ်ဆင်မည့် ဆင်းရဲသော သူ တစ်ယောက် ကို လှူဒါန်းပါ ။ မိမိမှာ မကောင်းပြေ၍ ကောင်းကျိုး မင်္ဂလာ ဖြစ်ထွန်းပါလိမ့်မည် ။

•••

## ထောင့်ဖဲ (၂)

အကယ်၍ သင်နှိုက်ယူလိုက်သော ဖဲမှာ ထောင့်ဖဲ (၂) ဖြစ်နေပါလျှင် သင့်ဘဝတစ်ခုလုံး ဖြစ်ရပ်အထွေထွေတို့ သည် အောက်ပါအတိုင်း ဖြစ်နေပါလိမ့်မည် ။

ဤ ထောင့်ဖဲ (၂) ရရှိသော သူတို့ သည် ရင့်ကျက်တည်ကြည်သော စိတ်ရှိသည် ။ ခံနိုင်ရည်ရှိသည် ။ သည်းခံတရားနှင့် ပြည့်စုံတတ်သည် ။ ဒုက္ခအမျိုး မျိုး ကိုလည်း ခံနိုင်ရည်ရှိသည် ။ မိမိဘဝ၌ အမျိုး မျိုး သော ခံစားမှုတို့ ကို ခံခဲ့ရတတ်သည် ။မိမိပဋိ ရည်ရွယ်ရင်းမှ တစ်ပါး အခြားကိစ္စများ ကို ပြုလုပ်တတ်မည် ။ ဒါလုပ်မည် ဟု ဆုံးဖြတ်ထားပြီး မလုပ် ဖြစ်ဘဲ အခြားကိစ္စများ ပြုလုပ်တတ်မည် ။ အလုပ်ကို ရှိသေတတ်မည် ။ သေချာပြီး တိကျပြတ်သားသည် ။ သူများ ကိုလည်း အားနာမှုမရှိပေ ။

မိမိက ပြောစရာရှိလျှင် ပွင့်လင်းစွာ ပြောတတ်မည် ။ မည် သူ၏ မျက်နှာမှ

မထောက်တတ်ပါ။ အမြဲတမ်း အမှန်ပြောဆိုတတ်သော ကြောင့် မိမိမှာ လူချစ်လူခင် ပေါများ သလို ၊ မုန်းသော သူလည်း များ ရတတ်ပါသည် ။ အမြဲတမ်း အလုပ်နှစ် ခုကို ဒွန်တွဲ လုပ်တတ်မည် ။ အကြံနှစ် မျိုး လုပ်တတ်မည် ။ နေရာနှစ် နေရာ ၊ အလုပ်နှစ် မျိုး ပြု င်လုပ်ရတတ်သည် ။ အမြဲတမ်း စိတ်ဒွိဟ ဖြစ်နေတတ်မည် ။ မကြာခဏ ဒါလုပ်ရနိုးနိုး ၊ ဟိုဟာ လုပ်ရနိုးနိုး ဖြစ်နေတတ်မည် ။ သို့ သော် လုပ်ရမည့် အလုပ်တစ်ခုကို မ ဖြစ်မနေ လုပ်တတ်မည် ။ အပြီးသတ် လုပ်တတ်မည် ။

အပင်ပန်းခံနိုင်ပြီး အလွန်ဖွဲရှိပါသည် ။ အလုပ်နှင့် လက်နှင့် ပြတ်၍ မနေတတ်ပါ ။ အလုပ်မလုပ်ရလျှင် ၊ ထိုင်နေရလျှင် ပျင်းရိလွန်းပြီး ကျန်းမာရေး မကောင်း ဖြစ်နေတတ်မည် ။ မိမိမှာ စီးပွားရေး လုပ်လျှင်လုပ် ၊ မလုပ်လျှင် သူများ အတွက် စေတနာ့ ဝန်ထမ်း လုပ်ပေးနေတတ်မည် ။ ထို့ ကြောင့် မိမိ၏ အိမ်သားများ က မကြာခဏ သူများ ကျွန် ၊ သူများ နွားကြီးဟူ၍ ပြောဆိုကြပါမည် ။ အိမ်သားများ က မိမိတို့ အပေါ်၌ မကောင်းဘဲ သူများ အပေါ်ကောင်းသည်ဟူ၍ အထင်လွဲပြီး ပြောဆိုနေကြပါမည် ။ မိမိကလည်း မှန်သင့်သလောက် မှန်ပါသည် ။ သူများ အပေါ် မျက်နှာချိုသွေးသလောက် အိမ်သူအိမ်သားများ ကို စီး၍ ပြောမည် ။ နိမ်၍ ပြောမည် ။ ဘုပြောနေတတ်မည် ။

မိမိက အမြဲတမ်း လှုပ်လှုပ်ရှားရှားနေတတ်မည် ။ ထိုင်၍ မနေတတ်ပါ ။ အလကားနေရင်း ဟိုသွားချင် ၊ ဒီသွားချင် ဖြစ်နေတတ်မည် ။ အငြိမ်မနေနိုင် ဖြစ်မည် ။ အပြင်ဘမ်းအနေနှင့် စိတ်မြန်ကိုယ်မြန်ရှိသလောက် လက်တွေ့ အလုပ်လုပ်စရာရှိလျှင် အမြဲတမ်း သူများ နောက်က ဖြစ်နေတတ်မည် ။ အမှန်မှာ စဉ်းစားလွန်ပြီး မလုပ်ရဲသော ကြောင့် ဖြစ်ပါသည် ။ အကျိုး မရှိသော် လည်း တစ်ခါတစ်ရံ ဇွတ်လုပ်ချင်တတ်မည် ။ စမ်းကြည့်ချင်တတ်မည် ။ အများ က အထင်သေးသော အလုပ်များ ၊ အများ က မလုပ်သော အလုပ်များ ကို လုပ်တတ်မည် ။ မိမိ၌ အကျိုး ရှိတတ်သလို တစ်ခါတစ်ရံ အကြီးအကျယ်ဆုံးရှုံး တတ်မည် ။ သို့ သော် မိမိက နောင်တရသော် လည်း ခဏသာ ဖြစ်မည် ။ ပြန်၍ ပြန်၍ လုပ်နေတတ်မည် ။ ခွေးမြီးကောက်ကျည်တောက်စွပ်သဘောသာ ဖြစ်ပါမည် ။ မိမိက လုပ်လျှင် ဖြစ်ပြီး အကျိုး ရှိအောင် လုပ်တတ်မည် ။ မလုပ်လျှင်သာ ထိုင်နေရတတ်မည် ။

အများ ကြောင့် လည်း အကျိုး မဲ့ရာ ရောက်တတ်သည် ။

စိတ်ကူးစိတ်သန်းကောင်းတတ်သည် ။ တီထွင်စိတ်ရှိပြီး တိုးတက်သော အယူအဆများ ရှိပါသည် ။ လျင်မြန်ဖျတ်လတ်ပြီး ကွက်ကျော်မြင်တတ်ပါသည် ။ မိမိမှာ စိတ်ပျော်ရွှင်မှ အောင်မြင်တတ်ပါမည် ။ တစ်ခါတစ်ရံ အလကားနေရင်း စိတ်အားငယ် နေတတ်မည် ။ စိတ်မပျော် ဖြစ်နေတတ်မည် ။ အားကိုးရာနေတတ်မည် ။ မိမိ၏ အတွင်း ရေး များ ကို သူများ အား ပြောဆိုတတ် ၏ ။ကိုယ်ရေး ကိုယ်တာ ကိစ္စများ ကို သူများ အားပြောဆိုပြီး အကူအညီတောင်တတ်မည် ။

မိမိက တစ်ခုခု စိတ်မကောင်း ဖြစ်နေလျှင် ၊ စိတ်ညစ်နေလျှင် ပြဿ နာ ဖြစ်နေလျှင် အားကိုးရာတတ်ပါမည် ။ မိမိမှာ အပေါင်းအသင်း များ တတ်မည် ။ မိတ်ဆွေပေါများ တတ်ပါမည် ။ မိမိအတွက် ကောင်းသော သူပေါင်းများ စွာ ရှိတတ်သလို မိမိအား ဒုက္ခပေးသွားသူပေါင်းလည်း များ တတ်ပါသည် ။ သို့ သော် များ စွာ သော မိတ်ဆွေ များ ကို မိမိ အားကိုးရာ ဖြစ်ပါမည် ။

မိမိမှာ လခစားကိုလုပ်လုပ် ၊ ကိုယ်ပိုင်အလုပ်ကို လုပ်လုပ် မည် သည့်အခါမှ အောက်ကျနောက်ကျ မ ဖြစ်ရတတ်ပါ ။ မျက်နှာ မငယ်ရတတ်ပါ ။ မိမိမှာ အမြဲတမ်း တန်းတူ ဖြစ်ရတတ်မည် ။ မိမိမှာ အရည်အချင်းနှင့် ပြည့်စုံသူ ဖြစ်သည် ။ မိမိကို အများ တို့ က ယုံကြည်အားကိုးတတ်မည် ။ လေးစားတတ်ကြပါမည် ။မိမိကလည်း အမြဲတမ်း စေတနာထားတတ်ပါမည် ။ မိမိက အနည်းငယ် တယူသန်တတ်ပါသည် ။ ကိုယ်မှန်သည်ဟူ၍ ဆုံးဖြတ်ထားလျှင် မည် သူက မည် သို့ ဖြောင်းဖြသော် လည်း မရပါ ။ အငြင်းအခုံ ဝါသနာ ပါမည် ။ မိမိမှာ အမြဲတမ်း ပြိုင်ဆိုင်လိုစိတ်ရှိပါသည် ။

မိမိထက်သာသော သူကို အမြဲတမ်း ပြိုင်လိုစိတ်ရှိပါသည် ။ မိမိမှာ မာနကြီးပါသည် ။ စည်းကမ်းရှိသည် ။ မိမိက တစ်ခုခုကို သင်ယလျှင် လွယ်လင့်တကူ တတ်မြောက်တတ်မည် ။ ပညာအမျိုး မျိုး ကို စိတ်ပါတတ်မည် ။ မိမိက အားလုံးတတ်မည် ။ သို့ သော် ပြည့်စုံစွာ ဆရာ ဖြစ်မဟုတ်ဘဲ ဟိုတစ်ဝက် ဒီတစ်ဝက် ဖြစ်မည် ။ ဟိုစပ်စပ်ဒီစပ်စပ် ဖြစ်မည် ။ တတ်တော့ တတ်ပါမည် ။ မိမိထက် ပညာတတ်သူ ၊ ဂုဏ်ရှိသူ ၊ မိမိဆွေမျိုး ထဲမှ

ထူးချွန်သူများ ကို အမြဲအားကျတတ်ပြီး သူတို့ လို ဖြစ်အောင် ကြိုး စားတတ်မည်။

ဂုဏ်ပကာသနကို မြတ်နိုးတတ်မည်။ အရာရာကို စိတ်ပါဝင်စားတတ်မည်။ လေ့လာလိုက်စားတတ်မည်။ မိမိက ပညာမာနရှိပါသည်။ မည်သူ့ ကိုမှလည်း အထင်မကြီးတတ်ပါ။ မိမိကသာ မတတ်တတ်အောင် ကြိုး စားတတ်ပါမည်။ မိမိက စွဲလမ်းကြီးသည်။ တစ်ခုခုကို စွဲလမ်းမိလျှင် မမေ့တတ် ဖြစ်နေမည်။ အလွန်အကျူး ဖြစ်နေတတ်မည်။ မိမိက လိုချင်လျှင်လည်း မရ , ရအောင်လုပ်တတ်မည်။ မိမိက လိုချင်ဆန္ဒ ဖြစ်လျှင် တရားသည် ဖြစ်စေ၊ မတရားသည် ဖြစ်စေ အရယူတတ်မည်။ အချစ်ရေး တွင်လည်း တစ်ယောက် ဆို တစ်ယောက် ရှေ့ရင်နစ်အောင် ချစ်တတ်မည်။

မိမိမှာ ခရီးယာယီသွား၍ စီးပွားမရှာရ။ ရှာလျှင် အကျိုး မရှိပါ။ ခရီးသွားလာပြီး အရောင် းအဝယ်လုပ်လျှင် မိမိထင်သလောက် အကျိုး မရှိပါ။ အစိုးရ၏ ဥပဒေနှင့် ကင်းသော အလုပ်များ ကိုမလုပ်ရ။ ဆယ်ခါက်လုပ်လျှင် ခုနစ်ခါက်မှာ အဖမ်းခံရတတ်သည်။ အကျိုးမရှိပါ။ မိမိမှာ တရားသော အလုပ်ဖြင့် အကျိုး ပေးပါမည်။ ငွေနှင့် နီးပါသည်။ ငွေရလွယ်ပါမည်။ မိမိမှာ ချမ်းသာရသော ကံဇာတာ ဖြစ်ပါသည်။ မိမိမှာ ငွေစုနိုင်ပါမည်။ စည်းနှင့် ကမ်းနှင့် စုတတ်ပါသည်။ တစ်ခါတစ်ရံလည်း ငွေကိုအကြောင်းကြီးငယ်မရှိဘဲ ဖြုန်းတတ်မည်။ ငွေအသုံးလည်း မကြီးတတ်ပါ။

မိမိမှာ ပညာရေး ထက် စီးပွားရေး ပိုမိုကောင်းပါသည်။ ပညာရေး တစ်ပိုင်းတစ်စ ဖြစ်နေတတ်မည်။ မိမိက ပညာကို စိတ်မဝင်စား ဖြစ်နေတတ်မည်။ ပညာထက်အလုပ်ကို စိတ်ပါနေတတ်မည်။ ပညသင်ရင်းနှင့် အလုပ်လုပ်တတ်မည်။ မိမိက စီးပွားရေး အထူးဝါသနာ ပါတတ်မည်။ သို့သော် စီးပွားရေး လုပ်ရင်းနှင့် ပညာသင်လိုစိတ် ဖြစ်လာပြီး ပညာသင်တတ်ပါမည်။

မိမိမှာ အိမ်ထောင်ရေး မှာ ကောင်းပါသည်။ တစ်ပွင့်တည်းပန်မယ်ဟူသော အချစ်မျိုး ဖြစ်ပါသည်။ ချစ်သူအပေါ်၊ အိမ်ထောင်ဖက်အပေါ် အထူးအသဲစွဲ ချစ်တတ်မည်။ ထူးထူးခြားခြား ချစ်တတ်ပါမည်။ မိမိ၏ အချစ်မှာ တစ်ဖက်သတ်အချစ်မျိုး ဖြစ်ပါသည်။ မိန်းမ အပေါ် အမြဲတမ်း မသင်္ကာ ဖြစ်တတ်မည်။ အခြား ယောက်ျားများ နှင့် စကားပြောလျှင်လည်း

သဘောမကျ၊ ရယ်ရယ်မောမော နေလျှင်လည်း သဘောမကျ၊ ရောနှောနေလျှင်လည်း သဘောမကျဖြစ်ပြီး မကြာခဏ စွပ်စွဲပြောဆိုတတ်မည်။ မိမိမှာ သဝန်တိုတတ်မည်။ ယုံမှား ထင်မှား နှင့် မကြာခဏ စကားများ နေတတ်ပါမည်။ မိန်းမက တည်ကြည်ပါသည်။ သို့သော အိမ်ထောင်မရှိတတ်ပါ။ စိတ်ကလည်း ဖောက်ပြန်တတ်ခြင်းမဟုတ်ပါ။ မိမိတို့မှာ မကြာခဏ တကျက်ကျက် ဖြစ်နေမည်။ ခဏသာ ဖြစ်ပြီး ပြန်တည့် သွားပါမည်။ တစ်ယောက် ယောက်က အလျှော့ပေးလိုက် လျှင် ပြန်တည့် သွားပါမည်။

မိမိမှာ ကျန်းမာရေး ကောင်းပါသည်။ ရောဂါ ကြီးမရှိပါ။ ရောဂါ ပေးသော လည်း ဘေးဥပါဒ်အန္တရာယ်မရှိပါ။ မိမိက အလုပ်မလုပ်လျှင်၊ ထိုင်နေရလျှင်၊ အပျင်းကြီးနေရလျှင် ကျန်းမာရေး မကောင်း ဖြစ်နေမည်။ မိမိမှာ လေ ရောဂါ ဖြစ်တတ်သည်။ အစာမကြေ ဖြစ်မည်။ လေနာ၊ ရင်နာ၊ ဘိုက်နာ ဖြစ်မည်။ ခေါင်းကိုက်၊ ခေါင်းမူး၊ ဇက်လေး ဖြစ်မည်။ ရောဂါ ကြီးမရှိပါ။ အသက်ကြီးသော အခါ နှလုံးသွေးအားနည်းတတ်ပါသည်။ အသက်ဘေးမရှိပါ။ သေသော အခါ နှလုံး ရောဂါ ဖြင့် သေမည်။

မိမိဘဝတွင် အသက် (၅) နှစ်၊ (၁၄) နှစ်၊ (၂၃) နှစ်၊ (၃၂) နှစ်၊ (၄၁) နှစ်၊ (၅၀) နှစ်၊ (၆၉) နှစ် များ တွင် ထူးထူးခြားခြား အပြောင်းအလဲ များ ဖြစ်တတ်ပါသည်။ အကောင်းအဆိုးများ ကို ခံစားရပါမည်။ ထိုနှစ် များ ၌ အထူးသတိဝီရိယဖြင့် လုပ်ကိုင်ပါ။ ဂရုစိုက်ပါ။

မိမိနှင့် သင့်တော် သော ကျောက်မြက်ရတနာများ မှာ ရွှေနှင့် ပတ္တမြား ဖြစ်ပါသည်။ မိမိမှာ သမဏီလက်စွပ်များ ကို မဝတ်ပါနှင့်။ လက်ထဲ၌ သံမဏိ (စတီးလ်) လက်စွပ်များ ကို ဝတ်ဆင်လျှင် မိမိ ကျန်းမာရေး မကောင်း ဖြစ်ပါမည်။ ပတ္တမြားမှာ မိမိအတွက် အကောင်းဆုံး လာဘ်လာဘ ရွှင်စေသော ကျောက် ဖြစ်ပါသည်။ အကယ်၍ ပတ္တမြား မတတ်နိုင်လျှင် ကျောက်နီကို ဆောင်ထားပါ။

မိမိနှင့် သင့်တော် သော အရောင် များ မှာ စပ်ရောင် များ ဖြစ်ပါသည်။ အစိမ်း၊ လိမ်မော်၊ ခရမ်းစသဖြင့် ဖြစ်ပါသည်။ အနီရောင် နှင့် လုံးဝမကောင်းပါ။ အနက်ရောင်

လည်း မကောင်းပါ။ အကောင်းဆုံးမှာ လိမ္မော်ရောင် ဖြစ်၏။

မိမိမှာ အကြံအစည်များ ပြုလုပ်သော အခါ၊ စီးပွားရေး ကျဆင်းနေသော အခါ၊ အလုပ်အကိုင်အဆင်မပြေသော အခါ ငှက်ပျောသီး လတ်လတ်ဆတ်ဆတ် ကိုးဖီးကို ဘုရားလှူပါ။ အဓိဋ္ဌာန်ပုတီးစိပ်ပါ။ မိမိမှာ မကောင်းပြေ၍ ကောင်းကျိုး မင်္ဂလာ ဖြစ်ထွန်းပါလိမ့်မည်။

•••

## ထောင့်ဖဲ (၃)

အကယ်၍ သင်နှိုက်ယူလိုက်သော ဖဲမှာ ထောင့်ဖဲ (၃) ဖြစ်နေပါလျှင် သင့်ဘဝတစ်ခုလုံး ဖြစ်ရပ်အထွေထွေတို့ သည် အောက်ပါအတိုင်း ဖြစ်ပါလိမ့်မည်။

ဤ ထောင့်ဖဲ (၃) ရသူတို့ သည် ပျော့ညံ့ညံ့နှင့် ကြောက်စရာကောင်းသော သူ ဖြစ်ပါသည်။ မိမိတို့ မှာ ထစ်ကနဲဆိုလျှင် အလွန်ဒေါသထွက်လွယ်သည်။ ဟင်းဆိုလျှင် မည်သူကမှ ချော့၍ မရတော့ပါ။ သဘောကောင်းလျှင် အလွန်ကောင်းပြီး၊ ရက်စက်လျှင် သူများ ထက်ပို၍ ရက်စက်သူ ဖြစ်သည်။ မိမိကို မသိသူများ က အလွန်အထင်သေးစရာ ကောင်းပါသည်။ မိမိက အမြဲတမ်း အေးတိအေးစက် နေတတ်မည်။ ဖာသိဖာသာ နေတတ်မည်။ အမြဲတမ်း ရိုးရိုးသားသားနှင့် ပွင့်ပွင့်လင်းလင်း ပြောဆိုဆက်ဆံတတ်ပါမည်။

မိမိမှာ အရည်အသွေးရှိသော် လည်း အလွန်လျှို့ဝှက်စွာ နေတတ်မည်။ အများ က အထင်သေးလေ၊ ဂရုမစိုက်လေ သဘောကျလေ ဖြစ်တတ်မည်။ မိမိက မည်သည့်အလုပ်ကိုလုပ်လုပ် သူများ ကို အားမကိုးဘဲ မိမိကိုယ်တိုင် ဝင်၍ ကြံတတ်မည်။ ကိုယ်တိုင်လုပ်မည်။ မည့် သည့်အလုပ်ကိုလုပ်လုပ် တကိုယ်တော် လုပ်တတ်မည်။ သူများ ကို အားကိုးလျှင်လည်း အောင်မြင်သင့်သလောက် မအောင်မြင်ဘဲ ဖြစ်နေတတ်မည်။ မိမိက သူများ လို မည် မှုတော် တော် အထင်မကြီးတတ်ပါ။ သူများ ကိုလည်း စီး၍ ပြောခြင်း၊ နှိမ်၍

ပြောခြင်း မရှိပါ။ သူများ ကိုလည်း အထင်မသေးပါ။ အလွန်ကင်းကင်းရှင်းရှင်း နေတတ်ပါမည်။

မိမိက ပျော်ရွှင်မိလျှင်လည်း ဟက်ဟက်ပက်ပက် ပျော်ပစ်တတ်သလို၊ ဝမ်းနည်းမိလျှင်လည်း ဖြေမဆည်အောင် ဝမ်းနည်းတတ်မည်။ မိမိက ဟိုဟိုသည်သည် မလည်တတ်ပါ။ အမြဲတမ်း ခေါင်းက အလုပ်လုပ်နေမည်။ စိတ်ကူးကောင်းသည်။ အမြဲတမ်း စိတ်ကူးနေတတ်မည်။ မိမိအတွက်အကျိုး မရှိလျှင်လည်း အလုပ်မလုပ်တတ်သလို၊ လူများ ကိုလည်း အကျိုး မဲ့အောင် မလုပ်တတ်ပါ။ သူများ ကို အနှောက်အယှက်မပေးတတ်သလို၊ မိမိဝင်၍ ဩဇာပေးလျှင်၊ ဆရာလုပ်လျှင်၊ အနှောက်အယှက်ပေးလျှင် အလွန်စိတ်ဆိုးတတ်မည်။ မိမိက စိတ်ဆိုးမိလျှင် သားစဉ်မြေးဆက်မုန်းနေတတ်မည်။ အလွန်အညှိုး ကြီးပါသည်။

မိမိက ပြတ်သားစွာ ကင်းရှင်းစွာ နေသော် လည်း အမြဲတမ်း ဟိုလူကလာ၍ အကူအညီတောင်၊ သည်လူကလာ၍ အကူအညီ တောင်း ဖြစ်နေတတ်မည်။ မိမိက ပွင့်လင်းစွာ ပြောင်ပြောတတ်သော ကြောင့် အများ က မိမိမှာ ဘဝင်မြင့်သည်၊ စိတ်ကြီးသည်၊ ကြီးကျယ်သည်၊ လူပါးဝသည်ဟူ၍ ထင်ကြတတ်ပါမည်။ မိမိ၏ ကံဇာတာမှာ အများ က အထင်ကြီးပြီး သောက်မြင်ကပ်ခံရသော ကံဇာတာ ဖြစ်ပါသည်။

မိမိစိတ်ထဲတွင် မည် မျှသံသယ ဖြစ်သော် လည်း ပါးစပ်က မပြောတတ်ပါ။ မိမိမှာ ယုံကြည်လျှင်လည်း အလွန်ယုံကြည်တတ်သည်။ အားကိုးမိလျှင်လည်း အလွန်အားကိုးတတ်မည်။ မိမိအပေါ် နည်းနည်း မကောင်းလျှင်လည်း နောက်တစ်ခါ မျက်နှာကြည့်၍ မရတော့ပါ။ မိမိက အလွန်စိတ်ထက်မြက်ပါသည်။ အလွန်တိကျပါသည်။ မိမိက တိတိကျကျ သဘောကျသည်။ အမှန်တရားဘက် က ရပ်တည်နေတတ်သော စိတ်ရှိပါသည်။

မိမိက အလုပ်တစ်ခုကို အသေးစိတ်လေ့လာပြီးမှ လုပ်ကိုင်တတ်မည်။ သေချာမှ၊ ပိရိမှ၊ တိကျမှ လုပ်ကိုင်တတ်မည်။ လုပ်မည့် အလုပ်ကိုလည်း မိမိ၏ အကျိုး ကျေးဇူးကို မရည်စူးဘဲ စေတနာကို အဓိကထား၍ လုပ်ကိုင်တတ်မည်။ မိမိက မည် သည့်အလုပ်ကိုမဆို

ခပ်သွက်သွက် လုပ်ကိုင်တတ်မည်။ မည် သည့်အလုပ်ကိုမဆို တိကျသေချာမှ သဘောကျတတ်မည်။ မိမိကိုယ်၌ ပုံအပ်သော အလုပ်များ အတွက် မိမိမှာ အမြဲတမ်း စိတ်ထဲမှ ပူပန်သော က ရောက်နေတတ်မည်။ မိမိက အလုပ်တစ်ခု မအောင်မြင်မခြင်း ကြောက်နေတတ်မည်။ အောင်မြင်ပြီးမှ စိတ်အေးသွားတတ်မည်။

မိမိက အမြဲတမ်း ရည်ရွယ်ချက်ကြီးကြီးထား၍ အလုပ်ကိုကြီးကျယ်စွာ လုပ်ကိုင်တတ်မည်။ မိမိက မည် သည့်အလုပ်ကိုမဆို စိတ်ပါဝင်စားတတ်မည်။ အလုပ်ဇံ ရွေးနေတတ်သူလည်း မဟုတ်ပါ။ မိမိမှာ အနုပညာဆန်နေတတ်ပါမည်။ အမြဲတမ်း စီးပွားရေး လုပ်မည်။ မိမိက စိတ်ကူးယဉ်လောကတွင် လှည့်ပတ်နေသူလည်း မဟုတ်ပါ။ အမြဲတမ်း လက်တွေ့ ဆန်ဆန်လုပ်ကိုင်တတ်မည်။ အပြင်ဘမ်းတွင် ရိုးအသည် ထင်ရသော လည်း လက်တွေ့ ၌ ဂျင်ပေါ်က ထုံး ဖြစ်ပါသည်။ အခွင့်အရေး ကို ကောင်းစွာ ယူတတ်ပါမည် ။ ထိုရရှိလာမည့် အခွင့်အရေး များ ကို မိမိကသူများ အား အားနာပါးနာနှင့် ပေးတတ်ပါမည်။

မိမိက ပွင့်နေသော တံခါးမှ ဝင်တတ်သော် လည်း ပြန်မပိတ် တတ်သူ ဖြစ်သည် ။ မိမိက အမြဲတမ်း လျှို့ဝှက်တတ်သော် လည်း အလွန်ဝမ်းနည်းသော အခါ၌ လည်းကောင်း၊ အလွန်ဝမ်းသာသော အခါ၌ လည်းကောင်း မိမိအကြောင်းများ ကို ဖွင့်ဟပြောဆိုတတ်ပါမည် ။ မိမိမှာ ခင်မင်စရာကောင်းသော သူ ဖြစ်ပါသည်။ မိတ်ဆွေသင်္ဂဟ များများ မထားတတ်ပါ။ လူတိုင်းနှင့် မပေါင်းတတ်ပါ။ မိမိပေါင်း သင်းသော မိတ်ဆွေများ မှာ မိမိအတွက်လည်း အလွန်ကောင်းတတ်ပါမည်။ မိမိကလည်း အသက်သေသည်အထိ သစ္စာရှိတတ်ပါမည်။ မိမိက ခင်မင်မိလျှင် အသည်းကိုယူ မီးပူနှင့် ကင်ကင်၊ အသားကိုများ စားချင်ကစား၊ အသက်ကိုပင် ယူချင်ကယူဟူသော လူစားမျိုး ဖြစ်ပါသည်။

မိမိမှာ ငယ်ဇာတာ အနည်းငယ်ညံ့ပါသည်။ ငယ်ဇာတာတွင် အထူးပင်ပန်းခဲ့ရတတ်ပါသည်။ အထူးကြိုး စားခဲ့ရတတ်သည်။ မိမိက အောက်သက်ကြေပါသည်။ မိမိက ငယ်ဇာတာညံ့သလောက် အိုဇာတာ အထူးကောင်းပါသည်။ အိမ်ပိုင်ယာပိုင်နှင့် နေရတတ်သည်။ အလှူအတန်းများ ပေးရတတ်မည်။ အိုဇာတာပထမတန်း ကောင်းပါသည်။ ထိုက်သော သားသမီးများ ကို

အမွေအနှစ် ပေးပြီးမှ သေရပါမည်။ အထူးစည်းစိမ်ဥစ္စာများ နှင့် ပြည့်စုံစွာ နေရပါမည်။

မိမိမှာ ရန်သူပေါများ တတ်ပါသည်။ အလုပ်အကိုင်တိုင်း၌ ရန်သူရှိတတ်ပါ၏။ ထိုရန်သူများ ကို မိမိက အနိုင်ရပါမည်။ ပထမပိုင်း၌ မိမိမှာ ရှုံး သလို ဖြစ်တတ်ပါမည်။ နောက်ဆုံး မိမိကသာ အနိုင်ရပါမည်။ မိမိ၏ အနီးကပ်ရန်သူမှာ အခြားမဟုတ်ပါ။ မိမိစိတ်ပင် ဖြစ်ပါသည်။ မိမိမှာ စိတ်ဓာတ်ကျလျှင် ဘဝတစ်ခုလုံးကျ တတ်ပါမည်။ မိမိမှာ အောင်မြင်သော ကံဇာတာပါသော ကြောင့် နောက်ဆုံး မိမိကသာ မှန်သည်၊ ဟုတ်သည်ဟူ၍ အနိုင်ရတတ်ပါမည်။ မိမိမှာ ဆွေမျိုး ညာတိများ ၏ ရန်ရှိပါ၏။

မိမိမှာ ငွေရေး ကြေးရေး အတွက်၊ အမွေအနှစ် များ အတွက် အနည်းငယ်စကားပြောရတတ်ပါသည်။ ပြဿ နာများ ဖြေရှင်းရတတ်ပါသည်။ အရှုပ်အရှင်းများ ရှိပါသည်။ မိမိကလည်း ငွေရေး ကြေးရေး ဆိုလျှင် အလွန်ကြောက်တတ်ပါသည်။ မိမိကသာ အလျှော့ပေး တတ်ပါမည်။ မိမိမှာ ငွေနှင့် နီးပါသည်။ ငွေရလွယ်တတ်ပါသည်။ ငွေကုန်လည်း လွယ်တတ်ပါသည်။ စိတ်ထဲက ငွေစုလိုသော်လည်း လက်တွေ့၌ ငွေမစု ဖြစ်တတ်ပါ။ မိမိမှာ မကြာခဏ စာရင်းထဲ ငွေရှိပြီး လက်ထဲဘိုင်ကျနေတတ်ပါမည်။

မိမိမှာ အိမ်ထောင်ရေး နှင့် ပတ်သက်၍ သူများ ကို အားမကိုးဘဲ နှစ် ယောက်သား တဲအိုပျက်မှာ နေရနေရ၊ ရွှေဘုံပေါ်မှာ စံရစံရ နှစ် ယောက် ထဲနေလျှင် အလွန်ကောင်းပါသည်။ မိမိဖက်က ဆွေမျိုး သားချင်းများ ဝင်လာလျှင်၊ မိန်းမဖက်က သားချင်းများ ဝင်လာလျှင် သာယာနေသော မိမိတို့ မိသားစုမှာ အလိုလို ငရဲခန်းသို ရောက်သွားကြပါမည်။ စိတ်နွမ်းကိုယ်ကြေ၊ စိတ်လေပင်ပန်း မလန်းဆန်း ဖြစ်နေရပါမည်။ သူများ ဝင်လာလျှင် မကောင်းတတ်ပါ။ မိမိဖက်က မိန်းမကို အကောင်းမထင်တတ်သလို၊ မိန်းမဖက်ကလည်း မိမိကို မကောင်း ပြောနေကြပါမည်။ မိမိတို့ မှာ စိတ်ပျက်ရုံ၊ စိတ်ညစ်ရုံ စိတ်မကောင်းရုံအပ အခြားမရှိတတ်ပါ။ မိမိတို့ ဖာသာနေလျှင် ထမင်းရေသောက်ရသော လည်း ပျော်မည်။ ကြက်ပေါင်ကိုက်ရသော်လည်း ရွှင်မည် ဖြစ်သည်။ အကယ်၍ ဆွေမျိုးများ နှင့် နေလျှင် ရွှေငွေ ကျောက်သံ ပတ္တမြား ပုံပေါ်တွင် နေရနေရ၊ စိန်ခြယ်မွှန်းပြီး ရွှေလင်ပန်းဖြင့် စားရသော်လည်း စိတ်ညစ်နေရပါမည်။

မိမိမှာ ကျန်းမာရေး ကောင်းပါသည် ။ လူပင်ပန်းခံနိုင်ပါသည် ။ စိတ်ပင်ပန်းလျှင် ကျန်းမာရေး ချို့တဲ့ပါမည် ။ စိတ်မကောင်း လျှင် လူပါနေမကောင်း ဖြစ်ပါမည် ။မိမိ၏ ကံမှာ စိတ်သာအဓိက ဖြစ်ပါသည် ။ သို့သော် မိမိ၌ အပရိက ရောဂါ ကလေးများ ဖြစ်တတ်ပါသည် ။ ရောဂါ ပေးသော်လည်း ဘေးဥပါဒ် မရှိတတ်ပါ ။ မိမိ၌ မကြာခဏ လေနာ ၊ ရင်နာ ၊ ဗိုက်နာ ဖြစ်တတ်မည် ။ လေ ရောဂါ ဒုက္ခပေးမည် ။ အစာအိမ် ရောဂါ ဖြစ်တတ်ပါမည် ။ အကြောအဆစ်အမြစ် ကိုက်တတ်ပါသည် ။

မိမိဘဝတွင် အသက် (၄) နှစ် ၊ (၁၃)နှစ် ၊ (၂၂) နှစ် ၊ (၃၁) နှစ် ၊ (၄၁) နှစ် ၊ (၄၉) နှစ် ၊ (၅၈) နှစ် ၊ (၆၇) နှစ် များ တွင် ထူးထူးခြားခြား အပြောင်းအလဲများ ဖြစ်တတ်ပါသည် ။ အကောင်းအဆိုးများ ဖြစ်လာပါလိမ့်မည် ။ ထိုနှစ် ပိုင်းများ ၌ အထူးသတိပြု၍ ဂရုစိုက်လုပ်ကိုင်ပါ ။ ကောင်းလျှင်အရမ်းကောင်းမည် ။ ဆိုးလျှင် အရမ်းဆိုးမည် ။ သတိပြုပါ ။

မိမိမှာ စီးပွားရေး ကျဆင်းနေလျှင် ၊ ကျန်းမာရေး မကောင်း ဖြစ်နေလျှင် စပယ်ပန်းအပွင့် (၁၀၈) ပွင့်လှူပါ ။ မကောင်းပြေ၍ ကောင်းကျိုး မင်္ဂလာ ဖြစ်ထွန်းပါလိမ့်မည် ။

•••